www.burmeseclassic.com

အောင်မြင်စာပေ

လုံးချင်းဝတ္ထုသစ်

# သုသာန်မြေမှ နိုးထလာသော ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com





၈၉၅.၈၃

ပညာဒီပ

/ပညာဒီပ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၀၉။

၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ပညာဒီပ

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၆၈၀၆၀၉။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၄၂၀၆၀၉

ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။

ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ (စက်တင်ဘာလ)၊

BURMESE CLASSIC .com

# စာရေးသူ၏အမှာစာ

ဖြစ်ရပ်မှန် ပရဆန်းကြယ် ဝတ္ထုများကို ရေးသားခဲ့သည်မှာ (၁၀)အုပ်ကျော်လာခဲ့ပေပြီ။ မှာဖတ်ပရိသတ်များမှ နှစ်သက်သဘောကျကြောင်း သိရသဖြင့် ကြိုးစားစီစဉ်ရကျိုးနပ်ပါသည်။

ရေးသားခဲ့ပြီးသော ဇာတ်လမ်းတိုင်းမှာ "ဖြစ်ရပ်မှန်" တစ်ခု ကို အကြောင်းပြုပြီး ဇာတ်လမ်းဖွဲ့ခြင်းဖြစ်ပါသည်။

ယခုဇာတ်လမ်းမှာ ရှေးအခါက ခနောင်တိုရွာင်း အတွင်းရှိ ဆန်စက်တစ်လုံး၌ ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှန်တစ်ခုကို အခြေပြု၍ ဇာတ်လမ်းဖွဲ့ထားခြင်း ဖြစ်ပါသည်။

မူရင်းဇာတ်ကို အားဖြည့်မှီငြမ်းသော အခြားဇာတ်လမ်း တစ်ခုလည်း ရှိပေသည်။

၎င်းမှာ "The Monkey Paw by W.W. Jacobs" ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com

မူရင်းဇာတ်လမ်းကို

ဆရာကြီး ရွှေဥဒေါင်းမှ "ထန်းသီးကြွေ ခိုက်လော" အမည်ဖြင့် ဝတ္ထုတို ရေးသားခဲ့ဖူးပါသည်။

ကျွန်တော်က ဇာတ်လမ်းဆင်ပုံအချို့ကို အတုယူကာ ရေး သားခဲ့သည်မှအပ မူရင်းဇာတ်လမ်းမှာ ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။

ပရလောက ဖြစ်ရပ်မှန် ဇာတ်လမ်းများကို သဘော ကျသူတို့ နှစ်မြိုက်စေမည့် ဇာတ်လမ်းမျိုးဖြစ်ကြောင်း တင်ပြရင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါ သည်။

(ပညာဒီပ)

# ဒေသနလက်ဆောင်

လောကဓမ္မတာအရ ပျော်ရွှင်ဖွယ်နောက်တွင် ငြီးငွေ့ဖွယ်ရှိသည်

အရာရာတိုင်းတွင် မြတ်နိုးဖွယ် ရသရှိသည်။

နောက်ကွယ်တွင် ငြီးငွေ့ဖွယ်ရှိသည်။

လူတို့သည် ပျော်ရွှင်ဖွယ်ကိုသာ တွေ့လိုသည်။

ငြီးငွေ့ဖွယ်ကို မတွေ့လို၊ မရှာလိုကြပေ။

သို့ကြောင့် သံသရာရှည်ရခြင်း ဖြစ်၏။

အသိဉာဏ်ရှိကြသူများသည် သာယာဖွယ် "အဿဒ" ကို မြင်ပြီးနောက် ယင်း၏ နောက်ကွယ်၌ ရှိသော ငြီးငွေ့ဖွယ် အပိုင်း "အာဒီနဝ" ကို တွေ့မြင်အောင် ရှာကြသည်။

သို့ကြောင့် သံသရာ တိုတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သော အခန်းများ


အခန်း(၁)ဘဝမလှတဲ့အညာတြနိမောင်

အခန်း(၂)အဘိုးအိုနှင့်ဖမ်းမြင်ရသောအကုအညီများ

အခန်း(၃)ဆေးကုပေးသည့်ထူးဆန်းသောပုံရိပ်မှု

အခန်း(၄)ဆုတောင်းပြည့်သောမှော်ဝင်ရုပ်

အခန်း(၅)မှော်ဝင်ရုပ်နှင့်ထူးဆန်းသောတိုက်ဆိုင်မှု

အခန်း(၆)ငွေတစ်သောင်းနှင့်အသက်တစ်ချောင်း

အခန်း(၇)လှည်းကြုံလိုက်လာသည့်သရဲ

အခန်း(၈)အသက်ဝင်လာသောအလောင်း

အခန်း(၉)အမှုလိုချင်သောကြောင့်ရောက်လာသောတစ္ဆေ

အခန်း(၁၀)ဆန်စက်ထဲမှပုတ်ဝင်နေသောအလောင်း

အခန်း(၁၁)မေတ္တာရှိလျှက်ချစ်တာခက်၏




# အခန်း ( ၁ )

## ဘဝမလှတဲ့ အညာတြနိမောင်

ရှေး နှစ်ပေါင်းတစ်ရာကျော်ခန့်က ရန်ကုန်မြစ်၏ အနောက်ဘက်ကမ်းရှိ နေရာအတော်များများမှာ ယခုမြင်တွေ့နေရသကဲ့သို့ လူနေထူထပ်မှု မရှိဘဲ ကျေးရွာများအသွင်ဆောင်ကာ လက်လုပ်လက်စား အလုပ်ကြမ်းသမားများသာ စုဝေးနေထိုင်ကြလေသည်။

ယခု လူနေစည်ကားပြီး မြို့ပြသဖွယ်ဖြစ်နေသော ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလမှာပင် ရွာငယ်အဆင့်သာ ရှိသေး၏။ သို့သော်လည်း ဒလမှာ ရှေးယခင်က မြို့ဟောင်းတစ်ခု ဖြစ်ခဲ့ဖူးပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒလဟူသည် မွန်ဘာသာ အခေါ်ဝေါ်ဖြစ်ပြီး (ဠင်ဒုန်ဇလ) အသံထွက် 'ဒုံဒွန်းဇလဲ့' မှ ဆင်းသက်လာခြင်း ဖြစ်၏။

ဒုံမှာ မြို့ဟု အဓိပ္ပါယ်ရပြီး ဒွန်းဇလဲ့မှာ ကြခတ်ဝါးဟု အဓိပ္ပါယ်ရလေသည်။

သို့ကြောင့် ဒလ၏မူလအမည်ဟောင်းမှာ "ကြခတ်ဝါးများ ပေါက်ရောက်ရာမြို့" ဟူ၍ဖြစ်ပေသည်။

မောင်ဒီသမိုင်းကြောင်းတစ်ခုတွင် 'ကြခတ်ပိုင်း မင်းသမီး' နေထိုင်ခဲ့ရာ မြို့ဟောင်းလည်း ဖြစ်ပေသည်။

ထိုအချိန်က ရန်ကုန်နှင့် တွံတေးမြို့ အခြားရှိသောနေရာများမှာ ရွာစုများသာဖြစ်ပြီး ကွမ်းခြံအပါအဝင် သီးနှံစိုက်ပျိုးကြသူများ အဓိက နေထိုင်ကြသည်။

ရှေးအခါက ရန်ကုန်မြို့မှ တွံတေးဘက်သို့ သွားလိုလျှင် ဆိပ်ကြီးခနောင်တိုချောင်းဘက်မှသာ သွားကြရသည်။

ခနောင်တိုချောင်းမှာ ကျဉ်းသည်ကတစ်ကြောင်း၊ အကွေ့အကောက် များလွန်းသည်ကတစ်ကြောင်း၊ ရေစူးတိမ်သည်က တစ်ကြောင်းကြောင့် သင်္ဘောများ သွားလာရန် ခက်ခဲလှသည်။

မိုးရာသီ ရေစီးသန်သောအချိန်တွင် သစ်ဖောင်နှင့် အတန်အသင့်ကြီးသော သင်္ဘောများ သွားလာရန် ခက်ခဲလှသည်။

သို့ကြောင့် နောက်ပိုင်းတွင် တွံတေးတူးမြောင်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တူးမြောင်း၏အရှည်မှာ (၂၁)မိုင်ရှိ၏။

(၁၈၇၃)ခုနှစ်တွင် တွံတေးမြို့အနောက်ဘက် ပသီချောင်း





များနှင့် အရှေ့ဘက် ခနောင်တိုချောင်းဖျားရှိ မူလ ငွေပန်းစုရိုးငယ်နှင့် ဆက်စပ်ကာ စတင်ဖောက်လုပ်ခဲ့သည်။

အိန္ဒိယမှ အလုပ်သမားများကို ခေါ်ယူ၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပေသည်။

လုပ်ငန်းစတင်ချိန်ကို 'အောက်ကစပါး' ဟူသော လက်မှာအတိုင်း (၁၂၃၅)ခုနှစ်တွင် ဖောက်လုပ်ခဲ့သည်ဟု အမှတ်အသားရှိသည်။

စတင်ဖောက်လုပ်ခဲ့စဉ်က အရှည်သုံးမိုင်ခွဲမျှသာ ရှိပြီး (၁၈၈၁)ခုနှစ်တွင် မိုင်တိုင် ၃ ၁/၂ မှ (၁၁)မိုင်အထိကို (၂၅)ပေကျယ်ဝန်းသော မြောင်းကြီးအဖြစ် ဗြိတိသျှအစိုးရက အကျဉ်းသားများကို အသုံးပြု၍ ဖောက်လုပ်ခဲ့ပေသည်။

(၁၉၂၁)ခုနှစ်တွင် ခရိုင်အင်ဂျင်နီယာ Mr H. Halman Hant ဦးစီးပြီး အပိုင်းသုံးပိုင်းခွဲကာ တိုးချဲ့တူးဖော်ခဲ့ကြသည်။

မိုင်တိုင်(၀-၆)ကို Mr Arrin Phru နှင့် လမ်းဗိုလ် ဦးဖေ၊

မိုင်တိုင်(၆-၁၁)ကို Mr.Gareth နှင့် လမ်းဗိုလ် Mr Matini ၊

မိုင်တိုင်(၁၀-၂၁)ကို လမ်းဗိုလ် Mr J.Hoe တို့က အသီးသီးတာဝန်ယူ၍ ဖောက်လုပ်ခဲ့ကြရာ တူးမြောင်းမှာ အတော်အတန်ကျယ်ဝန်းလာခဲ့လေသည်။

တူးမြောင်းအတွင်းမှလည်း လှေသင်္ဗာန်၊ သင်္ဘောများ သွားလာရေး လွယ်ကူခဲ့ပေသည်။

တွံတေးမြို့ကို အစွဲပြုကာ တွံတေးတူးမြောင်းဟု ခေါ်ခဲ့ရာမှ ယခုအချိန်အထိ ထိုအမည်တွင်နေခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တွံ့တေးတူးမြောင်း ဖောက်လုပ်ခဲ့ပြီးနောက်ပိုင်းမှာ ရန်ကုန်နှင့် တွံ့တေးကြား၌ ရှိသော ကျေးရွာများလည်း ဖွံ့ဖြိုးလာခဲ့လေသည်။

ထိုအထဲတွင် ဆိပ်ကြီးခနောင်တိုလည်း ပါဝင်ပေသည်။

ဆိပ်ကြီးဟု အမည်တွင်ခြင်းမှာ ခနောင်တိုချောင်းဝ၌ လှေသင်္ဘာန်များ ဆိုက်ကပ်ရန် ဆိပ်ကမ်းကောင်းကြီးတစ်ခု ရှိသောကြောင့်ဖြစ်သည်။

ဆိပ်ကြီးမှာ ထိုဆိပ်ကမ်းကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သလို ခနောင်တိုမှာ မွန်ဘာသာအမည်ဖြစ်သည်။

(ခနုံင်)အသံထွက် ခနောင်မှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ ဝဲဩယဟု အမည်ရလေသည်။

ခနောင်တိုချောင်းကို အစွဲပြု၍ ထိုအမည်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ၎င်းချောင်းတွင်း၌ ဝဲကတော့ များသောကြောင့်လည်း ထိုအမည်ပေါ်ခဲ့ခြင်းဖြစ်ပေသည်။

ဆိပ်ကြီးရွာနှင့် ခနောင်တိုရွာတို့မှာ ရှေးဟောင်းကျေးရွာကြီးများ ဖြစ်ကြပြီး (၁၈၅၅)ခုနှစ်ဝန်းကျင်ကပင် ရွှေတိဂုံစေတီတော်သို့ ဆည်းလည်းများ၊ ကြေးအုတ်များ၊ လှူဒါန်းမှု ပြုလုပ်ခဲ့ကြသည်။

ခနောင်တိုချောင်းရိုးတစ်လျှောက်တွင် လမုပင် သမှည့်ပင်၊ ကမ္ဘလာပင်များ ထူထပ်စွာ ပေါက်ရောက်ပြီး ချောင်းဝပိုင်းလောက်မှာပင် ရွာတန်းကလေးများရှိသည်။

ထိုရွာတန်းကလေးများ၌ နေထိုင်ကြသူ အများစုမှာ ဆန်စက်အလုပ်သမား၊ သစ်စက်အလုပ်သမား၊ လွှန်းရုံအလုပ်သမား၊





(လွှန်းရုံဆိုသည့် လှေသင်္ဘာန်သင်္ဘော စသည်တို့ကို ပြုပြင်ဖာထေးပေးရသော အလုပ်ရုံများပင်ဖြစ်သည်)အများစု ရှိကြသည်။

အချို့လည်း မြစ်ချောင်းများအတွင်း ဆင်း၍ သားငါးရှာခြင်း၊ အချို့ကား ရာသီထွက်သီးနှံစိုက်ခင်းများ ရှိကြပြီး အချို့ကတော့ လယ်ယာအလုပ်ကို လုပ်ကိုင်ကြသည်။

ချောင်းဝပိုင်းတွင် နေထိုင်သူများကတော့ သင်္ဘာန်များ ထူထောင်ကာ ရန်ကုန်နှင့် ဆိပ်ကြီးခနောင်တိုသို့ ကူးတို့ခတ်ကြသည်။

ဆိပ်ကြီးခနောင်တိုရွာမှာ နေထိုင်သော နီမောင်မှာ ကူးတို့ခတ်ခြင်းအလုပ်ကို လုပ်ကာ မိဘနှစ်ပါးအား လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။

သူသည် အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ခန့်ရှိပြီဖြစ်သော်လည်း အိမ်ထောင်ရက်သား မပြုသေးပဲ ပင့်ပင်ပန်းပန်း လုပ်ကိုင်ရသော ကူးတို့သင်္ဘာန်ခတ်ကာ မိဘများကို လုပ်ကိုင်ကျွေးမွေးနေလေသည်။

"လှေထိုး လှော်တိုက် လူမိုက်အလုပ်" ဟူသောစကားအတိုင်း လှေသမ္ဗာန်ခတ်ရသောအလုပ်နှင့် သစ်တုံးများကို လှော်ဖြင့် လှဲဖြတ်ခွဲစိတ်ရသောအလုပ်မှာ သာမန်လူတို့ မလုပ်နိုင်ကြပဲ များစွာပင်ပန်းသောအလုပ်များ ဖြစ်ကြသည်။

(ယခုတော့ ကူးတို့သမ္ဗာန်များတွင် စက်တပ်ကာ သွားလာနေကြပြီ ဖြစ်သောကြောင့် ယခင်ကလောက် မပင်ပန်းကြတော့ပေ)

နီမောင် အသုံးပြုသော သမ္ဗာန်မှာ လူ(၆)ယောက်နှင့်ကုန်ပစ္စည်းအချို့ တင်နိုင်လောက်အောင် ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောအချိန်တွင် ရန်ကုန်ဘက်သို့ အလုပ်ဆင်းမည့်သူ ဈေးရောင်းဈေးဝယ် သွားမည့်သူများကို လိုက်ပို့ပေးရသည်။

နံနက်(၁၀)နာရီခန့်တွင် အပြန်ခရီးသည် တင်ကာ ရန်ကုန်မှ ဆိပ်ကြီးခနောင်တိုသို့ ပြန်ခဲ့သည်။

ကုန်ပစ္စည်းတင်ခနှင့် ဆိုပါက တစ်နေ့လျှင် လေးငါးကျပ်အထိ ရသည်။

လူတစ်ယောက်လျှင် သမ္ဗာန်ခ တစ်မတ်ရသဖြင့် မနက်တစ်ခေါက် ညနေပိုင်းတစ်ခေါက် ပို့ပေးလျှင် တစ်ဆယ့်ကိုးကျပ်အထိ ရနိုင်သည်။

သို့သော် တစ်နေ့နှစ်ခေါက်ပို့ရသောအလုပ်မှာ လွယ်တော့မလွယ်လှပေ။

အချို့သမ္ဗာန်သမားများက မနက်ပိုင်း အသွားအပြန် ပို့ပေးပြီးသည်နှင့် ညနေပိုင်း မသွားကြတော့ပေ။

အချို့က မနက်ပိုင်း ရွာမှ ရန်ကုန်သို့ သွားကာ ညနေစောင်းမှ အပြန်ခရီးသည် တင်၍ ရွာသို့ ပြန်ကြသည်။

နီမောင်ကတော့ ထိုသို့ မဟုတ်ပေ။

မနက်စောစော ရွာမှ ထွက်ကာ ရန်ကုန်သို့ မိုးလင်းသည်နှင့်ရောက်အောင်ပို့သည်။

ဆွမ်းခံပြန်ချိန်လောက်တွင် ရန်ကုန်မှ ပြန်ထွက်လာကာနေ့လည်ဘက်၌ ရွာသို့ ပြန်ရောက်သည်။

အရေးတကြီး ကြိုပို့စရာ ကိစ္စများ ရှိပါက ညနေပိုင်းအချိန်၌တစ်ခေါက်ပြန်ထွက်ရပါက ညဦးပိုင်းအချိန် ရောက်သောအခါမှပင်





ရွာသို့ ပြန်ရောက်လေတော့သည်။

သမ္ဗာန်ခတ်သောအလုပ်မှာ များစွာအားစိုက်ရသောအလုပ်ဖြစ်ပြီး ပင်ပန်းလှသည်။

ရေစုန်ဆင်းရလျှင် သိပ်အားမစိုက်ရသော်လည်း ရေဆန်ပြန်တက်ရလျှင်တော့ များစွာအားစိုက်ရသည်။

ရေစီးသန်သော ရေထရက်များ ရောက်လျှင် ပိုဆိုးသည်။

လူအပြည့်နှင့် ရေဆန်ပြန်တက်ရလျှင် လက်မောင်းကြောတောင့်အောင် ခတ်ရသည်။

ရေနံချေး ဆွတ်ထားသော အုန်းဆံခတ်ကွင်းများပင် တကျွီကျွီနှင့် အသံကျယ်လောင်စွာ ပေါ်ထွက်လာလေ့ရှိသည်။

တစ်ခါတစ်ရံ ဂျင်ဖုပွန်းသဖြင့် လက်ဝါးနှစ်ဖက်စလုံး ပေါက်ပြဲထွက်လာတတ်သည်။

သို့သော် ကူးတို့ သမ္ဗာန်သမားအဖို့ နားခွင့်မရနိုင်ပေ။

ရှေးအခါက ယခုကဲ့သို့ အခြားသမ္ဗာန်များ သိပ်မများလှပဲလေးငါးစီးသာ ရှိသဖြင့် မိမိသမ္ဗာန်စီးနေကျလူများ အဆင်ပြေရေးအတွက် ပင်ပန်းသော်လည်း မနားကြရပေ။

နီမောင် သမ္ဗာန်ကို စီးနေကျ ဖောက်သည်များတွင် ခင်မေရီလည်း တစ်ယောက်ပါသည်။

ခင်မေရီမှာ အသက်နှစ်ဆယ်အရွယ်ခန့် ရှိပြီး ရုပ်ရည်သနားကမား ရှိကာ မာနကြီးသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ဆိပ်ကြီးခနောင်တို ရွာထဲတွင် ဈေးဆိုင်ရှိပြီး ရန်ကုန်သို့



www.burmeseclassic.com

www.burmeseclassic.com



မနက်တိုင်း ဈေးဝယ်သွားလေ့ရှိသည်။

ရန်ကုန်သို့ သွားလျှင် ရွာမှ ဈေးချိုချိုနှင့် ဝယ်ယူထားသော ဘဲဥ၊ ကြက်ဥ၊ ငါးပုဇွန်များကို ယူသွားပြီး ကီလီ၌ ရောင်းချရသော ငွေဖြင့် ဈေးဆိုင်အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူကာ ပြန်လေ့ရှိသည်။

ထိုနေ့ မနက်စောစောက ခင်မေရီထံမှ ဘဲဥကြက်ဥ ထည့်ထားသော တောင်းနှစ်လုံးသုံးလုံး ပါသဖြင့် နီမောင်ကိုယ်တိုင် သမ္ပာန်ထဲ ထမ်းချပေးရသည်။

"နီမောင် . . ."

"ဟင် . . . ဘာလဲ"

"ဒီကနေ့တော့ တခြားလူတွေ မစောင့်နဲ့တော့ဟာ၊ ငါ့ပစ္စည်းတွေကို ကီလီကို စောစောရောက်မှ ဖြစ်မှာမို့ စောစောသာ ထွက်ပေတော့၊ သမ္ပာန်ခကျသမျှ ငါပေးမယ်"

ဟု ပြောသဖြင့် နီမောင်မှာ အခြားခရီးသည်များကို စောင့်ချင်သော်လည်း မစောင့်သာတော့ပဲ ခင်မေရီတစ်ယောက်တည်းကိုသာ တင်ပြီး သမ္ပာန်ထွက်ခဲ့ရလေသည်။

မနက်စောစော ရေကျချိန်ဖြစ်သောကြောင့် မြစ်ထဲမှာ ခရီးသွားရသည်မှာ ကောင်းသည်။

ရန်ကုန်ဘက်မှ မီးရောင်များက လှိုင်းတဖျတ်ဖျတ် ထနေသော မြစ်ရေပြင်ပေါ်သို့ ဖြာကျနေသည်။

မီးရောင်တထိန်ထိန်နှင့် သိင်္ဂုတ္တရကုန်းတော်ပေါ်မှ ရွှေတိဂုံစေတီတော်ကြီးကို အဝေးဆီမှ ဖူးမြင်ရသည်။





ရန်ကုန်မြစ်အတွင်း၌ ရပ်ထားသော ပင်လယ်ကူးသင်္ဘောကြီးများမှ မီးရောင်များကလည်း မြစ်ရေပြင်ပေါ်မှာ လင်းနေသည်။ ကီလီဆိပ်ကမ်းဘက်မှ ပြန့်လွင့်လာသော ဆူညံသံများက အဝေးဆီမှပင် ကြားနေရသည်။

နံနက်စောစော နယ်မြို့များမှ ဝင်လာသော သင်္ဘော၊ စက်လှေ၊ လှေသမ္ပာန်များက ကီလီဆိပ်ကမ်းသို့ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လျက် ရှိနေရာ ကုန်တင်ကုန်ချ အလုပ်သမားများအသံ၊ ကုန်သည်ပွဲစားများအသံ၊ ကုန်ဝယ်သူတို့၏အသံမှာ ဆူညံလျက်ရှိသည်။

ကီလီဆိပ်ကမ်း၌ ငါး၊ ပုဇွန်၊ ကြက်ဘဲ၊ ကြက်ဥ၊ ဘဲဥ၊ ပုဇွန်ခြောက်၊ ငါးခြောက်၊ အုန်းသီး၊ ငှက်ပျောသီး၊ ရာသီထွက် အသီးအနှံများမှာ မပြတ်ဝင်ရောက်လျက်ရှိရာ တစ်ညလုံး အလုပ်လုပ်ကြရသဖြင့် နေ့ညဟူ၍ မရှိတော့ပဲ ညမအိပ်သောနေရာဟု တင်စားရသောနေရာပင်ဖြစ်၏။

နီမောင်မှာ နံနက်စောစောအချိန်လည်းဖြစ်၊ ရေစုန်လည်းဖြစ်သောကြောင့် သမ္ပာန်ကို ခပ်သွက်သွက်ပင် ခပ်လာလေသည်။

တိတ်ဆိတ်နေသော မြစ်ပြင်ပေါ်မှာတော့ ၎င်း၏ခပ်ကွင်းမှ မြည်သံတို့က ကျယ်လောင်စွာ ပဲ့နဲ့နေတော့သည်။

"နီမောင် . . ."

"ဟင် . . . ဘာလဲ"

"တစ်နေ့တစ်နေ့ သမ္ပာန်ခတ်နေရတာ မပင်ပန်းဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပင်ပန်းတော့ရော ငါတို့မှာ အခြားအလုပ်မှ မရှိတာ၊ မလုပ်ချင်လို့ ရပ့်မလား"

"တခြားသက်သာတဲ့အလုပ်တွေ ရှိပါတယ်၊ တခြား အရောင်းအဝယ် လုပ်တာမျိုးပေါ့"

"ငါက အဲဒီလို အလုပ်မျိုးတွေ မကျွမ်းကျင်ပါဘူး၊ ကိုယ် မကျွမ်းကျင်တဲ့အလုပ်ကို လုပ်ရင် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရမှာ ပေါ့၊ အခုအလုပ်က လူပဲ ပင်ပန်းတယ်၊ စိတ်မပင်ပန်းလှဘူး"

"ဒါပေမယ့် ဘယ်ကြီးပွားနိုင်မလဲဟဲ့"

"ကြီးပွားတယ်ဆိုတာ ကိုယ်ကြီးပွားချင်တိုင်း ရတာမျိုးမှ မဟုတ်တာ၊ ဘဝပေးကံ ပါလာရင် တစ်နေ့တော့ အခွင့်အလမ်း ရလာမှာပေါ့၊ အရေးကြီးတာက ကိုယ်လုပ်နေတဲ့အလုပ်ကို တန်ဖိုး ထားပြီး ကြိုးကြိုးစားစား လုပ်နေဖို့ပဲ အရေးကြီးပါတယ်"

ထိုစကားကြောင့် ခင်မေရီက တစ်ချက်ပြုံးလိုက်သည်။

သို့သော် သမွာန်ဦးဘက်သို့ မျက်နှာမူထားသောကြောင့် နီမောင်က မမြင်လိုက်ရပေ။

"နီမောင်. . . ငါ ဈေးရောင်းဈေးဝယ်ပြီးတာနဲ့ ရေတက်နဲ့ ရွာပြန်ရအောင်၊ နင်စောင့်နေနော်"

"အေးပါ. . . ငါ သမွာန်ဆိပ်ကပဲ စောင့်နေမယ်"

မှန်မှန်လေး ခတ်လာသော သမွာန်လေးသည် မကြာမီ ကီလီဆိပ်ကမ်းသို့ ဆိုက်ကပ်သွားလေသည်။

ထိုနေရာသို့ ရောက်လျှင် ရောင်းနေကျ ဘဲဥဒိုင်မှ ကုလား အလုပ်သမားများ ဆင်းလာပြီး ဘဲဥကြက်ဥတောင်းများကို ထမ်း





တင်သွားရာ နီမောင်လည်း သမွာန်ကို အခြားသင်္ဘောများနှင့် လွတ်ရာ ဆိပ်ကမ်းတစ်နေရာသို့ ရွှေ့ကပ်ထားလိုက်လေသည်။

သင့်တော်သောနေရာ၌ သမွာန်ကို နေရာချထားပြီးနောက် သမွာန်ပေါ်မှာပင် ပက်လက်လှန်ချလိုက်ရာ မှေးခနဲ အိပ်ပျော်သွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






အခန်း ( ၂ )

# အဘိုးအိုနှင့် မမြင်ရသော အကူအညီများ

အခါ ချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ မျက်နှာပေါ်သို့ နေရောင်ခြည် ကျလာတော့မှ ပြန်နိုးလာသည်။

ရေကျသွားပြီဖြစ်သောကြောင့် သမ္ဗာန်က သောင်ပေါ်မှာ တင်ကျန်ခဲ့လေသည်။

ဆိပ်ကမ်းတစ်ဝိုက်မှာတော့ နောက်ထပ်ရောက်လာသော သင်္ဘောများ၊ လှေသမ္ဗာန်များအပေါ်မှ ကုန်ပစ္စည်းများ တင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် အလုပ်သမားအသံများက ဆူညံနေလေသည်။

မြစ်ထဲမှာတော့ ရေပြန်တက်စ ပြုနေပြီ။

နီမောင်က သမ္ဗာန်ကြိုး ဖြုတ်ပြီးနောက် သမ္ဗာန်ကို ဘောင်ပေါ်မှ ရေထဲသို့ တွန်းချကာ ဘောတံတားဆိပ်တစ်ခုတွင် ဆိုက်ကပ်ထားလိုက်သည်။

ခဏကြာတော့ ခင်မေရီ ပြန်ဆင်းလာသည်။

သူမနှင့်အတူ ထွန်းဇော်လည်း ပါလာသည်။

ထွန်းဇော်ဆိုသည်မှာ အခြားမဟုတ်ပေ။

ဆိပ်ကြီးခနောင်တိုရွာအစွန် ချောင်းကမ်းနံဘေး၌ ရှိသော စိတ္တသုခဆန်စက်မှ မေတန်တေ(ဆန်ဖြတ်သူ)တစ်ယောက်ဖြစ်သည်။

၎င်းမိဘများမှာ ဆန်စက်ပိုင်ရှင် ကုလားသူဌေးက ကိုယ်စားလှယ် ခန့်ထားပြီး ဆန်စက်ဝန်းထဲမှာပင် အိမ်ဆောက်ပေးထားလေသည်။

ထွန်းဇော်မှာ အသက်(၂၃)နှစ်အရွယ်ခန့်ရှိပြီး နှုတ်ခမ်းမွှေးစစနှင့် မိန်းမကြိုက်စွ ရုပ်ပွေသူတစ်ယောက်ဖြစ်သည်။

ဆန်စက်တစ်လုံးတွင် ဆန်ဖြတ်ရသော မေသမားမှာ များစွာဝင်ငွေကောင်းသူဖြစ်၏။

ဆန်ဆိုလျှင်လည်း ရသလို စပါးလာကြိတ်သူများက ဆန်ကောင်းစေရန်သော်လည်းကောင်း၊ ဆန်ထွက်ပိုစေရန်သော်လည်းကောင်း၊ ငွေကြေးသော်လည်းကောင်း ဆန်အိတ်သော်လည်းကောင်း လာဘ်ထိုးကြသည်။





စပါးတင်း(၁၀)ကို ကြိတ်လျှင် ဆန်ချော လေးတင်းခွဲခန့် ထွက်သော်လည်း ၎င်းက လေးတင်းလျော့၍သော်လည်းကောင်း၊ ငါးတင်းကျော်အောင် ချလျှင်လည်း ချပေးနိုင်သဖြင့် နဝလီ ကြိတ်ခွဲသော ဆန်စက်တစ်လုံးတွင် ဆန်ဖြတ်သော မေသမားမှာ အခရာဖြစ်တော့သည်။

ထွန်းဇော်မှာ အလုပ်အကိုင်ကလည်းရှိ၊ ငွေကြေးကလည်း အတန်အသင့် ရှိသည်ကတစ်ကြောင်း၊ အပျော်အပါးကလည်း လိုက်စားသဖြင့် ဆန်စက်တွင် စပါးလာထမ်းသော မိန်းမပျိုလေးများမှာ သူနှင့် လွတ်ကင်းလှသည် မရှိပေ။

ထို့ပြင် ရွာထဲမှ ဆင်းရဲနွမ်းပါးသော မိသားစုများမှ မိန်းမပျိုကလေးများကို လိုချင်လျှင် ဆန်အိတ်ပို့တန်တာပို့ ငွေကြေးထောက်ပံ့တာ ထောက်ပံ့ဖြင့် ရအောင်ယူလေ့ရှိသည်။

သို့သော် အတည်ယူခြင်းမျိုးတော့ မရှိပေ။

ရွာထဲတွင် ထွန်းဇော် ချဉ်းကပ်မရသော မိန်းကလေးမှာ ခင်မေရီသာ ရှိသည်။

ခင်မေရီကတော့ ထွန်းဇော်ကို ပုံမှန်သာ ဆက်ဆံလေ့ရှိပြီး မျက်နှာသာ မပေးချေ။

ယခုလည်း ခင်မေရီ အထုပ်အပိုးများကို ထွန်းဇော်က ကူဆွဲလာသောကြောင့် နီမောင်က သွားမကြိုတော့ပေ။

"နင်နဲ့ တွေ့တာ အတော်ပဲ၊ စက်ပစ္စည်းဝယ်ဖို့ မနေ့ကတည်းက ရန်ကုန်ရောက်နေတာ၊ နင် ဘယ်သူနဲ့ လာတာလဲ"

"နီမောင့်သမ္ဗာန်နဲ့ လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း လာတာလား"

"ဟုတ်တယ်. . . စင်းလုံးငှားလာတာ"

"တယ်လဲ သတ္တိကောင်းပါလား"

ထွန်းဇော်က ပွဲပိုင်းမှာ ထိုင်နေသော နီမောင်ရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး မကြားတကြား ပြောကာ သမ္ဗာန်ထဲ ဆင်းလာသည်။

နီမောင်က ကြားလိုက်သော်လည်း ဘာမှမပြောတော့ပေ။

ထို့နောက်. . .

နှစ်ယောက်စလုံး သမ္ဗာန်ပေါ် တက်လာကြသည်။

နီမောင်က သမ္ဗာန်ကိုကြိုးဖြုတ်၍ ထွက်ရန် ပြင်ဆင်နေစဉ်မှာပင် တံတားပေါ်မှ အဘိုးကြီးတစ်ယောက် တုံတုံချိချိဖြင့် ဆင်းလာလေသည်။

နီမောင်က သမ္ဗာန်ထွက်ကာနီးမှ အဘိုးကြီး ဆင်းလာသည်ကို လှမ်းမြင်သဖြင့် ခဏရပ်ထားလိုက်သည်။

"ထွက်တော့လေ နီမောင်၊ ဘယ်သူ့စောင့်နေတာလဲ"

ခင်မေရီက လှမ်းပြောလိုက်သည်။

"ခဏလေးပါ. . . ဟိုမှာ အဘိုးကြီးတစ်ယောက် ဆင်းလာနေလို့"

"မင်းကလဲကွာ. . . အလုပ်ရှုပ်တော့မှာပဲ၊ သမ္ဗာန်ထွက်မှာ ထွက်စမ်းပါ"

ထွန်းဇော်က မဆီမဆိုင် ဝင်ပြောသည်။

ပြောရင်းနှင့်ပင် အဘိုးကြီးက သမ္ဗာန်နား ရောက်လာ





သည်။

"အဘ ဘယ်သွားမှာလဲ"

"ဆိပ်ကြီးခနောင်တိုဘက် လိုက်ချင်လို့ပါကွယ်၊ လူကလေး သမ္ဗာန် အဲဒီဘက်များ ရောက်မလားလို့ပါ"

"ရောက်ပါတယ် အဘ၊ ဒီသမ္ဗာန်က ကူးတို့သမ္ဗာန်ပါပဲ"

"ဒီလိုဖြင့် အဘတစ်ယောက် လိုက်ခဲ့ပါရစေကွယ်"

"လိုက်ခဲ့ပါ အဘ၊ ဒီကနေ့ လူချောင်ပါတယ်"

ဟု နီမောင်က ပြောသဖြင့် အဘိုးကြီးက သမ္ဗာန်ပေါ် တက်လာလေသည်။

ထိုအခါမှပင် သမ္ဗာန်ကို ကမ်းမှ ခွာလာလေသည်။

အဘိုးအိုမှာ အသက်ခြောက်ဆယ်ကျော်အရွယ်ခန့်ရှိပြီး ဆွတ်ဆွတ်ဖြူနေသော ဆံပင်အနည်းငယ်ကို ထိပ်ပေါ်မှာ ထုံးထားသည်။

ဖြူနေပြီဖြစ်သော မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတို့က ရှည်လျားစွာ ရှိနေသည်။

ကိုယ်ပေါ်မှာ မွေးမှိန်နေပြီဖြစ်သော အညိုရောင် ရင်ဖုံးအင်္ကျီနှင့် ပုဆိုးကို ဝတ်ဆင်ကာ လွယ်အိတ်ဟောင်းတစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းသာ ပါသည်။

ရန်ကုန်မြစ် တစ်ဖက်ကမ်းသို့ ဖြတ်ကူးလာသော သမ္ဗာန်သည် မီးပြကျော်လာသောအခါ ဓနိပင်နှင့် လမုပင်များ ရှိသော ကမ်းစပ်မှ ကပ်ကာ မှန်မှန်ပင် ခတ်လာသည်။

ခင်မေရီနှင့် ထွန်းဇော်တို့က သမ္ဗာန်ဦးပိုင်းမှာ ထိုင်ကြရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားပြောလာကြသည်။

အဘိုးအိုကတော့ သမ္ဘာန်ဝမ်းအလယ်မှာ ငြိမ်သက်စွာ ထိုင်လိုက်လာသည်။

ခဏကြာတော့ ထွန်းဇော်က ၎င်းဝယ်လာသော လက်ဖက်ရည်နှင့် မုန့်များကို သဗ္ဗါတရား ထက်သန်စွာဖြင့် ခင်မေရီကို ကျွေးမွေးနေသည်။

"စားပါ ခင်မေရီရဲ့၊ လမ်းရောက်ရင် စားဖို့ တကူးတက ဝယ်လာတာပါ"

"ဟင့်အင်း. . . ငါ ဗိုက်ပြည့်နေလို့ မစားတော့ဘူး"

"နင်ကလည်းဟာ. . . ဝယ်လာတဲ့သူ ကျေနပ်အောင် နည်းနည်းတော့ စားပါဟာ"

"အို. . . မစားချင်ပါဘူးဆိုနေမှ"

ခင်မေရီက လေသံမာမာဖြင့် ပြောလိုက်ရာ ထွန်းဇော်မှာ လက်တွန့်သွားလေသည်။

ထိုအခါ သမ္ဘာန်အနောက်ဘက်မှာ ထိုင်နေသော အဘိုးကြီးက လှမ်းပြောသည်။

"ငါ့မြေးရယ်. . . မင်းမှာ စားစရာ အပိုလေးများ ပါရင် အဘကို တစ်ခုလောက် ပေးပါ၊ ခရီးဝေးက လာခဲ့ရလို့ ဘာမှမစားခဲ့ရသေးလို့ပါ"

ထိုစကားကြောင့် ထွန်းဇော်မှာ မျက်နှာတစ်ချက် ပျက်သွားသည်။

"အပိုမပါဘူးဗျ. . . ကျုပ်တို့ စားဖို့ပဲ ပါတယ်"





"ငါ့ကို ကျွေးမယ့်အစား ဒီအဘကိုပဲ ပေးလိုက်ပါလား"

ခင်မေရီက ဝင်ပြောသော်လည်း ထွန်းဇော်က မပေးပေ။

"အို. . . ကိုယ်စားဖို့ ဝယ်လာတာ၊ ဘာဖြစ်လို့ ကျွေးရမှာလဲ၊ နင်မစားချင် ငါဖာသာ စားမှာပေါ့"

ဟု ပြောကာ မုန့်နှင့်လက်ဖက်ရည်ကို မဆုံမပြီ အတင်းစား သောက်လေရာ ရုတ်တရက် သီးသွားသဖြင့် ပါးစပ်ထဲ ရောက်နေသော အစားအသောက်များကို ရေထဲသို့ ထွေးချလိုက်ရလေသည်။

"ဒီသူတောင်းစားကြီး ဝင်ရှုပ်တာနဲ့ ဒီမှာ ကောင်းကောင်း မစားလိုက်ရဘူး၊ သူများငှားတဲ့သမ္ဘာန်ပေါ် အလကား လိုက်လာရင်လည်း အေးအေးလိုက်လာတာ မဟုတ်ဘူး"

ဟု မကျေမချမ်း ရေရွတ်နေလေသည်။

"အဘက မင်းမှာ ပိုနေတယ်မှတ်လို့ တောင်းမိတာပါကွယ်၊ မင်းစေတနာ မရှိမှန်း သိရင် အစကတည်းက မတောင်းပါဘူး"

အဘိုးအို၏စကားကို သဘောကျသဖြင့် ခင်မေရီက ခစ်ကနဲ တစ်ချက်ရယ်လိုက်ရာ ထွန်းဇော်မှာ ရှက်သွားလေသည်။

"ခင်ဗျားက သမ္ဘာန်ပေါ်လည်း လိုက်လာသေးတယ်၊ လူကိုလည်း မဟုတ်တာ ပြောသေးတယ်၊ ထွန်းဇော်အကြောင်း သိရောပေါ့"

ဟု ပြောကာ နေရာမှ ဆတ်ကနဲ ထရပ်ကာ အဘိုးအိုရှိရာသို့ လာရန် ဟန်ပြင်လိုက်သည်နှင့် တစ်စုံတစ်ယောက်က တွန်းချလိုက်ဟန်ဖြင့် ရေထဲသို့ ဝုန်းကနဲ ပြုတ်ကျသွားတော့သည်။

"ဝုန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး. . . လုပ်ကြပါဦး ကယ်ကြပါဦး၊ ငါက ရေ သိပ်မကူးတတ်ဘူးဟ. . . အမြန်ဆယ်ကြပါ"

ဟု ပြောသဖြင့် နီမောင်က ရှေ့သို့ လွန်သွားသော သမ္ဗာန်ကို နောက်သို့ ပြန်ဆုတ်လာပြီး ထွန်းဇော်ကို ဆွဲတင်ရသည်။

ထွန်းဇော်၏လွန်းပျံပုဆိုး၊ မီးပူတိုက်ထားသဖြင့် ကော့နေသည့် ရှပ်အင်္ကျီတို့မှာ နွံ့နှစ်ရေများ စွန်းပေကုန်သဖြင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

ထွန်းဇော်မှာ စိတ်မကျေသောကြောင့် သမ္ဗာန်ပေါ် ပြန်ရောက်လာပြီး အဘိုးအို ထိုင်နေရာသို့ သွားပြန်ရာ အနားမရောက်မီမှာပင် သမ္ဗာန်ကို တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်သလို လှိုင်းပုတ်လိုက်သကဲ့သို့ဖြစ်ကာ လူးသွားသဖြင့် 'ဘိုင်း'ကနဲ လဲကျသွားရာ ခါးနာသွားသဖြင့် ပြန်မထနိုင်တော့ပေ။

ထို့နောက် ပါးစပ်ကသာ ဒေါသတကြီး ပြောဆိုနေသော်လည်း လူကတော့ မလှုပ်နိုင်တော့ပေ။

"သူတောင်းစားကြီး. . . ခင်ဗျားတော့ ခနောင်တို ရောက်မှ ကျုပ်အကြောင်း ကောင်းကောင်းသိစေရမယ်၊ ဆန်စက်က အလုပ်သမားတွေကို အရက်တိုက်ပြီး ဝိုင်းရိုက်ခိုင်းရမယ်"

ထွန်းဇော်က ဒေါသတကြီး အော်ဟစ်ပြောဆိုနေသော်လည်း အဘိုးအိုကတော့ အေးအေးဆေးဆေးလေသံနှင့်ပင် ပြန်ပြောလေသည်။

"ငါက မင်းကို ဘာများလုပ်မိလို့ ဒီလောက်ဒေါသကြီးနေရတာလဲ၊ နောက်ပိုင်း မင်းက ငါ့ကို မတွေ့တွေ့အောင် ရှာပြီး တောင်း





ပန်ရလိမ့်မယ်"

ဟု ပြောလိုက်သည်။

ထို့နောက် ဆိပ်ကြီးခနောင်တို ဆိပ်ကမ်းသို့ သမ္ဗာန်ကပ်သဖြင့် ထွန်းဇော်နှင့် ခင်မေရီတို့က တက်သွားကြသည်။

ထိုအခါမှ နီမောင်က မိမိစားရန်အတွက် ဝယ်ထားသော မုန့်ကြော်များကို အဘိုးကြီးအား ပေးလိုက်သည်။

"အဘ စားပါ၊ ကျွန်တော်စားဖို့ ဝယ်လာတဲ့မုန့်တွေပါ"

"သာဓုကွယ်. . . သာဓု. . . သာဓု"

ဟု ပြောဆိုကာ နီမောင်ပေးသော အကြော်မုန့်များကို သမ္ဗာန်ပေါ်မှာပင် ထိုင်စားနေလေသည်။

"ဒါထက် အဘက ဘယ်ကို သွားမှာလဲဟင်"

"အဘက ဂန္ဓာရီလှည့်နေတာဆိုတော့ တစ်နေရာပြီး တစ်နေရာ ဒီလိုပဲ သွားနေရတာပါပဲ၊ အခုက ရည်ရွယ်ချက်ကတော့ ရွှေဆံတော်ဘုရားမှာ အဓိဋ္ဌာန်ဝင်ဖို့ပါပဲ"

ဟု ပြောပြသည်။

"ရွှေဆံတော်ဘုရားက တွံတေးမှာဆိုတော့. . . ဒီကနေ အတော်ဝေးသေးတာပဲ"

"ခရီးဆိုတာ သွားတတ်ရင် ဝေးလှတယ်မဟုတ်ပါဘူးကွယ်၊ အကျိုးရှိအောင် သွားတတ်ဖို့ပါပဲ"

"ဒါထက် အဘက တွံတေးရွှေဆံတော်အထိတင်ပဲလား၊ တခြားနေရာတွေရော သွားမှာလား"

"သွားရတာပေါ့ကွယ်. . . အဘက ဆံတော်ဓါတ်ကိန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



စေတီ(၉)ဆူမှာ အမိဌာန်လှည့်ဝင်တာဆိုတော့ နေရာအနှံ့ သွားရတာပဲပေါ့"

"ဆံတော်ဓါတ်ကိန်းတဲ့ စေတီကိုးဆူဆိုတာ ဘာတွေလဲ အဘ၊ ကျွန်တော့်ကို ပြောပြပါလား"

"ဆံတော်ဓါတ်ကိန်းတဲ့ စေတီကိုးဆူဆိုတာ (၁)ရွှေတိဂုံစေတီတော်၊ (၂)မော်တင်စွန်း စေတီတော်၊ (၃)ကျိုက်ထီးရိုးစေတီတော်၊ (၄)တွံတေးရွှေဆံတော်စေတီ၊ (၅)ပြည်ရွှေဆံတော်စေတီ၊ (၆)ကေလာသစေတီတော်၊ (၇)သံလျင်ကျိုက်ခေါက်စေတီတော်၊ (၈)ယိုးဒယား ပြည်ဆံတော်၊ (၉)ထားဝယ် ပြည်ဆံတော် ဆိုပြီး ဆံတော်ဓါတ်ကိန်းတဲ့ စေတီကိုးဆူ ရှိတယ်ကွယ်၊ အဲဒီစေတီကိုးဆူပြည့်အောင် အမိဌာန်ဝင်နိုင်ရင် လိုရာဆန္ဒမှန်သမျှ ပြည့်ဝစေနိုင်တယ်"

"ကျွန်တော် မှတ်ထားပါ့မယ်"

"ဒါထက် ငါ့မြေးက စေတနာ ဖြူစင်တဲ့လူဆိုတော့ အဘက မင်းကို အကူအညီပေးရဦးမယ်"

"ဘာများလဲ အဘ"

"နောက်တော့ မင်းကို အဘ လာပေးပါ့မယ်၊ အခုတော့ ဟိုမှာ လူမိုက်တွေ လာနေပြီ၊ အဘသွားလိုက်ဦးမယ်"

"အဘ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွယ်. . . အဘမှာ အဖော်တွေ အများကြီး ပါပါတယ်"

ဟု ပြောကာ သမ္ဘာန်ပေါ်မှ ကမ်းပေါ်သို့ တက်သွားလေ





သည်။

နီမောင်က ဇဝေဇဝါနှင့် လှမ်းကြည့်လိုက်တော့လည်း ကမ်းပေါ်သို့ တက်သွားသူမှာ အဘိုးအိုတစ်ယောက်တည်းသာ ဖြစ်သည်။ ကမ်းပေါ်မှ ကုလားသုံးယောက် ဆင်းလာသည်။

နှစ်ယောက်က စပါးချင်ရာ၌ အသုံးပြုသော မျဉ်းလုံးတုတ်များ ကိုင်လာပြီး ကျန်တစ်ယောက်က ဆန်ထိုးပိုက်ချွန်ကို ကိုင်လာသည်။

ရေစပ်သို့ ဆင်းနိုင်ရန် ကျောက်လုံးများ စီခင်းထားသောလမ်းမှာ ကျဉ်းလှသည်။

လူတစ်ယောက် သွားသာရုံသာရှိပြီး နံဘေး၌ လဟာပြင်များသာ ရှိသည်။

အဘိုးအိုက ကျောက်လမ်းအတိုင်း အပေါ်သို့ တက်သွားရာ ကုလားသုံးယောက်ကလည်း အပေါ်မှ ဆင်းလာသည်။

ဆိပ်ကမ်းတစ်ဝိုက်မှာ ရှိနေကြသူများမှာ အခြေအနေ ဘာမှန်း မသိကြသဖြင့် ကမ်းစပ်မှ ရပ်ကြည့်နေကြသည်။

နီမောင်ကလည်း လှေဝမ်းထဲမှာ အသင့်ချထားသော ခပ်တက်တိုင်ကို အဆင်သင့် ကိုင်ကာ အခြေအနေကို လှမ်းကြည့်နေသည်။

အကယ်၍ အသက်အရွယ် ကြီးလှပြီဖြစ်သော မသန်စွမ်းသည့် အဘိုးအိုတစ်ယောက်ကို ကုလားသုံးယောက်က ဝိုင်းဝန်းနှိပ်စက်ကြပါက ဝင်ရောက်ကယ်တင်ရန်အတွက် ဖြစ်သည်။

အဘိုးအိုနှင့် ကုလားသုံးယောက်တို့ မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံသောအခါ ရှေ့ဆုံးမှ ကုလားက တုတ်ဖြင့် ရိုက်ရန် မြှောက်လိုက်သည်။

သို့သော် ရိုက်ပင် မရိုက်ရသေးခင်မှာပင် တစ်ကိုယ်လုံး တောင့်တောင့်ကြီးဖြစ်ကာ ငြိမ်သက်သွားလေသည်။

ထိုအခါ အဘိုးအိုက လက်ဖြင့် တွန်းချလိုက်ရာ ကျောက်ရုပ်တစ်ရုပ်ကို တွန်းချလိုက်သကဲ့သို့ တောင့်တောင့်ကြီးနှင့်ပင် နွံထဲသို့ ကျသွားတော့သည်။

ထိုအခါ နောက်ကုလားတစ်ယောက်က ရိုက်ရန် ရှေ့သို့တိုးလာရာ ရှေးနည်းအတိုင်းပင် အဘိုးအိုအနီးသို့ ရောက်သည်နှင့် တောင့်တောင့်ကြီးဖြစ်ကာ နွံထဲသို့ ထိုးကျသွားပြန်သည်။

သမ္ဗာန်ပေါ်မှ ကြည့်နေသော နီမောင်ရော ကမ်းပေါ်မှ လှမ်းကြည့်နေသူများပါ ထူးဆန်းသော မြင်ကွင်းကြောင့် တအံ့တသြဖြစ်နေကြသည်။

အဘိုးအိုက သူ့လမ်းသူ လျှောက်သွားရာ စကေဟ(ဆန်ထိုးပိုက်)ကိုင်ထားသော ကုလားမှာ ကြောက်ကြောက်လန့်လန့်နှင့် နောက်ကြောင်းပြန်လှည့်ပြေးလေသည်။

သို့သော်လည်း ကမ်းပေါ် ရောက်အောင် မပြေးနိုင်ပဲ တစ်စုံတစ်ယောက်က တွန်းချလိုက်သကဲ့သို့ ရွှံ့နွံထဲသို့ ပြုတ်ကျသွားတော့သည်။

အဘိုးအိုကတော့ တရွေ့ရွေ့နှင့် ကမ်းပေါ် တက်သွားလေတော့သည်။

နီမောင်မှာ ခတ်တက်တိုင်ကို လက်မှာ ကိုင်ထားရင်း နှင့်ပင်





တအံ့တသြဖြစ်နေသည်။

တဖြည်းဖြည်းနှင့် ရေတက်လာပြီဖြစ်ရာ နွံထဲမှာ ကျောက်ရုပ်လို ဖြစ်ကာ မထနိုင်သော ကုလားသုံးယောက်ကို ကမ်းပေါ်မှ လူများက ဆွဲတင်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၃ )

# ဆေးကုပေးသည့် ထူးဆန်းသောပုံရိပ်များ

**နောက်**ပိုင်းရက်မှာတော့ အဝတ်အစား ဟောင်းနွမ်းလျက် လွယ်အိတ်တစ်လုံးကို လွယ်ကာ တောင်ဝှေးတစ်ချောင်းနှင့် အဘိုးအိုကို မတွေ့ရတော့ပေ။

အချို့ကလည်း ညပိုင်းအချိန်များတွင် သုသာန်အနီးမှ ဇရပ်ပေါ်မှာ ထိုင်နေတာ မြင်သည်ဟု ပြောသည်။

သို့သော်လည်း မသေချာလှပေ။

နီမောင်ကိုယ်တိုင်ပင် ထိုအဘိုးအိုကို ထပ်တွေ့ချင်သဖြင့်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာ အနံ့လိုက်ရှာသော်လည်း မတွေ့ရပေ။

ထိုအကြောင်းကို သတင်းကြားသောအခါ ဆေးဆရာကြီး ဦးဖန်ကောင်း ရောက်လာပြီး အကျိုးအကြောင်း မေးသဖြင့် နီမောင်က အကြောင်းစုံ ပြောပြလိုက်ရလေသည်။

"အဲဒါ ဘာလဲ အဘ"

"ငါလည်း ဘယ်သိပ့်မလဲကွာ၊ မင်းပြောတဲ့အတိုင်းဆိုရင် ဂန္ဓာရီလှည့်နေတဲ့ ဝိဇ္ဇာလား၊ သူတော်စင်တစ်ဦးဦး ဖြစ်နိုင်တာပေါ့"

"ဝိဇ္ဇာဆိုတာ ဘယ်လိုမျိုးလဲ အဘ၊ ဇာတ်ပွဲထဲမှာ တွေ့ရတဲ့ ဆေးတောင်ဝှေး ကိုင်ထားတဲ့ ဇော်ဂျီလိုဟာမျိုးလား၊ အဘိုးကြီးရဲ့ အဝတ်အစားတွေကတော့ ဇော်ဂျီနဲ့ မတူဘူး၊ ဒါပေမယ့် သူ့လက်ထဲမှာ တောင်ဝှေးတစ်ချောင်းတော့ ပါတယ်"

"ဝိဇ္ဇာတို့ သူတော်စင်တို့ဆိုတာ သာမန်မသိနိုင်ဘူး၊ သူတို့ကို ကြည့်ရင်လည်း စုတ်စုတ်ပြတ်ပြတ်နဲ့ အရူးလိုလို သူတောင်းစားလိုလိုနဲ့ တစ်စက်ကလေးမှ အထင်ကြီးစရာ မရှိဘူး၊ အဲဒါကို မသိဘဲ သွားပြီးစော်ကားမိရင်တော့ ဒုက္ခရောက်ပြီသာ မှတ်ပေရော့"

"ဟုတ်တယ်အဘ ဟိုတစ်နေ့က သူ့ကိုရန်ပြုဖို့ ကြိုးစားတဲ့ ကုလားသုံးယောက်စလုံး အခုအချိန်အထိ အိပ်ယာထဲက မထနိုင်ကြသေးဘူးလို့ ပြောတယ်"

"ဝိဇ္ဇာပဲဖြစ်ဖြစ် ဂန္ဓာရီလှည့်နေတဲ့ သူတော်ကောင်းပဲဖြစ်ဖြစ် တွေ့ဖို့မလွယ်သလို တွေ့ရင်လည်း ကိုယ့်အသိပညာလေး တစ်ထွာ တစ်မိုက်လောက်နဲ့ ဘယ်လိုမှ မသိနိုင်ဘူး၊ လမ်းမှာ တွေ့တဲ့ သူတောင်းစားပဲဖြစ်စေ၊ ကိုယ်နဲ့ တွေ့လို့ ပေးနိုင်တာရှိရင် ပေးလိုက်၊





ကျွေးနိုင်တာရှိရင် စေတနာသန့်သန့်နဲ့ ကျွေးလိုက်၊ ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ် အကြောင်းမဲ့ မစော်ကားတာကတော့ အကောင်းဆုံးပေါ့"

ဟု ဦးဖန်ကောင်းက ပြောပြလေသည်။

ဦးဖန်ကောင်း ပြောသွားသည့်အတိုင်းပင် သမ္မာန်ပေါ်မှာ အမှတ်မထင် တွေ့ရသော အဘိုးအိုတစ်ဦးကို အကြောင်းမဲ့ ရန်ရှာချင်သော ထွန်းဇော်နှင့် ကုလားသုံးယောက်တို့မှာ ဒုက္ခတွေ့ကြရသည်။

ကုလားသုံးယောက်တို့မှာ ခြေနှင့်လက်များ ကွေးကောက်နေသောကြောင့် ယခုထိ အိပ်ယာထဲမှ မထနိုင်ကြသေးပေ။

အဆိုးဆုံးကတော့ ထွန်းဇော်ဖြစ်သည်။

အလုပ်မှ ပြန်လာပြီး ထမင်းဆာဆာနှင့် ထမင်းဝိုင်း ဝင်ကာ စားသောက်ရန် ဟန်ပြင်လိုက်ပြီး နှာခေါင်းထဲမှာ အနံ့တစ်မျိုး ဝင်လာသည်နှင့် ထမင်းပန်းကန်ကို ငုံ့နမ်းကြည့်လိုက်သည်။

ထမင်းများမှာ စားမရအောင် သိုးနေသည်။

စိတ်ထဲမှာ မသင်္ကာသဖြင့် ဟင်းပန်းကန် နမ်းကြည့်ပြန်တော့လည်း ချက်ထားတာ ရက်ကြာနေဟန်ဖြင့် ချဉ်စော်ပုတ်စော်နံနေသည်။

"အမေ. . . အမေ"

လှမ်းခေါ်သဖြင့် မိခင်ဖြစ်သူ ဒေါ်ငွေဇာ ထွက်လာသည်။

"ဟဲ့. . . ထွန်းဇော် ဘာလဲ"

"အမေချက်ထားတဲ့ ထမင်းနဲ့ဟင်းတွေက အားလုံးသိုးနေတာ၊ ဘယ်လိုလုပ် စားမှာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . မဟုတ်တာ၊ ငါ မနက်ကမှ ချက်ထားတာ၊ ဘယ်လိုလုပ် သိုးမှာလဲ"

"အမေ. . အမေ့ဟင်းတွေ အမေပဲ နမ်းကြည့်ပါဦး"

ဟု ပြောသဖြင့် ဒေါ်ငွေဇာက ငုံ့နမ်းကြည့်သည်။

ထမင်းရောဟင်းပါ ဘာအနံ့မှ မထွက်ပဲ အကောင်းပကတိ အတိုင်း ရှိနေသည်။

ထိုအချိန်မှာပင် ဖခင်ဖြစ်သူ ဦးသန်းဖေ ထွက်လာသည်။

"ဘာဖြစ်နေကြတာလဲ"

"ဒီမှာ တော့်သားက ကျုပ် မနက်က ချက်ထားတဲ့ထမင်း ဟင်းတွေ အကုန်သိုးနေတယ် ပြောလို့ နမ်းကြည့်နေတာ ဘာနံ့မှ မရပါဘူးတော်၊ ရှင်လည်း နမ်းကြည့်ပါဦး"

ဟု ပြောသဖြင့် ဦးသန်းဖေကပါ ငုံ့နမ်းကြည့်သည်။

"ဘယ်က သိုးရမှာလဲ၊ ထမင်းရောဟင်းပါ ပူပူနွေးနွေးပဲ ရှိသေးတဲ့ဟာ၊ မင်း စိတ်ရော ကောင်းသေးရဲ့လား"

"အဖေကလဲဗျာ. . . သိုးနေလို့ သိုးနေတယ် ပြောတာပေါ့"

"မင်းဒီလောက်ဂျီးများနေရင် တခြားအိမ်မှာသာ သွားစားပေတော့၊ ဒီခူးခပ်ထားပြီးသား ထမင်းနဲ့ဟင်းကိုတော့ ငါတို့ပဲ စားလိုက်တော့မယ်"

ဟု ပြောဆိုကာ ဦးသန်းဖေက လက်ဆေး၍ ထမင်းဝိုင်း ဝင်ကာ ပြင်ထားသော ထမင်းဟင်းများကို အားရပါးရ စားနေတော့သည်။

ထွန်းဇော်လည်း စိတ်ထဲမှာ ဇဝေဇဝါနှင့် ထမင်းဝိုင်းမှ ထ





လာကာ ဆန်စက်ခန်းထဲမှ စက်ဆရာအိမ်သို့ ထမင်းစားရန် သွား ပြန်လေသည်။

စက်ဆရာအိမ်မှာ စားအိမ်သောက်အိမ်မျိုး ဖြစ်နေသော ကြောင့် စက်ဆရာမိန်းမက ထမင်းပွဲ ပြင်ပေးသည်။

"ကြက်သားဟင်းက အခုမှ မီးဖိုပေါ်က ခပ်လာတာ၊ ပူ သေးတယ် ထွန်းဇော်"

ဟုလည်း ပြောလိုက်သေးသည်။

ထွန်းဇော်က အငွေ့တထောင်းထောင်းထနေသော ထမင်း နှင့်ဟင်းများကို စားသောက်ရန် ဟန်ပြင်လိုက်ရာ ထမင်းလုပ်မှ ပါးစပ်တွင် မထည့်ရသေးမီမှာ ဆိုးဝါးသော အနံ့တစ်ခုက နှာခေါင်း ထဲ ဝင်လာသဖြင့် စိတ်ထဲမှ ဘယ်လိုမှ စားချင်စိတ် မရှိသဖြင့် နေရာမှ ထလိုက်သည်။

"ဟဲ့. . . ထွန်းဇော် ဘာဖြစ်လို့လဲ၊ ကြက်သားဟင်း မနူး သေးလို့လား"

"မဟုတ်ပါဘူး အစ်မ. . . မစားချင်တော့လို့ပါ"

ဟု ပြောကာ ထွက်လာခဲ့လေသည်။

စက်ဆရာမိန်းမကတော့ ခါတိုင်းနှင့် မတူသော ထွန်းဇော် ကို ကြည့်ပြီး တအံ့တသြဖြစ်ကာ ကျန်ခဲ့လေသည်။

ဤသို့ဖြင့် တစ်နေ့လုံး ဘယ်အစားအစာကိုမှ စား၍အဆင် မပြေပဲ ဝမ်းဗိုက်ဟောင်းလောင်းဖြင့် နေရလေသည်။

ထမင်းစားမရသဖြင့် အခြားလက်ဖက်ရည်၊ ကော်ဖီ၊ မုန့် အစရှိသည်တို့ကို စားရန်ပြင်သော်လည်း ဘယ်လောက်ပဲ ပူပူနွေး



www.burmeseclassic.com

www.burmeseclassic.com



နွေး ပြင်ဆင်လာသော အစားအသောက်ဖြစ်စေ သူ့ပါးစပ်နား ရောက်သည်နှင့် ဆိုးဝါးသော အနံ့တစ်မျိုးက နှာခေါင်းထဲသို့ တိုးဝင်လာရာ ဘယ်လိုမှ ဆက်စား၍ မရတော့ပေ။

အထူးသဖြင့် အစားတစ်ခုခု စားသောက်မည်ကြံတိုင်း နှာခေါင်းထဲသို့ ဆိုးဝါးသော ပုတ်အက်အက် အနံ့ဆိုးကြီး ဝင်လာခြင်း ဖြစ်သည်။

နောက်ဆုံးတော့ သူသည် လက်ဖက်ရည်ဆိုင်မှ ပလာတာနှစ်ချပ်ကို ယူ၍ ဆန်စက်ထဲ ယူသွားလေသည်။

ဆန်စက်ထဲ ရောက်ကာမှ စားမည် စိတ်ကူးသော်လည်း တကယ်တမ်း စားရန် ပြင်သောအခါ ပလာတာနှစ်ချပ်စလုံး မစင်နံ့များ ပါလာသဖြင့် လွှင့်ပစ်လိုက်ရလေသည်။

ဤသို့ဖြင့် ထွန်းဇော်မှာ တစ်နေ့လုံး မည်သည့်အစားအစာမှ စားသောက်၍ မရပဲ အဆာပြေ ရေကိုသာ သောက်နေရသည်။

ထိုအကြောင်းကို ရိပ်မိသောကြောင့် မိဘနှစ်ပါးက ထိုကိစ္စများနှင့် ပတ်သက်၍ တတ်သိနားလည်သော ဦးဗန်ကောင်းထံသို့ သွားရောက်မေးမြန်းကြသည်။

"ကျွန်မအထင်ပြောရရင်တော့ ထွန်းဇော်ဟာ သွေးရိုးသားရိုး ဖြစ်နေတာ မဟုတ်တန်ဘူး၊ လူပြုစားခံရတယ်လို့ ထင်တာပဲ၊ တဆိတ်လောက် ကြည့်ပေးပါ ဆရာရယ်"

ဦးဗန်ကောင်းကလည်း အကြောင်းစုံ သိထားပြီးဖြစ်သော ကြောင့် လိုရင်းကိုသာ ပြောလိုက်သည်။

"ခင်ဗျားသားက သူတော်ကောင်းတစ်ယောက်ကို စော်





ကားမိလို့ အခုလို ဖြစ်နေတာဗျ၊ သူ အခုလို ဖြစ်နေတာကို ဘယ်လို ကုလို့မှလည်း ပျောက်မှာမဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာရယ်"

"အကောင်းဆုံးကတော့ အဲဒီအဘိုးကြီးကို တွေ့အောင်ရှာပြီး ကန်တော့တောင်းပန်လိုက်ရင် ရောဂါပျောက်မှာပါ"

ဟု ပြောသဖြင့် ဖခင်ဖြစ်သူ ဦးသန်းဖေက ရွာထဲအနှံ့ လိုက်ရှာလေသည်။

ရွာထဲမှာ မတွေ့ရပဲ သုသာန်က ဇရပ်မှာ ရှိသည်ဆိုသောကြောင့် သွားရှာတော့လည်း မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပြန်လာလေသည်။

သူ အိမ်ပြန်ရောက်တော့ အတော်ကလေး မိုးချုပ်နေချေပြီ။ ထိုအခါ အိမ်ပေါက်ဝမှာ ရပ်နေသော အဘိုးအိုကို တွေ့ရလေသည်။

"ကျွန်တော်က အဘကို လိုက်ရှာနေတာ၊ အဘက ဒီမှာ ရောက်နေပါလား"

ဟု ဝမ်းသာအားရ ပြောလိုက်သည်။

"ဘာအတွက် လိုက်ရှာနေတာလဲ"

"ကျွန်တော့်သားလေးကို ပြုစားထားတာ ပြန်နှုတ်ပေးပါ အဘရယ်. . . တောင်းပန်ပါတယ်"

ဦးသန်းဖေမှာ ကုလားကပြားတစ်ယောက်ဖြစ်သောကြောင့် ရင်းပြောတတ်သလို ပြောလိုက်ခြင်းဖြစ်သည်။

"ငါက စုန်းကဝေလည်းမဟုတ်၊ အောက်လမ်းဆရာတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လည်း မဟုတ်ပဲ မင်းရဲ့သားကို ဘာကြောင့် ပြုစားရမှာလဲ၊ သူဖြစ်နေတာက သူ့ရဲ့မစ္ဆရိယစိတ်က သူ့ကို ပြန်ပြီးဒုက္ခပေးနေတာပဲဟာ"

"ဒီလိုဆိုရင်လည်း သူ့ကို စားသောက်လို့ရအောင် ကုပေးခဲ့ပါ အဘရယ်. . . တောင်းပန်ပါတယ်"

"အဲ့ဒါက ငါကုပေးလို့မရဘူး၊ သူ့ဟာသာ ဝဋ်ကြွေးကုန်ရင် အလိုလို ပျောက်သွားလိမ့်မယ်"

ဟု ပြောနေစဉ် အဘိုးကြီးအသံ ကြားသဖြင့် အိမ်ထဲမှ ထွန်းဇော် ထွက်လာလေသည်။

မမျှော်လင့်ပဲ အဘိုးကြီးကို ထပ်တွေ့ရသဖြင့် မျက်လုံးပြူးသွားလေသည်။

"ခင်ဗျား ဘာလာလုပ်ပြန်ပြီလဲ၊ ကျုပ် အခုလိုဖြစ်နေတာ ခင်ဗျားလုပ်ထားတာ မဟုတ်လား"

ဟု ပြောဆိုကာ ဒေါသဖြစ်လျက် ရှိနေသည်။

မိဘများကတော့ ထိုသို့မပြောဆိုရန် ဝင်ရောက်ဟန့်တားနေကြသည်။

"မင်းက အတော်ကို မစ္ဆရိယစိတ်ကြီးတဲ့သူငယ်ပဲ၊ မပြုပြင်ရင်တော့ တစ်နေ့ကျရင် ဒီစိတ်ကပဲ မင်းရဲ့အသက်ကို သတ်လိမ့်မယ်"

ဟု ပြောဆိုကာ လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ယူလိုက်သည်။

"မင်းက ငါ့အပေါ်မှာ စေတနာ မရှိပေမယ့် ငါကတော့





မင်းအပေါ်မှာ စေတနာ မပျက်ပါဘူး၊ မင်း အခု ဘာမှစားလို့မရဘူး မဟုတ်လား၊ ဝမ်းပြည့်အောင် ဒါစားလိုက်"

ဟု ပြောကာ အထုပ်ကို ဦးသန်းဖေလက်ထဲ ထည့်ပေးထားခဲ့ပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

ထိုအခါမှ ဦးသန်းဖေက အထုပ်ကို ဖြေကြည့်လိုက်ရာ ငှက်ပျောသီးနှစ်လုံးနှင့် မုန့်တစ်ခုကို တွေ့ရသဖြင့် ထွန်းဇော်ကို လှမ်းပေးလိုက်သည်။

ပထမတော့ ထွန်းဇော်မှာ မယူဝံ့သေးပဲ ကြည့်နေသေးသည်။

သို့သော် တစ်နေ့လုံး ဘာမှ မစားရသေးသဖြင့် ဝမ်းဗိုက်ထဲမှ တကြုတ်ကြုတ် မြည်နေရာ ဦးဖေသန်းလက်ထဲမှအထုပ်ကို လှမ်းယူပြီး နမ်းကြည့်လိုက်သည်။

တစ်နေကုန် မည်သည့်အစားအသောက်ကိုပဲ စားစားမကောင်းသော အနံ့ဆိုးကြီးသာ ထွက်နေသဖြင့် ဘာမှ စားမရဘဲရှိရာ ယခု ငှက်ပျောသီးနှင့် မုန့်တို့မှာ အခြားဘာအနံ့မှ မရပဲ ပင်ကိုယ်ရနံ့သင်းသင်းလေးသာ ရနေသဖြင့် တင်းမထားနိုင်တော့ပဲ ငှက်ပျောသီးနှစ်လုံးနှင့် မုန့်တစ်ခုကို ကုန်စင်အောင် စားပစ်လိုက်တော့သည်။

ထိုအခါမှပင် ဗိုက်ဆာလွန်းသဖြင့် ကတုန်ကယင် ဖြစ်နေမှုများ လျော့ပါးပျောက်ကွယ်သွားလေတော့သည်။

ထိုနေ့ ညဦးပိုင်းအချိန်က ခင်မေရီမှာ ဈေးဆိုင်သိမ်းနေစဉ် သူမ၏စိတ်ထဲမှာ တစ်စုံတစ်ခုကို တွေးတောနေသည်။ အခြား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။

တစ်နေ့က သမ္ဗာန်ပေါ်မှာ တွေ့ခဲ့ရသော အဘိုးကြီး အကြောင်းမင် ဖြစ်ပေသည်။

အဘိုးကြီးနှင့် တွေ့ပြီးနောက်ပိုင်း ထွန်းဇော်တစ်ယောက် ဘာမှမစားနိုင်ပဲ ဒုက္ခရောက်နေသော သတင်းကိုလည်း ကြားရလေသည်။

ခင်မေရီတို့က မိသားစု များသည်။

အဖေအမေအပြင် ညီကိုမောင်နှမ ငါးယောက်ရှိသည်။

ဖခင်ကျန်းမာရေးကောင်းသော်လည်း မိခင်ဖြစ်သူက နာတာရှည် ရောဂါသည်ဖြစ်သည်။

ကင်ဆာကဲ့သို့ ရောဂါတစ်မျိုး ဖြစ်နေသဖြင့် နေ့စဉ်လစဉ် လိုလို ဆေးဖိုးအတွက် ကုန်ကျနေရသည်။

အခြားမိသားစုဝင်များက အရွယ်မရောက်ကြသေးသောကြောင့် အိမ်တာဝန်နှင့် မိခင်ဆေးကုသရန်စရိတ်ကို ခင်မေရီကပင် ဒိုင်ခံရှာပေးရလေသည်။

သို့ကြောင့် ဈေးရောင်းသောအလုပ်အပြင် အခြားမှ လာရောက်ရောင်းချသော ငါး၊ ပုဇွန်၊ ဘဲဥ၊ ကြက်ဥများကိုပါ ကောက်ယူ၍ ရန်ကုန်သို့ နေ့စဉ်သွားကာ ရောင်းချရခြင်း ဖြစ်ပေသည်။

ထိုနေ့က ဆိုင်သိမ်းနေရင်းမှပင် သမ္ဗာန်ပေါ်မှာ အမှတ်မထင် တွေ့လိုက်သော အဘိုးအိုအား သတိရနေမိသည်။

သူမဆိုင်၌ ရေနံဆီမီးအိမ်နှစ်လုံး ထွန်းထားရာ မီးရောင်က လမ်းမပေါ်အထိ ရောက်နေသည်။





ခင်မေရီတို့အိမ်မှာ ချောင်းဘက်သို့ ကျောပေးထားပြီး လမ်းမဘက်သို့ မျက်နှာမူထားပြီး ဈေးဆိုင်က လမ်းမဘက် လှည့်ထားပြီး ကြက်ဘဲ၊ ကြက်ဥ၊ ဘဲဥ ကောက်သောဆိုင်က ချောင်းဘက်သို့ လှည့်ထားလေသည်။

ထိုအခိုက်မှာပင် တဖျပ်ဖျပ်နှင့် ခြေသံကြားသဖြင့် ဈေးဝယ်လာသူအထင်နှင့် လှမ်းကြည့်လိုက်ရာ လမ်းမပေါ်မှာ လျှောက်လာသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

အခြားမဟုတ်ပေ။

ဟိုတစ်နေ့က သမ္ဗာန်ပေါ်မှာ တွေ့ခဲ့ရသော အဘိုးအိုပင် ဖြစ်သည်။

အဘိုးအိုက တစိုက်စိုက်နှင့် လျှောက်လာရာ ဆိုင်ရှေ့သို့ ရောက်လာသည်။

"ဟင်. . . "

ခင်မေရီမှာ တအံ့တဩ ဖြစ်သွားမိသည်။

"အဘ. . . အဘ. . . ခဏနေပါဦး"

ဟု လှမ်းပြောလိုက်ကာ ဈေးဆိုင်မှ မုန့်တစ်ခုနှစ်ခု ယူပြီး အောက်သို့ ဆင်းသွားလေသည်။

"ကျွန်မ မုန့်လှူချင်လို့ပါ"

ဟု ပြောကာ လှမ်းပေးလိုက်သောအခါ အဘိုးအိုက လှမ်းယူသည်။

"သာဓုကွယ်. . . သာဓု. . . သာဓု"

"ကျွန်မ ဟိုတစ်နေ့က သမ္ဗာန်ပေါ်မှာ တွေ့ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မုန့်လှူချင်နေတာ၊ အခုမှပဲ လှူရတော့တယ်"

"မိန်းကလေး အမေရဲ့ရောဂါ သက်သာရဲ့လား"

ခင်မေရီမှာ အံ့သြသွားသည်။

"ဟို. . . ဟို သိပ်မသက်သာပါဘူး အဘရယ်၊ နာတာရှည် ရောဂါဆိုတော့ သက်သာလည်း ခဏပါပဲ"

"အဘမှာ ဆေးဝါးပစ္စည်းလေးတွေတော့ ပါလာတယ်၊ သင့် မြတ်ရင်တော့ ပျောက်သွားမှာပေါ့၊ မင်းအမေ ဘယ်မှာလဲ"

"အိမ်ထဲမှာ ရှိပါတယ် အဘ၊ လာပါ. . . ဝင်ပါ"

ဟု အဘိုးအိုက အိမ်ထဲသို့ ခေါ်သွားလေသည်။

ခင်မေရီ မိဘများကလည်း ရိုးရိုးအေးအေးမို့ ထွေထွေထူး ထူး မပြောကြပဲ နေရာထိုင်ခင်း ပေးကြသည်။

မိခင်ဖြစ်သူ ဒေါ်နှင်းရီက အိမ်အလယ်တိုင်နားမှာ မှီပြီးထိုင် နေသည်။

"မီးဖိုသေးသေးတစ်ခုကို မီးမွှေးပြီး ယူလာခဲ့ပါ"

ဟု အဘိုးအိုက ပြောသဖြင့် မောင်လေးတစ်ယောက်က မီးဖိုထဲမှာ ကျန်နေသော မီးကျီခဲများကို မီးဖိုအသေးထဲသို့ ပြောင်း ထည့်လာကာ ယူလာသည်။

"ကျန်တဲ့လူတွေ နောက်ကို နည်းနည်းဆုတ်နေကြ၊ ဆေး ထည့်လိုက်လို့ မီးခိုးငွေ့တွေ ထွက်လာရင် အဲဒီမီးခိုးငွေ့တွေကို မရှူ မိကြစေနဲ့"

ဟု ပြောသဖြင့် မလှမ်းမကမ်းနေရာ ရောက်အောင် ဆုတ် ပေးကြလေသည်။





အဘိုးအိုက မီးဖိုကို ဒေါ်နှင်းရီရှေ့နားတွင် ချကာ အိပ်ထဲမှ ဆေးထုပ်ကို ထုတ်ပြီးနောက် ဆေးမှုန့်များကို မီးဖို ဖြူးချလိုက်ရာ မီးခိုးငွေ့များ ထွက်လာသည်။

"ဒီမီးခိုးငွေ့တွေကို ရှူလိုက်"

ဟု ပြောသဖြင့် ဒေါ်နှင်းရီက မီးခိုးငွေ့များကို ရှူလိုက်ရာ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားကာ နေရာမှာ ခွေလဲကျသွားတော့ သည်။

ခင်မေရီတို့မှာ မိခင်အတွက် စိတ်ပူသွားကြသော်လည်း အနားမကပ်ကြနှင့်ဟု မှာထားသဖြင့် အနားမကပ်ဝံ့ကြပေ။

ထို့ပြင်. . .

မီးဖိုထဲမှ ထွက်လာသော မီးခိုးငွေ့များ၏ပုံသဏ္ဌာန်တို့မှာ လည်း နတ်၊ နဂါး၊ ဂဠုန် ပုံစံအမျိုးမျိုး ရှိနေသောကြောင့် ပို၍ထိတ် လန့်ကြလေသည်။

မီးခိုးငွေ့၌ ဖြစ်ပေါ်နေသော ပုံရိပ်သဏ္ဌာန်တို့က ဒေါ်နှင်းရီ ခန္ဓာကိုယ်ထဲသို့ ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်နှင့် ရှိနေသည်ကို လည်း အတိုင်းသား လှမ်းမြင်နေရသည်။

အတန်ကြာတော့မှ မီးခိုးငွေ့များမှာ မှေးမှိန်ပျောက်ကွယ် သွားလေတော့သည်။

ထိုအခါမှ အဘိုးအိုက နေရာမှ ထလာပြီး ခင်မေရီကို ပြော သည်။

"သူ ရောဂါသက်သာသွားလို့ အိပ်ပျော်သွားပြီ၊ မနက် မိုးလင်းရင် ကောင်းသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ အပြင်ဘက်သို့ ပြန်ထွက်သွားလေတော့သည်။ ခင်မေရီ စိတ်ထဲမှာတော့ ဝမ်းသာသည့်စိတ်များ တရိပ်ရိပ် တက်လာလေသည်။





## အခန်း ( ၄ )

# ဆုတောင်းပြည့်သော မျှော်ဝင်ရှစ်

**နောက်** တစ်နေ့ မနက်စောစော အချိန်တွင် ခင်မေရီတစ်ယောက် ကူးတို့ဆိပ်ကမ်းသို့ ရောက်လာသည်။

ထိုအချိန်တွင် နီမောင်မှာ သမ္ဘာန်ထွက်ရန်အတွက် သမ္ဘာန်ကို ပြင်ဆင်နေသောအချိန်ဖြစ်သည်။

ခတ်တက်၊ ခတ်ကွင်း၊ ခတ်တိုင်၊ ထိုးဝါး၊ ရေပက်ခွက် စသည်တို့ စုံလင်အောင် ထည့်နေသည်။

ခရီးသည်များ ဆင်းလာလျှင် သန့်ရှင်းစွာ ထိုင်စေရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ထိုင်ခုံနေရာများကို သုတ်သင်ရှင်းလင်းနေသည်။

ထိုသို့ပြုလုပ်နေစဉ် ဘာပစ္စည်းမှ မပါပဲ လက်ချည်းသက်သက်နှင့် ဆင်းလာသော ခင်မေရီကို လှမ်းမြင်လိုက်သောအခါ အံ့ဩသွားလေသည်။

"ခင်မေရီ သွားတော့မလား၊ ပစ္စည်းတွေရော ဘယ်မှာလဲ"

"ငါ ရန်ကုန်မသွားသေးဘူး၊ နင်နဲ့ တွေ့ချင်လို့ ဆင်းလာတာ"

"ဟင်. . . ဘာကိစ္စရှိလို့လဲ"

"ကဲ. . . ခဏလောက် တက်ခဲ့ပါ၊ အပေါ်ရောက်တော့မှ ငါ အကျိုးအကြောင်း ပြောပြပါ့မယ်"

ဟု လှမ်းခေါ်သဖြင့် နီမောင်က ကမ်းပေါ်သို့ ပြန်တက်လာသည်။

"ဘာများလဲ"

"ညက အဘရောက်လာပြီး ဆေးကုပေးသွားတာ ငါ့အမေ ရောဂါပျောက်သွားပြီဟ၊ အဲ့ဒါ နင့်ကို ကျေးဇူးတင်လို့ ငါလာပြောတာ"

"နေစမ်းပါဦး ခင်မေရီရဲ့၊ ဘယ်က အဘက ဆေးကုပေးလို့ ငါ့ကို ကျေးဇူးတင်နေရတာလဲ"

"နင် တစ်နေ့က သမ္ဘာန်ပေါ် တင်ခေါ်လာတဲ့ အဘိုးကို ပြောတာ၊ သူ ညတုန်းက ငါ့အိမ်ရောက်လာတယ်"

ခင်မေရီက အကျိုးအကြောင်း ပြောပြလေသည်။

"အေးဟာ. . . နင့်အမေ ရောဂါပျောက်သွားတာ ငါဝမ်းသာပါတယ်"

"ဒါထက် အဲဒီအဘကို ငါတွေ့ချင်တယ် နီမောင်၊ သူ ဘယ်မှာရှိမလဲဟင်"

"ငါလည်း မသိဘူး၊ ဒီရက်ထဲမှာတော့ ရွာထဲမှာ မတွေ့မိဘူး၊ သူပြောတော့ တွံတေးရွှေဆံတော် သွားပြီး အဓိဋ္ဌာန်ဝင်မယ်လို့ ပြောသွားတယ်၊ အဲဒီကို သွားတာ ဖြစ်မှာပေါ့"

"ဟာ. . . နင်ကလည်း မဟုတ်တာ၊ ခနောင်တိုနဲ့ တွံတေးက အဝေးကြီးရယ်၊ ဘယ်လိုသွားမလဲ"

"သူ သွားချင်ရင် သွားနိုင်မှာပေါ့၊ ငါလည်း ဘယ်သိပ့်မလဲ"

"တကယ်လို့ နင်နဲ့ တွေ့ရင် ငါ့ကို လာပြောပါဟာ၊ ငါ ကျေးဇူးဆပ်ချင်လို့ပါ"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"နင် ဒီကနေ့ ရန်ကုန်ဘက် သွားဦးမှာလား"

"ဟင့်အင်း. . . ဒီကနေ့တော့ မသွားတော့ဘူး၊ အမေ နေကောင်းလာတာ ကြည့်ပြီး ဝမ်းသာနေတာနဲ့ ဘာမှ မလုပ်ရသေးဘူး၊ နောက်တစ်နေ့မှပဲ သွားတော့မယ်"

ဟု ပြောဆိုကာ ပြန်သွားလေသည်။

နီမောင်လည်း အခြားခရီးသည်များကို တင်ဆောင်ကာ သမ္ဘာန်ထွက်လာခဲ့လေသည်။

ထိုနေ့က ညနေပိုင်း အိမ်ပြန်ရောက်သောအခါ အံ့ဩဖွယ်ရာမြင်ကွင်းကို တွေ့ရလေသည်။

လွယ်အိတ်ကြီးတစ်လုံး လွယ်ကာ တောင်ဝှေးတစ်ချောင်း





www.burmeseclassic.com

www.burmeseclassic.com



နှင့် ရွာစဉ်အနှံ့ လျှောက်သွားနေသော အဘိုးအိုမှာ သူနေသော အိမ်သို့ ရောက်နေနှင့်ပေပြီ။

နီမောင့်မိဘများက အစားအသောက်များနှင့် ကျွေးမွေး ဧည့်ခံထားလေသည်။

"မင်းလာအောင် စောင့်နေမယ်ဆိုလို့ အစားအသောက်တွေနဲ့ ကျွေးမွေးထားပါတယ်"

နီမောင်က အဘိုးအိုအနီးသို့ သွားကာ အကျိုးအကြောင်း မေးကြည့်ရသည်။

"အဘ ဟိုရက်က ဘယ်သွားနေတာလဲ"

"တွံတေးရွှေဆံတော် သွားနေတာပါ။ အခုမှ ပြန်ရောက်လာတာ"

နီမောင့်စိတ်ထဲမှာ 'တွံတေးကို ဘယ်လိုသွားပြီး ဘယ်လို ပြန်လာတာလဲ' ဟု မေးချင်သော်လည်း မမေးဖြစ်တော့ပေ။

"အခု ကျွန်တော့်ဆီ လာတာ ဘာကိစ္စရှိလို့လဲ အဘ"

"ငါ့မြေးကို ပေးစရာတစ်ခုရှိလို့ လာခဲ့တာပါ"

ဟု ပြောကာ လွယ်အိတ်အဟောင်းအတွင်းမှ အဝတ်စဖြင့် ပတ်ထားသော အထုပ်ကို ထုတ်လိုက်သည်။

"အဘက အဓိဋ္ဌာန်ဝင်ရမယ့်ကိစ္စ ပြီးသွားပြီဆိုတော့ ဒီနေရာကနေ တခြားနေရာကို ခရီးဆက်ရဦးမယ်၊ ဘယ်ရောက်လို့ ဘယ်ပေါက်မယ် မသိရသေးတော့ နောက်ထပ်တွေ့ကြဖို့ဆိုတာက တော့ ကျိန်းသေပြောလို့ မရဘူး၊ ဒါကြောင့် ငါ့မြေးကို ကူညီစောင့် ရှောက်ချင်တာနဲ့ ဒီကိုတမင်လာခဲ့တာပဲ"





ဟု ပြောပြသည်။

"ဗျာ. . . ကျွန်တော့်ကို ကူညီစောင့်ရှောက်ချင်လို့ ဟုတ်လား အဘ"

"ဟုတ်ပါတယ်. . . ဒါကြောင့် ခနောင်တိုကို တမင်လိုက်လာတာပါ။ မဟုတ်ရင် ရန်ကုန်ကနေ တွံတေးကို သွားရင် အဘအတွက် မခက်ခဲလှပါဘူး"

ဟု ပြောကာ လက်ထဲမှ အထုပ်ကလေးကို လှမ်းပေးသဖြင့် နီမောင်က လှမ်းယူလိုက်သည်။

ထို့နောက် ပတ်ထားသော အဝတ်စကို ဖြေကြည့်လိုက်သောအခါ. . .

လက်မသာသာအရွယ်ခန့်ရှိ လူပုံစံအရုပ်သေးသေးတစ်ရုပ်ကို တွေ့ရလေသည်။

"ဒါ ဘာရုပ်လဲ အဘ"

"အဘ ဟိမဝန္တာ ရောက်တုန်းက အိန္ဒိယယောဂီကြီးတစ်ဦးနဲ့ သိကျွမ်းဖူးတယ်၊ ယောဂကျင့်စဉ်တွေကို အတူတူ အားထုတ်ခဲ့ကြတယ်ဆိုရင်လည်း မမှားဘူး. . .

သူ သေကာနီးတော့ အဘကို မှာသွားတယ်၊ သူ့ရဲ့လက်ဆစ်ရိုးတစ်ခုဟာ သာမန်နဲ့ မတူပဲ လူရုပ်သဏ္ဌာန် ဖြစ်နေတယ်တဲ့၊ အဲဒီအရုပ်ဟာ လိုအပ်တဲ့ဆုသုံးဆု တောင်းယူလို့ ရတယ်လို့ မှာသွားတယ်၊ အဘအတွက်ကတော့ ဒီအရုပ်ကိုသာ ယူထားခဲ့ရပေမယ့် လောကီကိစ္စတွေ မရှိတော့ ဘာမှ မသုံးရသေးပါဘူး"

နီမောင်က အဘိုးအို ပြောသမျှကို အံ့သြစွာဖြင့် နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ဒါကြောင့် ဒီရုပ်တုကလေးကို ငါ့မြေးကို ပေးထားခဲ့မယ်၊ ငါ့မြေး လိုတဲ့ဆုသုံးဆု တောင်းယူပေတော့၊

ကိုယ်မသုံးချင်လို့ တခြားလူတစ်ဦးတစ်ယောက်ကို အကူအညီပေးမယ်ဆိုရင်လည်း ဆုသုံးဆု မပြည့်သေးရင် အကူအညီပေးလို့ရတယ်၊

ဒါပေမယ့် သုံးဆုတောင်းယူပြီးရင်တော့ အရုပ်ကလေးကို အဝတ်နဲ့ပတ်၊ ငှက်ပျောဖောင်ပေါ် တင်ပြီးတော့ မြစ်ထဲကို တစ်ခါတည်း မျှောချလိုက်ရမယ်၊ ဒါကိုတော့ မမေ့လေနဲ့၊ အဘ သွားတော့မယ်"

ဟု ပြောဆိုကာ နေရာမှ ထလိုက်သည်။

ထိုအခါမှ နီမောင်က ကပျာကယာ မေးလိုက်သည်။

"အဘ ဘယ်ကို သွားမှာလဲ၊ ရန်ကုန်ဘက်ကိုလား. . . ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ရပါတယ်ကွယ်. . . အလာတုန်းကသာ မင်းနဲ့ တွေ့ရအောင်လို့ တမင်လိုက်လာတာပါ၊ အပြန်မှာတော့ ပို့ပေးစရာ မလိုပါဘူး၊ ငါ့မြေးက ဆင်းရဲပေမယ့် စေတနာ ဖြူစင်တော့ အခုလို အကျိုးကျေးဇူးရတယ်လို့ပဲ မှတ်ထားပေါ့"

ဟု နေဝင်ရီတရောအချိန်မှာပင် အပြင်သို့ ထွက်သွားလေသည်။ နီမောင်က လက်ထဲမှ အရုပ်ကလေးကို ကြည့်နေရင်း ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

အတန်ကြာမှ သတိရသဖြင့် အပြင်သို့ လိုက်ကြည့်သော





အခါ အဘိုးအိုကို မတွေ့ရတော့ပေ။

ထိုအခါမှ အိမ်ထဲ ပြန်ဝင်လာပြီး သားအမိသားအဖ သုံးယောက် ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေသည်။

"အမေ ဘယ်လိုလုပ်မလဲ"

"မလုပ်ပါနဲ့ သားရယ်၊ လူဆိုတာ အတိတ်ဘဝက ကုသိုလ်ကံ အလိုလို ပါလာပြီးသားပါ၊ ဒါကို ဆန့်ကျင်ဘက် လုပ်ပြီး ယူတဲ့ ဥစ္စာပစ္စည်းမျိုးကလည်း မခိုင်မြဲတတ်ပါဘူး"

ဟု မိခင်ဖြစ်သူက ကန့်ကွက်ပြောဆိုလေသည်။

"ဒီလိုဖြင့် ဥစ္စာပစ္စည်း မတောင်းပဲ တခြားလိုချင်တာတစ်ခုခု တောင်းယူရင် မကောင်းဘူးလား"

"ဒီလိုဆိုရင်လည်း တခြားဆုတော့ မတောင်းနဲ့၊ မင်းမိန်းမ မြန်မြန်ရပါစေလို့ပဲ ဆုတောင်းတော့"

"အို. . . အမေကလည်း မလုပ်ပါနဲ့၊ ကျွန်တော် မိန်းမ မယူချင်သေးပါဘူး"

"ဒါဖြင့် ဘာဆုတောင်းမှာလဲ"

ထိုအခါ ဘခင်ဖြစ်သူ ဦးဘရှိန်က ဝင်ပြောသည်။

"ဒီလိုလုပ်ကြပါလား. . . ငါတို့အိမ်ကလေးက အတော်ဆိုင်နဲ့နေပြီ၊ မိုးဦးမကျရင် အိမ်ပြင်ဆောက်ရမှာဆိုတော့ အိမ်သစ်တစ်လုံးရပါစေလို့ ဆုတောင်းကြည့်ရင် မကောင်းဘူးလား"

နီမောင်တို့ နေသောအိမ်မှာ ချောင်းကမ်းစပ်တွင် ဆောက်ထားသောအိမ်ဖြစ်သည်။

ရေကျချိန်မှာ အိမ်အောက်မှာ လတာပြင် ပေါ်နေပြီး ရေ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လာချိန်တွင် အိမ်အောက်သို့ ရေရောက်လာသည်။

တစ်ခါတစ်ရံ ရေကြီးသောအချိန်တွင် အိမ်ကြမ်းပြင်သို့ပင် ရေလာထိနေတတ်သည်။

ဆောက်ထားသော အိမ်မှာလည်း စင်ပေါင်းတိုင်၊ ဝါးထရံကာ ဓနိမိုး၊ ပျဉ်ခင်းထားသော သုံးပင်အိမ်ကလေးပင် ဖြစ်၏။

"အမေပြောတဲ့အတိုင်း လုပ်ကြည့်ရင် မကောင်းဘူးလား အမေ"

"နင်တို့သဘောပဲ"

ဟု ပြောသဖြင့် နီမောင်က မယုံမရဲနှင့် အရုပ်ကလေးကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ပြီး ဆုတောင်းလိုက်သည်။

"ကျွန်တော်တို့ အိမ်သစ်တစ်လုံး အမြန်ဆုံး ရပါစေ"

ဟု ပြောဆိုလိုက်သောအခါ ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ လေပြင်းတိုက်ခတ်သလို တဝေါဝေါနှင့် အသံများ မြည်သွားလေသည်။

ခဏကြာတော့မှ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ထို့နောက် နီမောင်က အရုပ်ကလေးကို အဝတ်နှင့် ပြန်ပတ်ပြီး မိမိအိပ်ယာနံဘေးသို့ ယူဆောင်သွားကာ အိပ်ယာဝင်လေတော့သည်။ နီမောင်မှာ တစ်နေကုန် သမ္မာန်ခတ်ရသဖြင့် ပင်ပန်းလွန်းသောကြောင့် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားလေတော့သည်။

ထိုသို့ အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ တွေ့ရသလိုလိုနှင့် ယောဂီကြီးတစ်ဦးကို တွေ့မြင်ရသည်။





ယောဂီကြီးမှာ အသက်အရွယ် ကြီးရင့်လှပြီး သူ့ရှိရာသို့ တရွေ့ရွေ့နှင့် လာနေသည်။

အနားရောက်သောအခါ နီမောင်ကို ကြည့်ကာ ပြောလေသည်။

"မင်းလိုချင်တဲ့ အိမ်သစ်တစ်လုံး မကြာခင် ရစေမယ်"

ဟု ပြောဆိုကာ တဖြည်းဖြည်းနှင့် မှုန်ဝါးကာ ပျောက်ကွယ်သွားလေတော့သည်။

ထိုသို့ ပြောသွားပြီး မရှေးမနှောင်းမှာပင် ပြင်းထန်သော အသံကြီးတစ်ခု ပေါ်လာတော့သည်။

"ဝုန်း. . . ဝုန်း. . . ဝုန်း"

"အမယ်လေး. . . လုပ်ကြပါဦး"

နီမောင် အိပ်ယာမှ လန့်နိုးလာသောအချိန်မှာ ရေထဲသို့ ရောက်နေတော့သည်။

လူကသာ ရေထဲ ကျသွားသော်လည်း အရုပ်ထည့်သော အိတ်ကလေးကတော့ သူ့လက်ထဲမှာ ပါလာသေးသည်။

နီမောင် ကြည့်လိုက်သောအခါ ကြီးမားသော စီဘီသင်္ဘောကြီးတစ်စင်း၏ဦးပိုင်းကြီးကို မြင်ရပြီး သူတို့အိမ်ကလေးကတော့ တစ်စစီဖြစ်ကာ ရေထဲ၌ မျောပါလျက် ရှိနေချေပြီ။

အဖြစ်မှန်ကတော့ စပါးတင်လာသော စီဘီသင်္ဘောတစ်စင်းမှာ ဝဲကတော့ မိပြီး အရှိန်မထိန်းနိုင်တော့ဘဲ ကမ်းနံဘေးသို့ ထိုးဝင်လာရာမှ နီမောင်တို့ အိမ်ကလေးကို ဝင်ရောက်တိုက်မိခြင်း ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစု သုံးယောက်စလုံး ထိခိုက်ဒဏ်ရာ မရကြသော်လည်း အိမ်ဂ. `လးကတော့ စေ့စေ့ညက်ညက် ကြေသွားတော့သည်။

နောက်တစ်နေ့မှာပင် ကုလားသူဌေးတစ်ယောက် ရောက်လာပြီး အိမ်ဆောက်ရန်အတွက် လျော်ကြေးငွေနှစ်ထောင် လာပေးသဖြင့် နောက်ထပ်အိမ်တစ်လုံး အလျင်အမြန် ဆောက်ကြရသည်။

ငွေနှစ်ထောင်နှင့် ဆောက်ရသဖြင့် ယခင်က ဓနိမိုးအိမ်ကလေးအစား ပျဉ်ထောင်သွပ်မိုးအိမ် ဖြစ်လာတော့သည်။

သို့သော်လည်း ကြောက်လန့်ဖွယ်ရာကောင်းသော အဖြစ်အပျက်များကြောင့် နောက်ထပ် ကျန်တဲ့နှစ်ဆုကို မတောင်းဝံ့တော့ပဲ ထိုအရုပ်ကလေးကို သိမ်းထားလိုက်လေသည်။

နီမောင်မှာ အိမ်ဆောက်နေရသောကြောင့် ရက်အတန်ကြာသည်အထိ ကူးတို့သမ္ဗာန် မထွက်နိုင်ပဲ အိမ်ပြီးမှသာ သမ္ဗာန်ပြန်ထွက်နိုင်တော့သည်။

ထိုအခါ ခင်မေရီနှင့် တွေ့သဖြင့် ခင်မေရီက မေးသည်။

"နင်တို့အိမ်ကို စီဘီသင်္ဘောကြီး ဝင်တိုက်တာ အိမ်ပြိုရုံပြိုပြီး လူတွေ ဘာမှမဖြစ်တာ ကံကောင်းတာပေါ့နော်"

"ဟုတ်တယ်. . . ငါဖြင့် အဲဒီညက အိပ်ပျော်နေရင်းနဲ့ လန့်သွားတာပဲ"

"ဒါပေမယ့် အဆိုးထဲက အကောင်းလို့ ပြောရမှာပေါ့၊ အိမ်အဟောင်းကနေ အိမ်အသစ်တစ်လုံး ရလိုက်တာ ကံကောင်းတယ်ဆိုရမှာပေါ့"





"ကံကောင်းတာ မဟုတ်ပါဘူး ခင်မေရီရယ်၊ ငါ့ပါးစပ်က ဆတ်ဆော့လိုက်လို့ အခုလို ဖြစ်ရတာပါ"

"နေစမ်းပါဦး. . . နင်က ဘာသွားပြောမိလို့လဲ"

နီမောင်က လွှတ်ကနဲ စကားစလိုက်ပြီးမှ ထိုအကြောင်းများကို ခင်မေရီအား ပြောသင့်မပြောသင့် ချိန်ဆနေရသည်။

"နီမောင် ပြောလေ. . . ဘာစဉ်းစားနေတာလဲ"

နီမောင်က သမ္ဗာန်ခတ်ရင်း စဉ်းစားနေသဖြင့် ခင်မေရီက လှမ်းမေးလိုက်သည်။

"ငါ့အဖြစ်က အတော်ကလေး ထူးဆန်းတယ်ဟ၊ တိုက်ဆိုင်မှု ဖြစ်တာလည်း ဖြစ်နိုင်တယ်၊ အဘမပြန်ခင်က ငါ့ဆီကို ရောက်လာတယ်"

ဟု အစချီကာ နီမောင်က အဘိုးအို ပေးခဲ့သောအရုပ်ကလေးအကြောင်းကို ပြောပြလိုက်ရာ ခင်မေရီမှာ ပါးစပ်အဟောင်းသားနှင့် များစွာစိတ်ဝင်စားလေသည်။

"ငါ့စိတ်ထဲမှာ အခုလိုဖြစ်တာ တိုက်ဆိုင်မှုလား၊ ဒါမှမဟုတ် အဘပေးသွားတဲ့ အရုပ်ကလေးကပဲ အစွမ်းထက်တာလားတော့ မပြောတတ်ဘူး"

"ဟာ. . . နင်ကလည်း၊ တိုက်ဆိုင်မှုတော့ မဟုတ်နိုင်ဘူး၊ အရုပ်ကလေးက စွမ်းတာကြောင့်ပဲ ဖြစ်မှာပေါ့၊ နင်က ပိုက်ဆံများများရပါစေလို့ ဆုမတောင်းပဲ ဘာကြောင့် အိမ်ရပါစေလို့ ဆုတောင်းရတာလဲ"

"အမေက ပြောတယ်၊ ကိုယ်နဲ့ မထိုက်တာကို ဆုမတောင်း



www.burmeseclassic.com

www.burmeseclassic.com



ရဘူးတဲ့၊ အဲသည်လို ဆုတောင်းမိရင် အန္တရာယ်ဖြစ်တတ်တယ်လို့ ပြောတယ်၊ ဒါကြောင့် ဆုမတောင်းဝံ့တာ”

“ဒါဖြင့် ဆုတစ်ခု တောင်းပြီးပြီဆိုတော့ နောက်ထပ်နှစ်ခု တောင်းဖို့ ကျန်သေးတာပေါ့နော်”

“ဟုတ်တယ်. . . နင် တစ်ခုလောက် ဆုတောင်းကြည့်ပါလား”

“အို. . . ကြောက်စရာကြီး၊ တော်ကြာ နင့်အမေပြောသလို ကိုယ်တောင်းတဲ့ဆု မရပဲ တော်ကြာမှ ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေ ရောက်လာရင် ဘယ့်နှယ်လုပ်မလဲ၊ နင်တို့တောင် အိမ်သစ်တော့ ရပါရဲ့၊ သဘော်ကြီး ဝင်တိုက်လို့ လူတွေ မသေတာ ကံကောင်းတာပေါ့”

ဟု ပြောသည်။

သို့သော် ထိုအကြောင်းကတော့ ခင်မေရီက သူ့မိဘများကို ပြန်ပြောရာမှတစ်ဆင့် ခနောင်တိုတစ်ရွာလုံး တစ်စတစ်စ ပြန့်နှံ့သွားလေတော့သည်။





အခန်း ( ၅ )

# မော်ဝင်ရုပ်နှင့် ထူးဆန်းသော တိုက်ဆိုင်မှု

ထိုသတင်းကို ကြားသောအခါ ဦးဗန်ကောင်း ရောက်လာပြီး အကျိုးအကြောင်း မေးသည်။

နီမောင်က အကြောင်းစုံ ပြောပြပြီးနောက် သိမ်းထားသော ရုပ်တုကလေးကို ထုတ်ပြလိုက်သည်။

ဦးဗန်ကောင်းက ရုပ်တုကလေးကို အသေအချာ ကြည့်သည်။ ပြီးလျှင် မျက်စိမှိတ်ကာ အာရုံခံကြည့်သည်။

အတန်ကြာသောအခါမှ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရုပ်ထုက သိဒ္ဓိဝင်နေပြီဆိုတော့ လိုတဲ့ဆု တောင်းလို့ရပြီပေါ့"

"ဘယ်လိုသိဒ္ဓိမျိုးလဲ အဘ"

"သိဒ္ဓိကတော့ အမျိုးမျိုး ရှိတာပေါ့ကွာ၊ သိဒ္ဓိ(၁၀)ပါးလို့သာ ပြောနေကြပေမယ့် လောကီသိဒ္ဓိ(၁၀)ပါး၊ လောကုတ္တရာသိဒ္ဓိ(၁၀)ပါးဆိုပြီး နှစ်မျိုးရှိသေးတယ်"

လောကီသိဒ္ဓိ(၁၀)ပါးတို့မှာ. . .

(၁)ပီယသိဒ္ဓိ၊ (၂)နေသိဒ္ဓိ၊ (၃)လာဘသိဒ္ဓိ (၄)ယောဂသိဒ္ဓိ (၅)ကာယသိဒ္ဓိ (၆)ပထဝီသိဒ္ဓိ (၇)ဥဒကသိဒ္ဓိ (၈)အာကာသသိဒ္ဓိ (၉)တေဇောသိဒ္ဓိ၊ (၁၀)အဟာရသိဒ္ဓိတို့ဖြစ်သည်။

(၁) ပီယသိဒ္ဓိ ဟူသည်မှာ ခုနစ်ရက်သားသမီးများ လူ၊ နတ်၊ ပြဟ္မာ၊ မိစ္ဆာသတ္တဝါများက အလိုအလျောက် ရင်မှ ပေါက်ဖွားသော သားကဲ့သို့ ချစ်ခင်ခြင်းကိုဖြစ်စေ၊ ပြီးမြောက်စေခြင်းကို ခေါ်သည်။

(၂) နေသိဒ္ဓိ ဟူသည်မှာ ဥစ္စာဓန စသော ပစ္စည်းဥစ္စာရတနာ စသော အသုံးအဆောင် အမျိုးမျိုးတို့သည် မိမိအလိုရှိသောအခါ တောင့်တသောအခါ ပြည့်စုံပြီးမြောက်စေခြင်းကို ခေါ်သည်။

(၃) လာဘသိဒ္ဓိ ဟူသည်မှာ စီးပွားလာဘ်လာဘနှင့် ပတ်သက်လာလျှင် လိုလေသေးမရှိ ပေါများရှင်လန်းခြင်းကို ခေါ်သည်။

(၄) ပယောဂသိဒ္ဓိ ဟူသည်မှာ အခြားတစ်ပါးသောသူ၏ အနှောင့်အယှက် စသော အန္တရာယ်အသွယ်သွယ်တို့ ကင်းဝေးစေခြင်းကို ခေါ်သည်။

(၅) ကာယသိဒ္ဓိ ဟူသည်မှာ ကိုယ်၌ ဖြစ်ပေါ်တတ်သော ရောဂါဝေဒနာနှင့် ကိုယ်တွင် ဖြစ်ပေါ်စေတတ်သော ထိခိုက်ရှနာခြင်းများမှ ကင်းဝေးစေခြင်းကို ခေါ်သည်။

(၆) ပထဝီသိဒ္ဓိ ဟူသည်မှာ မြေအတွင်းသို့ ဖောက်ထွင်းဝင်ရောက်သွားလာနိုင်စေခြင်းကို ခေါ်သည်။

(၇) ဥဒကသိဒ္ဓိ ဟူသည်မှာ မြေပြင်ခဲ့သို့ သွားလာနိုင်ခြင်း၊ ရေဘေးအန္တရာယ်ဖြင့် ကင်းဝေးစေခြင်းကို ခေါ်သည်။

(၈) အာကာသသိဒ္ဓိဟူသည်မှာ အာကာသ လောကဓါတ်တွင် မည်သည့်ယာဉ်မျှ မပါဝင်ဘဲ သွားလာနိုင်ခြင်း၊ (လောကီစျာန်ရခြင်းမျိုးပင် ဖြစ်သည်)အာကာသတွင် ရှိသော ဂြိုဟ်၊ နက္ခတ်တာရာ အစရှိသော စကြာဝဠာသို့ သွားလာနိုင်ခြင်း၊ စကြာဝဠာအတွင်းရှိ ဂြိုဟ်၊ နက္ခတ်တာရာတို့၏အခြေအနေများကို ကောင်းစွာသိမြင်ခြင်းကို ခေါ်သည်။

(၉) တေဇောသိဒ္ဓိ ဟူသည်မှာ ပူခြင်း၊ အေးခြင်း စသောသဘာဝ၏ဒဏ်ချက်ကို ခံနိုင်ခြင်း၊ မီး၏အပူဒဏ်ကိုလည်းကောင်း၊ ရေခဲမက အေးလှသော အအေးဒဏ်ကိုလည်းကောင်း ခံနိုင်ခြင်းကို ခေါ်သည်။

(၁၀) အာဟာရသိဒ္ဓိဟူသည်မှာ အစားအသောက် အဟာရများကို မတောင့်တဘဲနှင့် ရရှိခြင်း၊ အာဟာရကို မစားသောက်ဘဲ နေနိုင်ခြင်း၊ မည်သည့်အာဟာရကိုမဆို စားသောက်သော်လည်း အန္တရာယ်မရှိခြင်းကို ခေါ်သည်။





www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ သိဒ္ဓိ(၁၀)ပါးတို့ကို လောကီသိဒ္ဓိဟူ၍ ခေါ်သည်။ ၎င်းသိဒ္ဓိများ ပြီးမြောက်စေရန် ဝိဇ္ဇာပညာကို လေ့လာကြိုးစားကျင့်ကြံပြီးမှသာလျှင် ထွက်ရပ်ပေါက်စေရန် ကြိုးစားနိုင်ကြပေသည်။

လောကုတ္တရာနှင့် ယှဉ်သော သိဒ္ဓိ(၁၀)ပါးတို့မှာ. . .

(၁) မိဌာန်သော အဓိဋ္ဌာနက္ကဒ္ဓိတန်ခိုး။

(၂) ရုပ်အမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဝိကုဗ္ဗနာက္ကဒ္ဓိတန်ခိုး။

(၃) ဈာန်စိတ်ကြောင့် ပြီးသော ကိုယ်ကို ဖြစ်စေသော မနောမယက္ကဒ္ဓိတန်ခိုး။

(၄) အရဟတ္တမဂ်ဉာဏ်၏ပျံ့ခြင်းအဟုန်ရှိသော ဉာဏဝိပ္ပါရက္ကဒ္ဓိတန်ခိုး။

(၅) သမာဓိ၏ပျံ့ခြင်းအဟုန် ရှိသော သမာဓိ ဝိပ္ပါရက္ကဒ္ဓိတန်ခိုး။

(၆) အရိယာ၏ကိုယ်ပိုင်ဥစ္စာဖြစ်သော အရိယာက္ကဒ္ဓိတန်ခိုး

(၇) အမှတ်မထင်သော ကံ၏အကျိုးကြောင့် ဖြစ်သော ကမ္မဝိပါကဇ က္ကဒ္ဓိတန်ခိုး။

(၈) အာတပ္ပနကျမ်းအတတ်ကြောင့် ဖြစ်သော ဝိဇ္ဇာမယက္ကဒ္ဓိတန်ခိုး။

(၉) လွန်ကဲသော ဘုန်းကံပါရမီ ရှိသူတို့၏အဖြစ်ဟူသော ပုညဝတော က္ကဒ္ဓိတန်ခိုး။

(၁၀) ထိုထိုကိစ္စကြီးငယ်တို့၌ သင့်လျော်သော ဥပါယ်တမျဉ်ဖြင့် အားထုတ်ခြင်းကြောင့် ပြီးစီးပြည့်စုံသော သမ္မာပယောဂ





ပစ္စယက္ကဒ္ဓိတန်ခိုး။

ဟူ၍ စုစုပေါင်း သိဒ္ဓိ(၁၀)ပါးဖြစ်ပေသည်။

"အဲဒီသိဒ္ဓိတွေထဲက တစ်ပါးပါး ဝင်ရောက်ကိန်းနေတဲ့ ပစ္စည်းတွေဟာ လိုရာဆန္ဒကို ပြီးမြောက်စေတယ်၊ မင်း ဒီပစ္စည်းကို ရပြီးမှ ဆုဘယ်နှစ်ကြိမ် တောင်းပြီးပြီလဲ"

"တစ်ခုပဲ တောင်းရသေးတယ် အဘ၊ အိမ်သစ်တစ်လုံး ရပါစေလို့ ဆုတောင်းလိုက်တာ လက်ရှိနေတဲ့အိမ်ကို စီဘီသဘော် ဝင်တိုက်လို့ ပြိုကျသွားတော့တာပဲ၊

လျော်ကြေးရလို့ အိမ်သစ်တော့ ရလိုက်ပါရဲ့၊ ဒါပေမယ့် လူတွေရဲ့အသက်အန္တရာယ်ကတော့ အတော်ကလေး နီးတယ်"

ဟု နီမောင်က ပြောပြသည်။

ဦးဇန်ကောင်းက ပါးစပ်ထဲမှ ဝါးနေသောကွမ်းဖတ်များကို ထွေးထုတ်လိုက်ပြီး ကွမ်းအစ်ထဲမှ နောက်ထပ်ကွမ်းတစ်ယာ ယာစားနေပြန်သည်။

"ဆုတောင်းတယ်ဆိုတာ ဆုတောင်းတိုင်း ရတာမဟုတ်ဘူးကွ၊ ပါရမီ ရှိမှသော်လည်းကောင်း၊ အတိတ်ဘဝက ကုသိုလ်ကံရှိမှသော်လည်းကောင်း တိုက်ဆိုင်မှ ရတယ်၊

မြတ်စွာဘုရားတောင်မှ ဘုရားဆုကို တောင်းယူလို့ ရတာမဟုတ်ဘူး၊ ဘဝပေါင်းများစွာ ပါရမီဖြည့်ကျင့်ခဲ့လို့သာ ဘုရားအဖြစ်ကို ရတာ. . .

ဇောတိကသူဌေးကြီး ချမ်းသာတယ်ဆိုတာ ဒီဘဝ ဆုတောင်းကြောင့် မဟုတ်ဘူး၊ အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ



www.burmeseclassic.com

တွေကြောင့် ပေးလို့မကုန် လှူလို့မခမ်း ချမ်းသာတာကွ၊ ဒါကြောင့် ဆုတောင်းဆိုတာ ဆုတောင်းတိုင်း ရတာမဟုတ်ဘူး၊ လိုချင်တာကို ရအောင်ကြိုးစားမှ ဆုတောင်းပြည့်တာ"

"ဟုတ်ပါတယ် အဘ၊ တကယ်လို့ ကိုယ်နဲ့ မတန်တဲ့ဆုကို တောင်းမိရင် ဘယ်လိုဖြစ်မလဲ အဘ"

"မင်းလက်ထဲမှာ ရောက်နေတဲ့ ရုပ်ထုက သိဒ္ဓိရှိတဲ့ရုပ်တု ဆိုတော့ သူ့ရဲ့စွမ်းအားနဲ့ မင်းလိုချင်တဲ့ဆုကို ရအောင်လုပ်ပေးမှာပဲ"

"ဒါပေမယ့် ကိုယ်နဲ့ မထိုက်တန်တဲ့ဆုကို တောင်းရင် ဘယ်လိုဖြစ်မလဲ အဘ"

"မင်းဘက်က တစ်ခုခုတော့ ပြန်ပေးရမှာပေါ့"

"ဘယ်လိုပေးရမှာလဲ အဘ"

"ဥပမာကွာ. . . မင်းမှာ ဘဝဟောင်းက ကုသိုလ်ကံ မရှိပဲ မျက်ချင်း ရွှေငွေရတနာတွေ ရပါစေလို့ ဆုတောင်းရင် ရုပ်ထုက သူ့ရဲ့သိဒ္ဓိတန်ခိုးနဲ့ ရအောင် လုပ်ပေးမှာပဲ၊ ဒါပေမယ့် ဒီရတနာ ပစ္စည်းတွေဟာ တစ်နေရာက ယူပေးတာဆိုရင်တော့ မင်း ထောင် နန်းစံရမှာပဲ"

"ဟင်. . ."

"ဒါထက် နတ်ပြည်ရောက်ရပါစေလို့ ဆုတောင်းရင်တော့ မင်းချက်ချင်းသေမှ ရမှာပဲ"

"အဘပြောသလိုဆိုရင် ကြောက်စရာပါလား"

"မထိုက်တန်တာ မလုပ်ရင် ဘာမှ ကြောက်စရာမလိုပါဘူး၊ ကိုယ်နဲ့ ထိုက်တန်တာကိုပဲ စဉ်းစားပြီး လုပ်ပေါ့ကွာ"





ဟု ပြောဆိုပြီး ဦးဇန်ကောင်းက အရုပ်ကလေးကို ပြန်ပေးပြီး ထပြန်သွားလေတော့သည်။

နီမောင်တို့ မိသားစုမှာလည်း ပထမတစ်ဆု တောင်းလိုက်ရာ အိမ်ပြိုသွားပြီးမှ နောက်ထပ်အိမ်အသစ်တစ်လုံး ရသဖြင့် နောက်ထပ်ဆုတစ်ခု တောင်းရမှာကို ကြောက်နေကြသည်။

"ဒီလိုဆိုရင်လည်း ဒီအရုပ်ကို အိမ်မှာ မထားပဲ တခြားလူ တစ်ဦးဦးကို ပေးလိုက်ရင် မကောင်းဘူးလား"

ဦးဘရှိန်မှာ ရိုးသားသူဖြစ်သောကြောင့် စိတ်ထဲ ရှိသမျှ ပြောလိုက်ခြင်းဖြစ်သည်။

"မလုပ်ပါနဲ့တော်. . . ကိုယ်ပေးလိုက်ပြီး သူတို့ တစ်ခုခု ဖြစ်သွားတော့မှ ကိုယ့်အပေါ် အပြစ်တွေ ပုံကျလာမှဖြင့် ခက်နေပါဦးမယ်"

ဒေါ်ကျင်မေက ဝင်တားလိုက်သောကြောင့် အစီအစဉ်ပျက် သွားလေတော့သည်။

နောက်တော့ ထိုရုပ်တုလေးကို မည်သူ့ကိုမှ မပေးဘဲ အိမ်မှာပင် သိမ်းထားလိုက်ကြလေသည်။

တစ်နေ့တော့ သူတို့အိမ်သို့ ဦးသန်းဖေနှင့် ဒေါ်ငွေဇာတို့ နှစ်ယောက် ရောက်လာကြလေသည်။

၎င်းတို့နောက်မှ ကုလားအလုပ်သမားတစ်ယောက်က ဆန် အိတ်တစ်အိတ်ကို ထမ်းယူလာသည်။

အိမ်ပေါက်ဝ ရောက်သောအခါ ဆန်အိတ်ကို ချထားပေး လိုက်သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ဦးသန်းဖေတို့ပါလား၊ အိမ်ပေါ် လာကြဗျာ"

"ခင်ဗျားတို့ အိမ်သစ်ဆောက်လိုက်ပြီဆိုလို့ လာကြည့်တာဗျ၊ အခုတော့ အိုးသစ်အိမ်သစ် ရပြီး ဟန်ကျသွားပြီပေါ့၊ ဒီမှာဗျို့. . . ဆန်စက်ထဲက ကျွဲဆန်ကောင်းကောင်း ရတာနဲ့ ခင်ဗျားတို့ စားဖို့ တစ်အိတ်ယူလာသေးတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ. . . အိမ်ပေါ် လာကြပါ"

ဟု ဖိတ်ခေါ်သဖြင့် လင်မယားနှစ်ယောက် အိမ်ပေါ် တက်လာကြသည်။ ဦးသန်းဖေမှာ ကုလားကပြားတစ်ယောက်ဖြစ်ပြီး စက်ပိုင်ရှင် ကိုယ်စားလှယ်လည်း ဖြစ်သဖြင့် လူရည်လည်သူတစ်ယောက်ဖြစ်သည်။ ဦးဘရှိန်တို့နှင့်ကတော့ တစ်ရွာတည်း တစ်ရပ်တည်း နေကြသဖြင့် သိကျွမ်းနေသော်လည်း ခင်မင်ရင်းနှီးမှုတော့ မရှိလှပေ။

ယခုကာမှ ထူးထူးခြားခြား တကူးတက ရောက်လာကြခြင်း ဖြစ်ပေသည်။

သူတို့ ရောက်လာသောအချိန်၌ နီမောင်တစ်ယောက် သမ္ဘာန်ထွက်သွားသဖြင့် အိမ်မှာ မရှိပေ။

အိမ်ပေါ် ရောက်ကြပြီးနောက် ကွမ်းဆေးလက်ဖက်စသည်တို့နှင့် ဧည့်ခံပြီး လာရင်းကိစ္စကို မေးရလေသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"တခြားတော့ မဟုတ်ပါဘူး ဦးဘရှိန်ရယ်၊ ခင်ဗျားတို့ ကံကောင်းကြတဲ့သတင်းလည်း မေးရင်းနဲ့ အကူအညီတောင်းစရာလည်း ရှိလို့ လာခဲ့တာပါ"





"ဘာများပါလိမ့်. . . ပြောစရာရှိတာသာ ပြောပါ၊ တစ်ရွာတည်း နေကြတဲ့လူချင်းတွေပဲ၊ တတ်နိုင်တော့လည်း အကူအညီပေးရမှာပေါ့"

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ အခု ဆန်စက်က အလုပ်အကိုင် သိပ်မကောင်းတော့ဘူးဗျ၊ သူဌေးကလည်း ကျုပ်အပေါ်မှာ သိပ်ပြီးစိတ်တိုင်းကျဟန် မရှိလှတော့ဘူး၊ ဒါကြောင့် နောက် ကိုယ်စားလှယ်အသစ်တစ်ယောက် ခန့်လိုက်ရင်တော့ ကျုပ်တို့မိသားစုတွေ အိုးမဲ့အိမ်မဲ့နဲ့ နေရာဖယ်ပေးရတော့မှာဗျ"

ဦးဘရှိန်မှာ ရိုးသားသူဖြစ်သဖြင့် ယခုအချိန်အထိ ဦးသန်းဖေ၏စကားဆိုလိုရင်း အဓိပ္ပါယ်ကို မသိရသေးပေ။

"ခင်ဗျားတို့ကို လာပြီးအပူကပ်ရတာတော့ အားနာပါတယ်ဗျာ၊ ဒါပေမယ့် ကိုယ့်တစ်ရွာတည်းသားအချင်းချင်းတွေဆိုတော့ အကူအညီ ရလိုရငြား လာပြီးပြောရတာပဲ"

"ဘာများလဲ ပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားတို့မှာ အစွမ်းထက်တဲ့ အရုပ်ကလေးတစ်ရုပ် ရထားတယ် သတင်းကြားလို့ပါ"

"ဟင်. . . ခင်ဗျားတို့ကို ဘယ်သူများ ပြောပါလိမ့်"

"တစ်ရွာလုံး သိနေတာပဲဗျာ၊ ဒါက ခင်ဗျားတို့ ကံကောင်းလို့ရတာပဲ၊ ဘာမှ မဖြစ်ပါဘူး၊ အဲဒီအရုပ်ကလေးကြောင့် ခင်ဗျားတို့ အခုလို အိမ်သစ်တစ်လုံး ချက်ချင်းရတာလဲ သိပြီးပါပြီ"

ထိုစကားကြောင့် ဦးဘရှိန်မှာ မငြင်းသာတော့ပဲ ဟုတ်မှန်ကြောင်း ဝန်ခံလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ဗျာ. . . ကျုပ်တို့မိသားစုတွေ အခက်အခဲ ဖြစ်နေတုန်းမှာ ခင်ဗျားတို့ဆီမှာ ရှိတဲ့ အရုပ်ကလေးကို တစ်ရက်လောက် ငှားပါဗျာ"

"ဒီအရုပ်က ဆုသုံး ခုပဲ တောင်းလို့ရတယ်လို့ မှာသွားတယ်ဗျ၊ ကျုပ်တို့က တစ်ဆုတောင်းသွားပြီဆိုတော့"

"စိတ်ချပါ. . . ကျုပ်တို့လည်း အများကြီး မတောင်းပါဘူး၊ လိုချင်တဲ့ဆုတစ်ခုပဲ တောင်းပြီး ခင်ဗျားတို့ကို ပြန်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

ဟု အတန်တန် ပြောနေလေရာ ဦးဘရှိန်နှင့် ဒေါ်ကျင်မေလည်း အားနာသဖြင့် နီမောင်သိမ်းထားသော အရုပ်ကလေးကို ထုတ်ပေးလိုက်လေသည်။

ဦးသန်းဖေတို့ လင်မယားလည်း လိုတရ အရုပ်ကလေးကို ရသောအခါ ဝမ်းသာအားရဖြင့် ထပြန်သွားကြလေတော့သည်။

ညနေပိုင်း နီမောင် ပြန်ရောက်လာ၍ အကျိုးအကြောင်း သိရသောအခါ စိတ်ပူပန်သွားလေသည်။

"သူတို့ကို အရုပ်ပေးလိုက်လို့ ကျွန်တော် ဘာမှမပြောပါဘူး အဖေ၊ ဒါပေမယ့် သူတို့တွေ မထိုက်တန်တဲ့ဆုမျိုး တောင်းရင် ဒုက္ခရောက်မှာစိုးလို့ပါ"

"ဒါကတော့ကွယ်. . . သူတို့အကြောင်းနဲ့ သူတို့ပေါ့"

"အဘက အရုပ်ပေးတုန်းက ကိုယ်လည်း လိုချင်တဲ့ဆု တောင်းနိုင်သလို တခြားလူကိုလည်း ပေးလို့ရတယ်လို့ မှာသွားပါတယ်၊ ဒါပေမယ့် ဆရာကြီး ဦးဇန်ကောင်းက မထိုက်တဲ့ဆုမျိုး





တောင်းမိရင် အဲဒီဆုနဲ့ ထိုက်တန်တာ ပြန်ပေးရမယ်လို့ မှာသွားတယ်"

ထိုအခါမှ ဦးဘရှိန်ရော ဒေါ်ကျင်မေပါ မျက်လုံးပြူးသွားကြလေတော့သည်။

အကယ်၍သာ ဦးသန်းဖေတို့ တစ်စုံတစ်ခု ဖြစ်သွားခဲ့ပါက သူတို့အပေါ် အပြစ်ကျလာမှာကို စိုးရိမ်နေကြသည်။

သို့သော် မတတ်နိုင်တော့။

လွန်သွားခဲ့ချေပြီ။

လိုတရအရုပ်ကား ပါသွားခဲ့ပေပြီ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





အခန်း ( ၆ )

# ငွေတစ်သောင်းနှင့် အသက်တစ်ချောင်း

ဦးသန်းဖေတို့ လင်မယားမှာ မော်ဝင်အရုပ်ကို ရခဲ့ကြပြီးနောက်တွင် ဝမ်းသာအားရနှင့် အိမ်သို့ ပြန်ခဲ့ကြလေသည်။

ထွန်းဇော်ကလည်း အလုပ်သိမ်းပြီးသည်နှင့် အိမ်သို့ ပြန်ခဲ့လေသည်။

"အဖေ အရုပ်ရခဲ့လားဟင်"

"အေး. . . ရခဲ့ပြီကွ"

"အဲဒါ နီမောင် အိမ်မှာ မရှိတုန်းမို့ ရခဲ့တာ၊ သူရှိရင် ပေးမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး”

“ငါကလည်း သူမရှိတဲ့အချိန် တမင်ရွေးပြီးသွားတာကိုးကွ၊ ဒီလောက်တော့ လည်ပါတယ်”

ထွန်းဇော်တို့ မိသားစုသုံးယောက်မှာ မှော်ဝင်အရုပ်ကို ရခဲ့သောကြောင့် ဝမ်းသာပျော်ရွှင်နေကြလေသည်။

မီးရောင်အောက်မှာ အထုပ်ကလေးကို ဖြေကြည့်ကြသည်။

အထုပ်ကို ဖြေလိုက်သည်နှင့် အရုပ်ကလေးက ဒေါက်ကနဲ ကြမ်းပြင်ပေါ် ကျသွားလေသည်။

လှမ်းကြည့်လိုက်တော့ အံ့သြဖွယ်ရာ တွေ့မြင်ရသည်။

အရုပ်၏မူလပုံသဏ္ဌာန်မှာ တင်ပလ္လင်ခွေ ထိုင်နေသည့်ပုံစံမျိုး ဖြစ်သော်လည်း ယခုအခါမှာတော့ မတ်တတ်ရပ်လျက်သား ဖြစ်နေသည်။

“ဟင်. . .”

“ဘာဖြစ်လို့လဲ ထွန်းဇော်”

“ဒီအရုပ်က စောစောက ထိုင်ရက်ပုံစံမျိုး တွေ့ရပြီး အခုတော့ မတ်တတ်ရပ်နေတယ်”

“မင်းကလည်းကွယ်. . . အရုပ်ကတော့ ထိုင်လိုက်ထလိုက် မလုပ်နိုင်ပါဘူး၊ မင်းမျက်စိအကြည့်မှားတာ ဖြစ်မှာပါ”

ဟု ဒေါ်ငွေဇာက ပြောသဖြင့် ထွန်းဇော်က ဘာမှ ပြန်မပြောတော့ဘဲ အရုပ်ကလေးကို ကုန်းကောက်လိုက်သည်။

သို့သော် လက်နှင့် ထိကာနီးမှ အရုပ်က နေရာရွှေ့သွား





သည်။

အိမ်ထဲမှာ ရေနံဆီမှန်အိမ် ထွန်းထားသဖြင့် အရုပ်ကို ကောင်းစွာမြင်နေရသည်။

နောက်တစ်ကြိမ် ကုန်းကောက်သောအခါမှာလည်း အရုပ်က နေရာရွှေ့သွားပြန်သည်။

ထွန်းဇော်မှာ အရုပ်ကို ကောက်မရသဖြင့် စိတ်ထဲမှာ ဇဝေဇဝါဖြစ်လာသည်။

သူသည် အရက်အနည်းငယ် သောက်ထားသဖြင့် အရက်မူးနေသောကြောင့် ထိုကဲ့သို့ အလွဲလွဲအချော်ချော် ဖြစ်နေသလားဟု ထင်လိုက်မိသေးသည်။

သို့သော် အရက်သောက်ထားသော်လည်း မမူးသေးကြောင်း သူ့ကိုယ်သူ သိနေသည်။

“ဘယ်လိုဖြစ်နေတာလဲဟ”

ထိုသို့ရေရွတ်ကာ နောက်တစ်ကြိမ် ကုန်းကောက်တော့လည်း ဖမ်းမမိပြန်ပေ။

“ဟဲ့. . . ထွန်းဇော်၊ အရုပ်ကို မြန်မြန်ပြန်ကောက်လေ၊ တော်ကြာ ကြမ်းပေါက်နေ အောက်ကို ကျသွားမှ ခက်နေမယ်”

“ကောက်နေတာပဲ အမေရ၊ ဒီမှာ ဖမ်းလို့ကို မမိဘူး”

“နင်ကတော့လေ. . . ဒီအချိန်ဆိုရင် အရက်မူးနေတာပဲ”

ဟု ပြောကာ ဒေါ်ငွေဇာက လာကောက်ယူရာ အလွယ်တကူ ရသွားလေသည်။

အရုပ်ကို ရသောအခါ သားအမိသားအဖ သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြလေတော့သည်။

"ဦးဘရှိန်တို့ဆီက အရုပ်ကို ငှားလာတုန်းက ဆုတစ်ခုပဲ တောင်းပါ့မယ်လို့ ကတိခံလာခဲ့တာ၊ ဘာဆုတောင်းရင် ကောင်းမလဲ"

ဦးသန်းဖေက ပြောလိုက်သည်။

"တော်အရင်ပြောပေါ့"

"ငါကတော့ အခုလုပ်နေတဲ့ စိတ္တသုခ ဆန်စက်ကြီးကို အပိုင်ရချင်တာပဲ"

"အို. . . တော့်ဆန်စက်က ဘာလုပ်မှာလဲ၊ အခု ဆန်စက်လုပ်ငန်းတွေကလဲ သိပ်ကောင်းတာမှ မဟုတ်တာ၊ အခု ကျုပ်တို့မှာ စီးပွားရေးမကောင်းတော့ ရှိတဲ့ လက်ဝတ်လက်စားတွေ ထုတ်ရောင်းပစ်ရတာနဲ့ ကျုပ်မှာ ဘာမှ မရှိတော့ဘူး၊ ဒီတော့ ကျုပ်ရဲ့စိန်ထည်ရွှေထည်တွေ ပြန်ရပါစေလို့ ဆုတောင်းရရင် ပိုမကောင်းဘူးလား"

"အမေကလည်းဗျာ. . . အမေ့ လက်ဝတ်လက်စားတွေက ပိုက်ဆံရှိတဲ့အခါ ဘယ်အချိန် ပြန်ဝယ်ဝယ် ရနိုင်ပါတယ်၊ အခုလောလောဆယ်တော့ ကျွန်တော့်အတွက်ကိုပဲ ဦးစားပေးကြပါ"

"နေစမ်းပါဦး. . . နင်က ဘာလိုချင်လို့လဲ"

"ကျွန်တော် မိန်းမလိုချင်တယ်"

"မိန်းမလိုချင်တာပဲ. . . ယူပေါ့ဟဲ့၊ ခါတိုင်းလည်း နင်ကြိုက်ရင် ယူနေတာပဲ မဟုတ်လား၊ တကူးတက ဆုတောင်းစရာ လိုသေးလို့လား"





"အခု ကျွန်တော်လိုချင်တဲ့မိန်းမက လိုချင်တိုင်း မရလို့ ခက်နေတာပေါ့ဗျ"

"နေစမ်းပါဦး. . . နင်ကြိုက်တဲ့မိန်းမက ဘယ်သူမို့ ဒီလောက် ခက်ခက်ခဲခဲ ဖြစ်နေရတာလဲ"

"ခင်မေရီပေါ့ဗျာ. . . သူက ကျွန်တော့်ကို မကြိုက်ဘူး၊ ဒီတော့ သူ သဘောကျလာအောင် သူ့ကို တောင်းယူနိုင်ဖို့ ငွေလိုတယ်၊ ငွေများများရအောင် ဆုတောင်းရမယ်၊ ငွေရှိရင် အဖေလိုချင်တဲ့ ဆန်စက်ပဲဝယ်ဝယ်၊ အမေလိုချင်တဲ့ စိန်ထည်ရွှေထည်တွေပဲဝယ်ဝယ် အားလုံးရနိုင်တယ်"

ဟု ပြောသဖြင့် ဦးသန်းဖေရော ဒေါ်ငွေဇာပါ ဘာမှ ထပ်မပြောကြတော့ပေ။

"ကဲ. . . ဒီလိုဆိုရင်လည်း မင်းပြောတဲ့အတိုင်း ငွေရပါစေလို့ပဲ ဆုတောင်းတော့မယ်၊ ဘယ်လောက် တောင်းရမလဲ"

"အို. . တောင်းမယ့်တောင်းလည်း တစ်ခါတည်း ချမ်းသာအောင် များများတောင်းပေါ့ရှင်"

"မဖြစ်သေးဘူး ထင်တယ် အဖေ၊ ရွာထဲမှာ သတင်းကြားတာက မတန်တဲ့ဆုတောင်းရင် မရဘူးလို့ ပြောကြတယ်၊ သိပ်အများကြီး တောင်းလို့မရဘူးထင်တယ်"

ဟု ထွန်းဇော်က ဝင်ပြောသဖြင့် သားမိသားဖသုံးယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြပြန်သည်။

အတန်ကြာသောအခါမှ အားလုံး သဘောတူနိုင်သော အဖြေတစ်ခု ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သားအမိသားအဖသုံးယောက်စလုံး လိုချင်တာတွေ ရဖို့ ငွေတစ်သောင်းလောက်ဆိုရင် ရပြီ၊ ငွေတစ်သောင်းဆိုရင် ဆန်စက်လည်း ရမယ်၊ အမေလိုချင်တဲ့ လက်ဝတ်ရတနာတွေလည်း ဝယ်နိုင်မယ်၊ ကျွန်တော်လည်း ခင်မေရီကို တောင်းလို့ရမယ်၊ ဒီတော့ ငွေတစ်သောင်း ရပါစေလို့ပဲ ဆုတောင်းလိုက်မယ်"

"အင်း. . . ငွေတစ်သောင်းလောက်ဆိုရင် နည်းတော့မနည်းလှပါဘူး၊ လူတစ်ယောက် သေရင်တောင် လျော်ကြေးကတစ်သောင်းပဲ ပေးကြတာဆိုတော့ လူတစ်ယောက်ရဲ့အသက်ဖိုးနဲ့ညီမျှတာပဲ၊ တောင်းချင်လည်း တောင်းပေါ့"

ဟု ဦးသန်းဖေက ပြောသဖြင့် ထွန်းဇော်က ရုပ်တုကလေးကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ ဦးခေါင်းပေါ် မြှောက်လိုက်သည်။

"ကျွန်တော်တို့ မိသားစု လိုချင်တဲ့ ငွေတစ်သောင်းတိတိအမြန်ဆုံး ရပါစေ. . . အမယ်လေး. . ."

ထွန်းဇော်က ဆုတောင်းရင်းနှင့် အလန့်တကြား အော်ကာအရုပ်ကလေးကို လွှတ်ချလိုက်သဖြင့် ကြမ်းပေါ်သို့ ကျသွားသည်။

"ဟဲ့. . . ဘာဖြစ်တာလဲ"

"လက်ထဲမှာ ကိုင်ထားတဲ့အရုပ်က တလှုပ်လှုပ်ဖြစ်လာလို့လန့်ပြီး လွှတ်ချလိုက်တာ အမေ"

"နင်ကလည်းဟယ်. . . အရုပ်ကတော့ လှုပ်ပါ့မလား၊ နင်စိတ်ထင်လို့ ဖြစ်မှာပါ"

ဟု ပြောဆိုကာ ဒေါ်ငွေဇာက အရုပ်ကလေးကို ပြန်ကောက်ကာ အဝတ်စဖြင့် ပြန်ပတ်ကာ အခန်းထဲသို့ ယူသွားလေ





သည်။

ထိုညမှာတော့ သူတို့သုံးယောက်စလုံး အတွေးကိုယ်စီနှင့်မိုးတော်တော်နှင့် အိပ်မပျော်ကြပေ။

ဆန်စက်လိုချင်သော ဦးသန်းဖေကလည်း အကယ်၍သာဆန်စက်တစ်လုံး ရလာခဲ့လျှင် ဘယ်ပုံဘယ်နည်း လုပ်မည်ကို တွေးတောနေသလို ဒေါ်ငွေဇာကလည်း လက်ဝတ်ရတနာများ ရလာပါက ဘယ်ပုံဘယ်နည်း ဝတ်ဆင်လိုက်မည်ဟု စိတ်ကူးယဉ်နေသည်။

ထွန်းဇော်မှာလည်း အကယ်၍ ငွေရလာပါက ခင်မေရီကိုမရ,ရအောင် ယူမည်ဟု စိတ်ကူးနေသောကြောင့် အတော်ညဉ့်နက်မှ အိပ်ပျော်သွားလေတော့သည်။

ထိုသို့အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ ယောဂီကြီးတစ်ယောက်ကို တွေ့ရပြီး အသံသြသြကြီးဖြင့်ပြောသည်။

"ဥစ္စာပစ္စည်းဆိုတာ ကံရှိမှ ရတယ်၊ မတရား လိုချင်ရင်တော့ ထိုက်တန်တာတစ်ခု ပေးရမယ်၊ အဲဒီလို ပေးပြီးတဲ့နောက်မှာမင်းလိုချင်တာ ရမယ်"

ဟု ပြောဆိုကာ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

ထွန်းဇော်လည်း စိတ်က စွဲလန်းသဖြင့် အိပ်မက်,မက်သည်ဟုသာ ထင်နေသဖြင့် အမှတ်မထားတော့ပေ။

နောက်တစ်နေ့ မနက်စောစော ဆန်စက်မှ ဥသြဆွဲသံ ပေါ်ထွက်လာပြီးနောက်တွင် အလုပ်ဆင်းရန် ဆန်စက်သို့ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းဖေနှင့် ဒေါ်ငွေဇာတို့မှာ တစ်ညလုံး ကောင်းစွာအိပ်မပျော်ကြပဲ နံနက်စောစော အိပ်ယာမှ ထကာ ငွေတစ်သောင်းဘယ်ပုံဘယ်နည်းနှင့် ရမည်ကို တွေးတောနေကြလေသည်။

ဒေါ်ငွေဇာဆိုလျှင် မနက်စာ ထမင်းချက်သည်ကိုပင် စိတ်မဖြောင့်သဖြင့် ငွေတစ်သောင်းကို ဆန်အိုးထဲများ ရောက်နေရောသလားဟု ရှာကြည့်သေးသည်။

ထို့ပြင် တစ်အိမ်လုံး ချောင်ကြိုချောင်ကြားပါမကျန် ရှာဖွေကြည့်နေမိသည်။

ဦးသန်းဖေ စိတ်ထဲမှာလည်း ပစ္စည်းဥစ္စာ ပေးတယ်ဆိုတာမြေအောက်က ပေးတာဆိုတော့ ခြံဝန်းထဲမှာများ ရှိနေမလားဟုမိုးမလင်းခင်ကတည်းက မသိမသာ လိုက်ရှာနေတော့သည်။

၎င်းတို့နေသောအိမ်မှာ ဆန်စက်ဝန်းအတွင်း၌ပင် ရှိသောကြောင့် ဆန်စက်လည်နေသံကို အတိုင်းသား ကြားနေရလေသည်။

ခေါင်းတိုင်မှ ပြန့်လွှင့်ထွက်လာသော မီးခိုးငွေ့များနှင့်အတူပြာမှုန်များကလည်း ပါလာသည်။

ဦးသန်းဖေသည် အိမ်ပတ်ဝန်းကျင်အနှံ့ လိုက်လံကြည့်သော်လည်း အခြေအနေ ဘာမှ မတွေ့ရသောကြောင့် စိတ်ပျက်လက်ပျက်နှင့် အိမ်ပေါ် ပြန်တက်လာလေသည်။

ထိုအခိုက်မှာပင် တဝီဝီ လည်နေသောစက်သံမှာ ရုတ်တရက် ရပ်တန့်သွားလေသည်။

ဆန်စက်ရပ်သွားသည်နှင့် တစ်ပြိုင်နက် ဆန်စက်အတွင်းပိုင်းမှ ဆူဆူညံညံအသံများကို ကြားရသည်။





"ဘာဖြစ်တာပါလိမ့်"

ဦးသန်းဖေမှာ ဆန်စက်ပိုင်ရှင်၏ကိုယ်စားလှယ် ဖြစ်သောကြောင့် ဆန်စက်တစ်ခုခု ဖြစ်ပါက သူ့အပေါ်မှာ တာဝန်ရှိသဖြင့် အခြေအနေ သွားကြည့်ရန် ပြင်နေစဉ် ဆန်စက်အတွင်းမှ ကုလားတစ်ယောက်ပြေးထွက်လာသည်။

ထိုကုလားက ဦးသန်းဖေ နေအိမ်သို့ ပြေးလာခြင်းဖြစ်၏။

"ဆရာကြီး. . . ဆရာကြီး"

"ဘာဖြစ်တာလဲ. . . စက်ဘာကြောင့် ရပ်သွားတာလဲ"

"ထွန်း. . . ထွန်းဇော်"

"ထွန်းဇော်. . . ဘာဖြစ်လို့လဲ"

"သားရေပတ်ကြိုးထဲ ပါသွားပြီး သေပြီ ဆရာကြီး"

"ဟေ. . ."

ဦးသန်းဖေရော ဒေါ်ငွေဇာပါ ဆန်စက်အတွင်းသို့ ပြေးသွားကြလေသည်။

အတွင်းရောက်တော့ မြင်ကွင်းက မကောင်းလှပေ။

အလုပ်သမားများက စက်ထဲ ပါသွားသော ထွန်းဇော်၏အလောင်းကို ခက်ခက်ခဲခဲ ဆွဲထုတ်ယူလာကြသည်။

သွေးစက်များက နေရာအနှံ့ စွန်းပေနေလေသည်။

ထွန်းဇော်မှာ ဆန်စက်သားရေပတ်ကြိုးနှင့် ညပ်ပါသွားသောကြောင့် တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။

ဦးခေါင်း၊ ခြေလက်၊ ခန္ဓာကိုယ် စသည်တို့မှာ စက်ညပ်သည့်ဒဏ်ကြောင့် ကြေမွနေကာ တို့လို့တွဲလောင်း ဖြစ်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဝတ်အစားများကြောင့်သာ ထွန်းဇော်ဟု သိရပြီး ကျန်တာကတော့ အတော်ကြည့်မှ သိနိုင်တော့သည်။

"အမယ်လေး. . . ဖြစ်ရလေ သားရဲ့၊ အဖြစ်ဆိုးလှချည်လား"

ဒေါ်ငွေဇာ၏အော်ငိုသံမှာ စူးစူးဝါးဝါး ထွက်ပေါ်လာသည်။

"ဘယ်လိုဖြစ်ရတာလဲ"

"အပေါ်က ဖွဲဆန်ကာကို တက်ကြည့်ရင်းနဲ့ ခြေချော်ကျပြီး စက်ထဲ ညပ်ပါသွားတော့တာပါပဲ ဆရာကြီး၊ ကျွန်တော်တို့လည်း သိသိချင်း စက်ကို ရပ်တာပါပဲ၊ ဒါပေမယ့်. . ."

စက်ဆရာကုလားက စိတ်မကောင်းစွာ ပြောပြလေသည်။ ထို့နောက် ထွန်းဇော်အလောင်းကို အပြင်သို့ ထုတ်ယူလာပြီး နေအိမ်သို့ သယ်သွားကြလေသည်။

နေ့လည်ပိုင်းတွင် ကုလားသူဌေး ရောက်လာသည်။

"အလုပ်သမားတစ်ယောက် လာပြောလို့ ခင်ဗျားသား အကြောင်းကို သိရတယ်၊ ကျုပ်စိတ်မကောင်းပါဘူးဗျာ၊ အလုပ်,လုပ်ရင်းနဲ့ မတော်တဆဖြစ်တာဆိုတော့ ကျုပ်တို့ဆန်စက်မှာတော့ တာဝန်မရှိပေဘူး"

"မှန်ပါတယ်ဗျာ"

"ဒါပေမယ့် ခင်ဗျားက ကျုပ်ဆီမှာ လုပ်လာခဲ့တာ နှစ်အတော်ကြာပြီဆိုတော့ လျော်ကြေးပေးတာတော့ မဟုတ်ဘူး၊





ကရုဏာကြေးအနေနဲ့ ကျုပ် ငွေတစ်သောင်း ပေးပါ့မယ်"

"ဗျာ. . . ငွေတစ်သောင်း ဟုတ်လား"

ဦးသန်းဖေမှာ များစွာထိတ်လန့်သွားလေတော့သည်။

"ဘာဖြစ်လို့လဲဗျာ. . . နည်းလို့လား"

"မ. . . မဟုတ်ပါဘူး သူဌေး၊ မနည်းပါဘူး၊ ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်ရာ ကုလားသူဌေးက တစ်ရာတန် အရွက် တစ်ရာစည်းထားသော ပိုက်ဆံထုတ်ကို ချပေးခဲ့ပြီး ပြန်သွားလေတော့သည်။

ထိုအခါမှ ဦးသန်းဖေနှင့် ဒေါ်ငွေဇာတို့မှာ တစ်ယောက်နှင့် တစ်ယောက် အပြစ်ပုံချကြလေတော့သည်။

"အဲဒါ တော် ဆတ်ဆော့လို့ ဖြစ်ရတာ၊ ကျုပ်သားလေး သေရတာ တော်ဂြိုဟ်မွှေလို့"

"ငါ့ချည်း အပြစ်ပုံချမနေနဲ့လေကွာ၊ ဒီကိစ္စမှာ မင်းလည်း သဘောတူလို့ ပါတာပဲ"

"ဒါပေမယ့် ကျုပ်တို့ကြောင့် ကျုပ်သားလေး အသေဆိုးနဲ့ သေရတာတော့၊ ဘယ်လိုလုပ်ကြမလဲ"

"သေသွားပြီးမှတော့ ဘယ်လိုတတ်နိုင်တော့မလဲကွာ"

"အို. . . မရဘူး၊ ကျုပ်သား အသက်ပြန်ရှင်အောင်တော့ လုပ်သင့်တာ လုပ်ရမှာပဲ"

"မငွေဇာ. . . မင်းရူးသွားပြီထင်တယ်၊ သေပြီးသား လူတစ်ယောက်ကို ဘယ်လိုအသက်ပြန်ရှင်အောင် လုပ်လို့ရမလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ယူလာတဲ့အရုပ်က ဆုတောင်းပြည့်တယ် မဟုတ်လား၊ နီမောင်တို့တုန်းကလည်း အိမ်သစ်ရပါစေလို့ ဆုတောင်းတာ ရတယ် မဟုတ်လား၊ အခု ကျုပ်တို့လည်း ငွေတစ်သောင်း ရပါစေလို့ ဆုတောင်းတာ ရတာပဲ မဟုတ်လား"

"ဒါပေမယ့်ကွာ"

"ဒါပေမယ့်တွေဘာတွေ လုပ်မနေနဲ့၊ အရုပ်ဆီမှာ ဆုတစ်ခုတောင်းဖို့ ကျန်သေးတယ် မဟုတ်လား၊ အဲဒီတစ်ဆုက ကျုပ်သား အသက်ပြန်ရှင်လာအောင် တောင်းရမှာပေါ့"

"မင်း မဟုတ်တာတွေ မလုပ်ပါနဲ့ကွာ၊ အားလုံး ဒုက္ခတွေ များကုန်ပါ့မယ်"

"ဘာမှ ဒုက္ခများစရာ အကြောင်းမရှိဘူး၊ အရုပ်ဘယ်မှာ လဲ၊ ကျုပ်ကိုသာ ပေးစမ်းပါ"

ဟု အတင်းတောင်းလေရာ ဦးသန်းဖေမှာ များစွာထိတ်လန့်သွားလေတော့သည်။

ထိုအရုပ်နှင့် ဆုတောင်းလျှင် ပြည့်သည်ဆိုသော်လည်း အန္တရာယ်ကြီးမားပုံကို သူကိုယ်တိုင် တွေ့ခဲ့ရပြီမို့ မပေးဝံ့တော့ပေ။

"အရုပ်ဘယ်မှာ ထားသလဲ"

"နေ. . နေပါဦးကွာ၊ ငါလဲ ထူပူနေတာနဲ့ အရုပ်ကို ဘယ်နေရာ ထားမိမှန်းတောင် မသိပါဘူး၊ သတိရတော့မှ ပြန်ရှာပေးပါ့မယ်"

"အို. . . သိပ်ကြာသွားရင် ဘယ်ကောင်းပါ့မလဲ၊ မသာမချခင် ဆုတောင်းမှ ဖြစ်တော့မပေါ့၊ အခုတောင် အလောင်းက ပုတ်စ





ပြုနေပြီ"


"အေးပါကွာ. . . ငါလိုက်ရှာကြည့်ပါဦးမယ်၊ တွေ့တာနဲ့ မင်းကို ပေးပါ့မယ်"

ဟု ဦးသန်းဖေက ပြောဆိုနှစ်သိမ့်လိုက်တော့မှ ဒေါ်ငွေဇာမှာ မကျေမနပ်နှင့် ငြိမ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း ( ၇ )

# လှည်းကြုံလိုက်လာသည့် သရဲ

ထွန်းဇော် အလောင်းကို သုံးရက်ထားပြီး သုသာန်သို့ ပို့ကာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

သို့သော် ရပ်မလေ့ ရွာမလေ့အတိုင်း အိမ်ခန်းထဲမှာ ကန ဖျင်းတဲများ မိုးကာ၊ ဖဲဝိုင်း၊ ကက်ဝိုင်းများ ပြုလုပ်ကြသည်။

ယခုအချိန်မှာ အသုဘရက်ပေမို့ အိမ်မှာ ဖဲသမားများ ရှိနေ၍ တော်သေးသည် ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော်. . .



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော် သေပြီး ညပိုင်းကတည်းက သရဲခြောက်သော ဒဏ်ကို လူတိုင်း ခံကြရလေသည်။

ဆန်စက်ထဲမှာလည်း အလုပ်သမားများမှာ ကောင်းစွာ အလုပ်မလုပ်ဝံ့ကြလောက်အောင် ခြောက်လှန့်လေသည်။

စပါးအိတ်၊ ဆန်အိတ်ထမ်းသူများကို တွန်းချခြင်း၊ ရေဖြင့် ပက်ခြင်း၊ ဖွဲဖြင့် ပက်ခြင်းများအပြင် ဆန်ချသော မေရုံဘက်တွင် မည်းမည်းသဏ္ဍာန်ကြီး ရပ်နေသည်ကို မသဲမကွဲ တွေ့ကြရသည်။

အချို့ကလည်း ထွန်းဇော်ဟု အတပ်ပြောကြသည်။ ထွန်းဇော် သေသွားပြီးနောက်တွင် လက်ထောက်ဖြစ်သော ကုလားက သူ့နေရာတွင် ဝင်ရောက်လုပ်ကိုင်သော်လည်း ကောင်းစွာအလုပ် မလုပ်ရပေ။

ဆန်ချသောအပေါက်ကို ဖွင့်ခြင်းပိတ်ခြင်းများ ပြုလုပ်ရုံမက အလုပ်လုပ်နေသော ကုလားကို ရေနှင့် ပက်ခြင်း၊ ဖွဲပြာဖြင့် ပက်ခြင်း များ ပြုလုပ်ရုံသာမက လက်အေးကြီးဖြင့် ကျောကို လာကိုင်သဖြင့် မေတန်တေ(ဆန်ဖြတ်သူ)ကုလားမှာ အလုပ်ဆက်မလုပ်ဝံ့တော့ပဲ ထွက်ပြေးရလေသည်။

ထို့အတူ စက်ခန်းထဲမှာ အလုပ်လုပ်နေသူ၊

ဘွိုင်လာအိုး၌ မီးထိုးနေသူတို့မှာလည်း ကြောက်မက်ဖွယ် ရာအသွင်သဏ္ဍာန်ဖြင့် အမျိုးမျိုး ခြောက်လှန့်ခံကြရသည်။

စက်ဝန်းတစ်ဝန်းလုံးတွင် လူပြတ်သော ဘွိုင်လာအိုး မီးထိုး သည့်နေရာနှင့် ထွန်းဇော် အစိမ်းသေ သေသွားသော မေရုံခန်း အတွင်း၌ ဖြစ်သည်။





ည မိုးချုပ်လာသည်နှင့် ထွန်းဇော်နှင့် များစွာပုံပန်းသဏ္ဍာန် တူသော မည်းမည်းသဏ္ဍာန်ကြီးမှာ စက်အတွင်း နေရာအနှံ့ သွား လာနေသည်ကို အလုပ်သမား အတော်များများက မြင်ကြရလေ သည်။

အဆိုးဆုံးကတော့ မေရုံဖြစ်သည်။

မေရုံအတွင်းသို့ နေ့နေ့ညည လူဝင်မရလောက်အောင် ခြောက်လှန့်သဖြင့် မေရုံသို့ အလုပ်မဆင်းဝံ့အောင် ဖြစ်နေကြသည်။

ထွန်းဇော်အသုဘ ခုနစ်ရက်လည်၍ ဖဲဝိုင်းများ သိမ်းသွား သောအခါ ဦးသန်းဖေတို့ အိမ်သားများသာ ကျန်ခဲ့တော့သည်။

ထိုအခါ သရဲခြောက်သည့်ဒဏ်ကို အလူးအလဲ ခံကြရ သည်။

မိုးချုပ်သည်နှင့် ထရံကို တဗုန်းဗုန်း လာပုတ်ခြင်း၊ အမှောင် ရိပ်ထဲမှ လမ်းလျှောက်သံများကိုလည်း အတိုင်းသား ကြားနေရ သည်။

တစ်ကြိမ်မှာတော့ ညဦးပိုင်း ရောက်ကာမှ ဗိုက်နာလာ သဖြင့် ဦးသန်းဖေတစ်ယောက်တည်း အိမ်သာသွားတက်စဉ် တံခါး ကို ဖွင့်လိုက်သောအခါမှ အိမ်သာထဲမှာ မည်းမည်းကြီး ထိုင်နေ သည်ကို တွေ့ရသဖြင့် အိမ်ဘက်သို့ ပြန်ပြေးလာရလေသည်။

ထိုအခါ ဒေါ်ငွေဇာက ပြောသည်။

"ဘယ့်နှယ့်လဲ ကိုသန်းဖေ၊ ကျုပ်သားလေးက ကျုပ်ကို မခွဲ နိုင်လို့ အိမ်နားမှာ တရစ်ဝဲဝဲ လုပ်နေတာ ရှင်သိပြီ မဟုတ်လား။ ရှင်သိမ်းထားတဲ့အရုပ်ကို ကျုပ်ကို ပေးတော့၊ ကျုပ် ကျွေးတဲ့ဆု



www.burmeseclassic.com

www.burmeseclassic.com



တောင်းလိုက်တော့မယ်”

“နေပါဦး မင်္ဂလာဇာရယ်၊ အချိန်တန်တော့ ငါ ရှာပေးပါ့မယ်”

ဟု ပြောကာ ဦးသန်းဖေက အရုပ်ကို မပေးဘဲ ထားလေသည်။

စိတ္တသုခ ဆန်စက်ဝန်းတစ်ခုလုံးမှာလည်း သရဲခြောက်သဖြင့် နေ့တထိတ်ထိတ် ညတထိတ်ထိတ် ဖြစ်နေကြရသည်။

အလုပ်သမားများမှာ အလုပ်ကို ဖြောင့်အောင် မလုပ်ဝံ့သောကြောင့် ဆန်စက်ကို ပိတ်ထားရမည့် အခြေအနေ ဖြစ်နေသည်။

သို့သော် သူဌေးက နဝလီဆန်များ ပြတ်သွားမည်စိုးသောကြောင့် ဆန်စက်ကို မပိတ်ခိုင်းပဲ ဆက်ဖွင့်စေသည်။

အလုပ်သမားများလည်း သူဌေးအမိန့်ကို မလွန်ဆန်ဝံ့သောကြောင့် ကြောက်ကြောက်လန့်လန့်နှင့်ပင် ဆက်ဖွင့်ကြရသည်။

စိတ္တသုခဆန်စက်မှာ ခနောင်တိုရွာနှင့် တဆက်တည်း ရှိသောကြောင့် ထိုသတင်းကို ရွာထဲမှလည်း ကြားကြလေသည်။

ရွာထဲမှ လူများမှာလည်း ထွန်းဇော်နှင့် သိကျွမ်းနေကြသူများမို့ သရဲခြောက်ခံရမှာကို စိုးရိမ်ထိတ်လန့်နေကြသည်။

ထိုအထဲတွင် ခင်မေရီလည်း ပါသည်။

ခင်မေရီမှာ ညအချိန်အထိ ဆိုင်ဖွင့်ရလေရာ ညအချိန်ရောက်လာလျှင် တစ်ယောက်တည်းမနေဝံ့တော့သဖြင့် မောင်ငယ်ညီမငယ်များကို အနားမှာ ခေါ်ထားရလေသည်။

တစ်နေ့ ညဦးပိုင်း ဈေးရောင်းနေစဉ် အိမ်ရှေ့ဘက်မှ ခြေသံ





လိုလို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ ဘာမှ မတွေ့ရတော့ပေ။

“ဖျပ်. . . ဖျပ်. . . ဖျပ်”

တဖျပ်ဖျပ်နှင့် လမ်းလျှောက်နေသော ခြေသံကို နားဖြင့်အတိုင်းသား ကြားနေရသည်။

ကြားတိုင်းလည်း လှမ်းကြည့်ရာ ဘာမှ မတွေ့ရသဖြင့် ကျောထဲမှာပင် စိမ့်တက်လာသည်။

“အစ်မ. . . ခြေသံကြားရပြီး ဘယ်သူမှလည်း မတွေ့ရပါလား”

အနားမှာ ထိုင်နေသော မောင်ငယ်က လှမ်းပြောလေသည်။

“ကြွက်ပြေးတာ ဖြစ်မှာပေါ့”

“ကြွက်ခြေသံ မဟုတ်ပါဘူး. . . လူခြေသံပါ၊ ကျွန်တော်သေသေချာချာ ကြားရတဲ့ဟာ”

“လူဆိုရင် တွေ့ရမှာပေါ့ဟဲ့၊ ကြွက်မို့လို့ မတွေ့ရတာပေါ့”

မောင်လေးက ဘာမှ ထပ်မပြောတော့ပေ။

ထိုအခိုက်မှာပင် ကြားနေရသော ခြေသံက တဖြည်းဖြည်းနှင့် ဆိုင်ရှေ့သို့ ရောက်လာသည်။

ခဏကြာသောအခါ အိမ်ရှေ့တွင် ချိတ်ဆွဲထားသော ဈေးထုပ်များကို တစ်စုံတစ်ယောက်က လက်နှင့် ပုတ်လိုက်သကဲ့သို့ လှုပ်ယမ်းသွားလေသည်။

“ဟင်. . .”



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ. . . လူမတွေ့ရပဲ ဈေးထုပ်တွေက လှုပ်နေပါလား၊ သရဲခြောက်တာဖြစ်မယ်၊ ကျွန်တော် မနေဝံ့တော့ဘူးဗျာ"

ဟု ပြောဆိုကာ မောင်ငယ်ဖြစ်သူက နေရာမှ ထပြေးလေတော့သည်။

"ဟဲ့ကောင်လေး. . . ငါတစ်ယောက်တည်း မထားခဲ့နဲ့၊ နေဦးလေ"

ဟု ခင်မေရီက လှမ်းအော်လိုက်သောအခါ အိမ်ထဲမှ အမေထွက်လာသည်။

"ဟဲ့. . . ဘာဖြစ်နေတာလဲ"

"ဟိုအငယ်ကောင် ထွက်ပြေးလို့ ခေါ်နေတာပါ အမေ"

"သူက ဘာဖြစ်လို့ ထွက်ပြေးရတာလဲ"

"လမ်းဘက်က ကွက်ပြေးတာ ထင်ပါရဲ့၊ ခြေသံကြားတာနဲ့ ထွက်ပြေးသွားတာ"

ဒေါ်နှင်းရီက အတန်ကြာအောင် စဉ်းစားနေသည်။

"ကဲကဲ. . . အပြင်မှာ မှောင်နေပြီဆိုတော့ ဈေးဆိုင်သိမ်းချင် သိမ်းလိုက်ပါလား၊ အမေ အနားမှာ စောင့်ပေးမယ်"

ဟု ပြောသဖြင့် ခင်မေရီက ယခင်ဆိုင်ပိတ်ချိန် မရောက်သေးသော်လည်း ဆိုင်ကို စောစောသိမ်းလေတော့သည်။

နောက်တစ်နေ့မနက် နီမောင် သမွာန်နှင့် ရန်ကုန်ဘက်ကမ်းသို့ ကူးသောအခါ အကြောင်းစုံ ပြန်ပြောပြလိုက်သည်။

ထိုအခါ နီမောင်က. . .

"ထွန်းဇော်က အစိမ်းသေ သေတာဆိုတော့ ကျွတ်ချင်မှ





လည်း ကျွတ်မှာပေါ့၊ နောက်ပြီး သူက နင့်ကို သဘောကျနေတဲ့သူ ဆိုတော့ ဝိညာဉ်ဘဝနဲ့ လာချင်လည်း လာမှာပေါ့"

ဟု သမွာန်ခတ်နေရင်းမှ လှမ်းပြောသည်။

ထိုစကားကြားသောအခါ ခင်မေရီ မျက်နှာလေးမှာ ရှုံ့မဲ့သွားလေသည်။

"နင်ကလည်းဟယ်. . . သူက သဘောကျပေမယ့် ငါက သူ့ကို အရင်ကတည်းက သဘောမကျခဲ့တာ၊ နင် အဲသည်လို ပြောတော့ ငါက ပိုကြောက်တာပေါ့"

"ဒီလောက်လည်း ကြောက်မနေပါနဲ့ဟာ၊ ထွန်းဇော်က နင့်ကို ဘာမှ မလုပ်နိုင်တော့ပါဘူး၊ တကယ်ကြောက်စရာကောင်းတာက သူ အသက်ရှိနေတုန်းကမှ ကြောက်စရာ ပိုကောင်းတာ၊ အခု ရုပ်မှ မရှိတော့တာ၊ ဝိညာဉ်ပဲ ရှိတော့တဲ့အချိန်မှာ နင့်ကို ခြောက်ရုံ လှန့်ရုံအပြင် သူက ဘာမှ မလုပ်နိုင်တော့ပါဘူး"

"လူ့ဘဝတုန်းက ငါ့ကို နှောင့်ယှက်ရင် ပုလိပ်သွားတိုင်မှာပေါ့၊ အခု နှောင့်ယှက်နေတာကျတော့ ဘယ်သူ့သွားတိုင်ရမှာလဲ"

"ဘုရားစာတွေ တရားစာတွေ တိုင်တည်ပေါ့ဟာ၊ အဲဒီလို ဆိုရင် သူ နင့်အနားကို မကပ်ဝံ့တော့ပါဘူး"

"အဲဒီလို ဘုရားစာ တရားစာရွတ်ရင် တစ္ဆေသရဲတွေက ငါ့အနား တကယ်မကပ်နိုင်ဘူးလားဟင်"

"တကယ်ပေါ့ဟ. . . နင်မယုံရင် ငါ့ကို အဖေပြောပြတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ငါ ပြောပြမယ်"

ဟု နီမောင်က အေးအေးဆေးဆေး သမွာန်ခတ်နေရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တစ်ခုကို ပြောပြလေသည်။

ဆားလင်းကြီးမြို့မှာ ရှေးအခါကပင် စည်ကားသော မြို့တစ်မြို့ဖြစ်ပေသည်။

ရှေးမြန်မာမင်းများလက်ထက်က မင်းကြီး ဦးထောင်ဗိုလ် အမြဲနေထိုင်ခဲ့ရာဖြစ်ပြီး ၎င်း၏ကုသိုလ်ကောင်းမှုများဖြစ်သော ကျောင်းကန်ဘုရား၊ စေတီပုထိုး အများအပြား ရှိခဲ့ပေသည်။

၎င်းတို့ကို ယခုအခါ၌ပင် တွေ့မြင်နိုင်သေးသည်။

အင်္ဂလိပ်များလက်ထက်ကလည်း ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်ခဲ့လေသည်။

ဆားလင်းကြီးမြို့ဟု အမည်တွင်ရခြင်းမှာ ဆီနှင့်ဆား အထွက်ကောင်းသောကြောင့် ဖြစ်သည်။

မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်သောကြောင့် ဆီထွက်သည်မှာ အဆန်းမဟုတ်သော်လည်း ဆားထွက်သည်ကတော့ ထူးဆန်းလှသည်။

ဆားအထွက်များသော အရပ်ဒေသများမှာ ဆားငန်ရေ တက်သည့် ပင်လယ်ပိုင်းဒေသများသာဖြစ်သည်။

ဆားလင်းကြီး၌ ဆားထွက်သောနေရာများစွာရှိပြီး ရှေးအခါက "ဗိုင်းတောင်ကြီး" အရပ်ဒေသမှ ထွက်သောဆားမှာ အကောင်းဆုံး ဖြစ်ပေသည်။

၎င်းနေရာမှ ထွက်သောဆားမှာ သကြားနှင့် သဏ္ဌာန်တူသော ဆားပွင့်ကြီးများဖြစ်သည်။

၎င်းဆားကောင်းထွက်သောနေရာမှာ မြို့နှင့် တစ်မိုင်ခန့်





ကွာဝေးသော အမြင့်ပေနှစ်ရာ အကျယ်အဝန်း ကေနှစ်ဆယ်ခန့်မျှ ရှိသော တောင်ကုန်းတစ်ခုပေါ်၌ ဖြစ်ပေသည်။

၎င်းတောင်ကုန်း၏အနောက်ဘက်တွင် ထူးခြားသော လိုဏ်ခေါင်းတစ်ခု ရှိလေသည်။

ထိုတောင်ကုန်း၏လိုဏ်ခေါင်းကြီးအတွင်း၌ ရွှေငွေဥစ္စာ ပစ္စည်းများ အမြောက်အမြား ရှိကြောင်း သတင်းရှိသဖြင့် မျက်နှာဖြူများနှင့် အခြားသူများမှာ မကြာခဏ လာရောက်ကြည့်ရှုကြသည်။

လိုဏ်ခေါင်းအတွင်းသို့ မဝင်သာပဲ အပြင်မှာပင် ကြည့်ရှုရသည်ဆိုသော်လည်း နေ့စဉ်နှင့်အမျှ လာရောက်ကြည့်ရှုကြလေရာ နယ်ခံမြို့ခံများက အလုပ်ပျက် အကိုင်ပျက်နှင့် လိုက်လံပြသပေးကြရသည်။

နောက်ပိုင်းမှာ မတတ်နိုင်တော့သဖြင့် နယ်ခံများက ထိုတွင်းပေါက်ကြီးကို ဆူးခြုံဆူးခက်များ ပိတ်ဆို့ဖျောက်ဖျက်လိုက်ကြသဖြင့် နောင်သောအခါ အသွားအလာ မပြုကြတော့ပေ။

၎င်းတောင်ပေါ်ရှိ ဆားတွင်းမှာ အခြားနေရာမှ ဆားတွင်းရေနှင့် မတူပေ။

အခြားမြေပြန့်အရပ်ရှိ ရေတွင်းများမှာ အနက်အတောင် တစ်ရာကျော်ခန့် နက်သဖြင့် အပေါ်မှ ငုံ့ကြည့်လျှင် ဆန်ကောဝိုင်းခန့်မျှသာ မြင်ရသည်။

ထိုတောင်ပေါ်ရှိ တွင်းမှ ထွက်သော ဆားရေမှာ ကျောက်ချပ်များကြားမှ ထွက်သောရေဖြစ်ပြီး အတောင်အနည်းငယ်မျှဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေရရှိနိုင်ပေသည်။

ထို့ပြင် ထိုနေရာမှ ထွက်သောဆားမှာ အခြားနေရာမှ ထွက်သောဆားထက် ဈေးပိုကြီးပြီး ဆေးဖက်လည်း ဝင်ပေသည်။ အပူကြောင့် ဖြစ်သော မျက်စိရောဂါဟူသမျှတို့ကို ကွင်းထားရုံနှင့်ပင် ပျောက်ကင်းနိုင်ပေသည်။

ဆားလင်းကြီးမြို့တွင် ဈေးအခါက စီးပွားဥစ္စာ ပြည့်စုံသော သူဌေးသူကြွယ်များ နေထိုင်ကြလေသည်။

ထိုမြို့တွင် သူဌေးဦးဘသာနှင့် ဇနီးဒေါ်မယ်လှတို့တွင် သမီးချောတစ်ယောက် ရှိလေသည်။

သူမ၏အမည်မှာ မြလေးမှုံဟု ခေါ်ကြပြီး မှုံနေအောင် ချောမောလှပသူဖြစ်ရာ ဆားလင်းကြီးမြို့၌သာမက ဇန့်ဂျီတစ်နယ်လုံးအထိပါ ကျော်ကြားလေသည်။

သူမ၏အလှဂုဏ်သတင်းက ပြန့်မွှေးလှသောကြောင့် လာရောက်ကမ်းလှမ်းကြသူများမှာ သာမည မဟုတ်ပဲ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားများ အပါအဝင် အရာရှိအရာခံ လူတန်းစားများ အထိ ပါဝင်ပေသည်။

သို့သော်လည်း မြလေးမှုံက တစ်ဦးတစ်ယောက်မှ လက်မခံဘဲ လိမ္မာပါးနပ်စွာနှင့်ပင် ငြင်းပယ်ခဲ့လေသည်။

ထိုကဲ့သို့ ငြင်းပယ်ရခြင်းမှာလည်း အကြောင်းတစ်ခု ရှိပေသည်။ အခြားမဟုတ်ပေ။ မြလေးမှုံမှာ ချစ်သူရှိနေသောကြောင့် ဖြစ်သည်။

သူမ၏ချစ်သူမှာ ဂုဏ်သရေရှိသည့် ချမ်းသာကြွယ်ဝသူ





တစ်ယောက် မဟုတ်ပဲ သူမနေအိမ်၌ လှည်းမောင်းနေရသော မောင်လူချောဆိုသည့် လူရွယ်ဖြစ်သည်။

မောင်လူချောမှာ ဥစ္စာပစ္စည်းမကြွယ်ဝသော်လည်း ရိုးသားဖြူစင်ပြီး သဘောမနောကောင်းသူဖြစ်သည်။

မြလေးမှုံတို့ နေအိမ်တွင် လှည်းမောင်းပြီး မိဘနှစ်ပါးကို လုပ်ကျွေးနေသူဖြစ်သည်။

အဆင့်အတန်းက ကွာခြားလှသော်လည်း ၎င်းတို့နှစ်ဦး ချစ်သူဘဝသို့ ရောက်ကြရခြင်းမှာ အထူးအဆန်းတော့ မဟုတ်ပေ။

အိုချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဟူသော ဆိုရိုးစကားအတိုင်း အလှူအတန်း ပွဲလမ်းသဘင်မှစ၍ မြလေးမှုံ သွားလိုသောနေရာတိုင်းကို မောင်လူချောက လှည်းမောင်း၍ လိုက်လံပို့ဆောင်ပေးရာမှ လူငယ်တို့သဘာဝ ချစ်ကြိုက်မိကြခြင်း ဖြစ်သည်။

သို့သော်လည်း ၎င်းတို့နှစ်ဦး၏အချစ်ရေးမှာ မဖြောင့်ဖြူးခဲ့ပါချေ။

မြလေးမှုံ မိဘများက ထိုအကြောင်းကို သိသွားသောအခါ မောင်လူချောကို အိမ်မှ နှင်ထုတ်လိုက်ပြီးနောက် မြလေးမှုံကိုလည်း မင်းတိုင်ပင်နယ်ဘက်မှ သူဌေးတစ်ယောက်နှင့် လူကြီးချင်း စေ့စပ်ကာ ထိမ်းမြားပေးလိုက်လေတော့သည်။

မင်္ဂလာပွဲပြီးသည်နှင့် မြလေးမှုံကို သတို့သားနေရပ်သို့ ထည့်လိုက်လေတော့သည်။

ထိုအချိန်မှစ၍ မောင်လူချောနှင့် မြလေးမှုံတို့၏အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းမှာလည်း ရပ်တန်းက ရပ်ကာ ပြီးဆုံးသွားလေတော့သည်။

မောင်လူချောခမျာမှာလည်း ချစ်သူနှင့် ကွေကွင်းရသဖြင့် များစွာပူဆွေးသောက ရောက်ရသော်လည်း ကြာရှည်ခံစားမနေသာပဲ အခြားသူဌေးတစ်ဦးထံမှာ လှည်းမောင်းခြင်းအလုပ်ကို ဝင်ရောက်လုပ်ကိုင်ရပြန်လေသည်။

ဤသို့ဖြင့် တစ်နှစ်ခန့် အချိန်ကြာသွားပြီး မြလေးမှု၏ သတင်းကိုလည်း မကြားရတော့ပေ။

တစ်နေ့သ၌ မောင်လူချောသည် ကိစ္စတစ်ခု ရှိသဖြင့် ပေါင်းဝရွာဘက်သို့ သွားရာ အပြန်နောက်ကျသဖြင့် ပေါင်းဝတာဆုံသို့ ရောက်သောအခါ နေဝင်ရီတရောအချိန် ရောက်နေချေပြီ။

ထိုတာဆုံလမ်းမပေါ်၌ မိန်းကလေးတစ်ယောက် ရပ်နေသည်ကို အဝေးမှ လှမ်းမြင်ရသည်။

သူမ လက်ထဲမှာ အထုပ်ကလေးတစ်ထုပ်ကို ကိုင်ထားသည်။

ခေါင်းပေါ်မှ ပုဝါစကို ချက်မှာ အုပ်သည်အထိ ဆွဲခြုံထားသဖြင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိရပေ။

အနားရောက်တော့ မောင်လူချောက လှည်းကို ရပ်တန့်လိုက်သည်။ သို့သော် ခါတိုင်းလို မဟုတ်ပဲ နွားနှစ်ကောင်က ဂျော မငြိမ်ပဲ တရှုးရှုးတရှားရှားနှင့် ရုန်းကန်နေသောကြောင့် နဖားကြိုးကိုင်ကာ ထိန်းထားရလေသည်။

"ဘယ်ကို သွားမှာလဲ"





"ကျွန်မ ဆားလင်းကြီး လိုက်ချင်လို့ပါရှင်၊ ဒီလှည်းက ဆားလင်းကြီးဘက် ရောက်မှာလား"

"ရောက်ပါတယ်"

"ဒါဖြင့် ကျွန်မ လိုက်ခဲ့ပါရစေရှင်"

မောင်လူချောမှာ အခက်တွေ့သွားလေသည်။

လှည်းကြုံလိုက်ရန် အကူအညီ တောင်းနေသော မိန်းကလေးမှာ မျက်နှာကို မမြင်ရသော်လည်း အသက်နှစ်ဆယ်ကျော် အရွယ်ခန့်ရှိပြီး ကိုယ်လုံးကိုယ်ထည် လှပသူ ဖြစ်သည်။

ထို့ပြင် ရွှေငွေရတနာ လက်ဝတ်လက်စားများကိုလည်း ညွတ်နေအောင် ဝတ်ဆင်ထားလေသည်။

ယခုလို မှောင်ရီသန်းစပြုနေသောအချိန်မျိုးတွင် ရွှေငွေလက်ဝတ်ရတနာများ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ဦးကို လှည်းပေါ် တင်ခေါ်ရမှာ လွယ်တော့ မလွယ်လှပေ။ တစ်စုံတစ်ယောက်က မြင်တွေ့သွားပါက အထင်မှားစရာ ဖြစ်နိုင်ရုံမက အမှုအခင်းပါ ဖြစ်နိုင်ပေသည်။

"ကျွန်တော် လှည်းပေါ် တင်သွားရတာ အပန်းမကြီးလှပါဘူး၊ ဒါပေမယ့် ခင်ဗျားလို အပျိုအရွယ်တစ်ယောက်လည်း ဖြစ်ပြန်၊ ရွှေငွေလက်ဝတ်လက်စားတွေလည်း ဝတ်ဆင်ထားပြန်ဆိုတော့ တခြားလူမြင်ရင် အထင်လွဲစရာ ဖြစ်မှာစိုးလှပါတယ်"

"ဒီအတွက် စိတ်မပူပါနဲ့ရှင်၊ ဘယ်သူမှ မမြင်စေရပါဘူး"

"လမ်းမှာ မမြင်သော်လည်း ဆားလင်းကြီး ဝင်ရင်တော့ မုချမြင်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုလည်း မြို့ထဲ မလိုက်တော့ပါဘူး၊ သုသာန်မှာပဲ ဆင်းနေခဲ့ပါမယ်"

ဟု တောင်းတောင်းပန်ပန် ပြောသဖြင့် မောင်လူချောလည်း မငြင်းသာတော့ဘဲ လှည်းပေါ် တင်လာခဲ့လေသည်။

ပေါင်းဝတာဆုံမှ လှည်းထွက်လာသောအခါ မှောင်စပျိုးနေချေပြီ။

သို့သော် ကောင်းကင်မှာ လရောင်ရှိနေသောကြောင့် အတန်အသင့် မြင်ရသေး၏။

"ဒါထက် ခင်ဗျားက ဆားလင်းကြီးကပဲလား"

"မှန်ပါတယ်"

"ဒီလိုဖြင့်လည်း ဆားလင်းကြီး ရောက်အောင်ပဲ လိုက်ခဲ့ပေါ့ဗျာ၊ ခင်ဗျားတို့အတွက် ပါရမီဖြည့်ပေးတဲ့အနေနဲ့ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"မလိုတော့ပါဘူးရှင်. . . ကျွန်မချစ်သူကို အခုတွေ့ရပြီပဲ"

"ဟင်. . . ဘယ်မှာလဲ"

"ကျွန်မချစ်သူဆိုတာ တခြားလူ ဟုတ်ပါရိုးလား၊ အခုလှည်းမောင်းနေတဲ့ ရှင်ပဲလေ"

"ဗျာ. . ."

ထိုအခါမှ မောင်လူချောမှာ များစွာအံ့ဩသွားကာ လှည်းကို ရပ်တန့်လိုက်ပြီး လှည့်ကြည့်လိုက်လေသည်။

သူ့နောက်ဘက်နားမှာ အရှေ့ဘက်သို့ မျက်နှာမူကာ ထိုင်နေသော မိန်းကလေးက မျက်နှာပေါ်မှာ အုပ်ထားသောပုဝါကို ဖယ်ချလိုက်သည်။

"ဟင်. . . မြလေးမှုံ"

မောင်လူချောမှာ များစွာအံ့ဩသွားသလို တုန်လှုပ်မှုလည်း ဖြစ်သွားမိလေသည်။

လရောင်အောက်တွင် မသဲမကွဲ မြင်နေရသော မြလေးမှုံ၏မျက်နှာမှာ ယခင်ကဲ့သို့ ချောမောလှပနေသေးသော်လည်း ဖြူဖပ်ဖြူလျော် ဖြစ်နေသည်ဟုတော့ ထင်လိုက်မိသည်။

"အံ့ဩသွားပြီလား ကိုလူချော၊ ကျွန်မကိုရော သတိမှ ရပါသေးရဲ့လား"

"ရ. . . ရပါတယ်၊ ဒါပေမယ့်"

"ကျွန်မမှာဖြင့် ကိုယ် မချစ်မနှစ်သက်ပဲနဲ့ မိဘပေးစားတဲ့လူကိုသာ ယူခဲ့ရပေမယ့် ကိုလူချောကို တစ်နေ့မှ မမေ့ခဲ့ပါဘူး"

"ဒါပေမယ့် မြလေးမှုံရယ်၊ ကျွန်တော်တို့နှစ်ယောက် ဘယ်လောက်ပဲ ချစ်ခဲ့ကြပေမယ့် ဖူးစာမဆုံလို့ ကွဲခဲ့ကြပြီပဲ၊ နောက်ပြီး မြလေးမှုံမှာ ကာမပိုင် လင်ယောက်ျား ရှိနေပြီဆိုတော့ မသင့်တော့ပါဘူး၊ အပြစ်ကြီးလှပါတယ်၊ တကယ်လို့ မြလေးမှုံက ဇွတ်တိုးခဲ့မယ်ဆိုရင်တောင် မြလေးမှုံအပေါ်မှာ ဘယ်လောက်ပဲ ချစ်သည်ဖြစ်စေ လက်မခံဝံ့တော့ပါဘူး"

မောင်လူချောမှာ မတတ်သာတော့သဖြင့် ထိုစကားကို အားယူ၍ ပြောလိုက်ရခြင်း ဖြစ်သည်။

"ကိုလူချောရဲ့သဘောကို ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မက လင်ရှိတဲ့မိန်းမတစ်ယောက် မဟုတ်တော့ပါဘူး၊ လွတ်






www.burmeseclassic.com

www.burmeseclassic.com



လပ်သူတစ်ယောက် ဖြစ်နေပါပြီ"

"ဟင်. . . မြလေးမှုံနဲ့ ယောက်ျားနဲ့ ကွဲပြီး အိမ်ပေါ်က ဆင်းလာတာလားဟင်"

"မဟုတ်ပါဘူး ကိုလူချောရဲ့၊ ကျွန်မ သေသွားလို့ သုသာန်မှာ မြှုပ်ပစ်ခဲ့ကြတာ ခုနစ်ရက်တောင် ပြည့်သွားပြီ"

"ဟင်. . ."

မောင်လူချောမှာ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထောင်ထလာတော့သည်။

ထိုသို့ဖြစ်လာသည်နှင့် မြလေးမှုံ၏မျက်နှာမှာ တဖြည်းဖြည်းနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်လာတော့သည်။

မျက်နှာမှာ ချောမောလှပခြင်း မရှိတော့ပဲ ဖူးယောင်ညို မည်းကာ ပုတ်အက်အက် ဖြစ်လာသည်။

ကိုယ်လုံးမှာလည်း ပွယောင်းယောင်း ဖြစ်လာတော့သည်။

"ကျွန်မကို မနှစ်သက်တဲ့လူနဲ့ အတင်းပေးစားကြတော့ စိတ်ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်တော့တာနဲ့ မီးယပ်ချုပ်ဆေး သောက်ပြီး သေခဲ့တာပဲ"

ဟု အသံသြသြကြီးဖြင့် ပြောပြနေသည်။

ထိုသို့ပြောနေစဉ် အပုတ်နံ့များက လှိုင်နေပြီး နွားနှစ်ကောင်မှာလည်း ပရမ်းပတာ ဖြစ်နေတော့သည်။

"မြ. . . မြလေးမှုံရယ်၊ ကျွန်တော်တို့နှစ်ယောက်က အရင်တုန်းက ချစ်ခဲ့ကြတာ မှန်ပေမယ့် အခုတော့ ဘဝခြားသွားခဲ့ပါပြီ၊ ကျွန်တော့်ကို မခြောက်လှန့်ပါနဲ့တော့ဗျာ"





ဟု ကတုန်ကယင်ဖြင့် တောင်းပန်ပြောဆိုလေသည်။

"ကျွန်မက ကိုလူချော ကြောက်နေအောင် ခြောက်လှန့်တာ မဟုတ်ပါဘူး၊ ကျွန်မအကြောင်း သိရအောင် လာပြောပြတာပါ၊ အခုကလည်း သူတို့ မြှုပ်ထားတဲ့ မင်းတိုင်ပင် သုသာန်မှာ မနေချင်လို့ ဆားလင်းကြီးသုသာန်ကို ပြောင်းလာတာပါ၊ ကိုလူချောကို ဘာမှ မလုပ်ပါဘူး၊ ကျွန်မကို သုသာန်ရောက်ရင်သာ ချပေးခဲ့ပါ"

ဟု ပြောသဖြင့် မောင်လူချောလည်း လှည်းကို မောင်းလာခဲ့လေသည်။

လမ်းတစ်လျှောက်လုံးမှာလည်း ကျောဘက်နားမှာ သရဲဘဝရောက်နေသော မြလေးမှုံ ရှိနေမှန်း သိနေသောကြောင့် ကြက်သီးတဖျန်းဖျန်း ထကာ ကျော့မလုံအောင် ဖြစ်နေတော့သည်။

ဤသို့ဖြင့် လှည်းကို မောင်းလာရာ ဆားလင်းကြီး သုသာန်နား ရောက်လာလေသည်။

မောင်လူချောစိတ်ထဲမှာ သရဲမ မြလေးမှုံ လှည်းပေါ်မှ မြန်မြန်ဆင်းပါစေဟု ဆုတောင်းကာ ကိုရင်ဘဝက အရကျက်ခဲ့သော ပရိတ်တော်များကို တိုးတိုးလေး ရွတ်ဆိုနေလေသည်။

ဆားလင်းကြီး သုသာန်ဝသို့ ရောက်လာပြီး နောက်သို့ လှည့်ကြည့်လိုက်သောအခါ မြလေးမှုံကို မတွေ့ရတော့ပေ။

ထိုအခါ လှည်းကို ခပ်သွက်သွက် မောင်းလာခဲ့ပြီး သုသာန်နှင့် အတော်ဝေးသောနေရာရောက်မှ နောက်သို့ လှည့်ကြည့်လိုက်သောအခါ သုသာန်ဝမှာ အထုပ်ကလေး ပိုက်ကာ ရပ်နေသော သဏ္ဌာန်တစ်ခုကို မသဲမကွဲ လှမ်းမြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင် ပြောပြသော အဖြစ်အပျက်များကို ခင်မေရီက စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

"တစ္ဆေသရဲဆိုတဲ့ ပရလောကသားတွေဟာ ဘုရားစာ တရားစာတွေကို သိပ်ပြီးကြောက်ကြတယ်၊ အသံကြားတာနဲ့ အဝေးကြီး ထွက်ပြေးကြရတယ်၊ နင်လည်း သရဲဘဝ ရောက်နေတဲ့ ထွန်းဇော်ကို ကြောက်ရင် ဘုရားစာ တရားစာတွေကို များများရွတ်ပေးပေါ့ဟာ"

ဟု ပြောဆိုရင်း သမ္မာန်ကို ခတ်လာရာ ရန်ကုန်မြစ်တွင်းသို့ ရောက်လာခဲ့ချေပြီ။





## အခန်း ( ၈ )

# အသက်ဝင်လာသော အလောင်း

မတ္တသုခဆန်စက်ဝန်းအတွင်းသာမက ခနောင်တို တစ်ရွာလုံး သရဲခြောက်ခံကြရသည့်အထဲတွင် ဦးသန်းဖေ ဒေါ်ငွေဇာတို့ အိမ်မှာ အဆိုးဝါးဆုံး ဖြစ်နေတော့သည်။

နည်းမျိုးစုံဖြင့် ညတိုင်းလိုလို သရဲခြောက်ခံကြရရာ ဦးသန်းဖေက ကြောက်ရွံ့သော်လည်း မိခင်ဖြစ်သူ ဒေါ်ငွေဇာကတော့ မကြောက်ရွံ့ပေ။

"ကိုသန်းဖေ . . . ကျုပ်တို့သားလေး ကျုပ်တို့အပေါ်မှာတော့ အတော်ကို ချစ်တာတော့၊ အခုကြည့်ပါလား၊ ဘဝခြားသွားတာတောင် တခြားကို မသွားပဲ ကျုပ်တို့ဆီကိုပဲ လာနေတာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါလား"

"မင်းကလည်းကွာ. . သူဟုတ်ချင်မှဟုတ်မှာပါ၊ ဒီလောက်လည်း အစွဲအလမ်း မထားပါနဲ့"

"အို. . . ဘာကြောင့် မဟုတ်ရမှာလဲ၊ သူမှီသာ သူ့အိမ်သူ ပြန်လာတာ နေမှာပေ့၊ ကျုပ်သားလေး အခုလို အဖြစ်ဆိုးနဲ့ သေရတာ တော်ဂြိုလ်မွှေလို့ လောဘကြီးလို့ သေရတာ"

ဟု ငိုသံပါကြီးနှင့် အပြစ်တင်ပြန်လေသည်။

"မင်းကလည်းကွာ. . . အခုကျမှ ငါ့ကိုချည်း အပြစ်ပုံချနေတယ်၊ အဲဒီတုန်းက ငွေတစ်သောင်း လိုချင်လို့ မင်းလည်း အတူတူ သဘောတူခဲ့တာ မဟုတ်ဘူးလား"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ လောဘကြီးလို့ သေရတဲ့ ကျုပ်သားလေးကို အသက်ပြန်ရှင်အောင်တော့ လုပ်ရမှာပဲ"

"မတော်ပါဘူး မငွေဇာရယ်"

"အို. . . ဘာပဲဖြစ်ဖြစ် လုပ်ရမှာပဲ၊ အရုပ်က သုံးခုတောင်းနိုင်တယ် မဟုတ်လား၊ နီမောင်က တစ်ဆုတောင်းပြီးပြီ၊ တော်က တစ်ဆုတောင်းခဲ့ပြီးပြီ၊ ကျန်တဲ့ဆုကိုတော့ ကျုပ်တောင်းမှဖြစ်မယ်"

"မဖြစ်နိုင်ပါဘူး မငွေဇာရယ်"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ တောင်းခဲ့တဲ့ဆုနှစ်ဆုတောင်မှ ပြည့်ခဲ့ပြီးမှတော့ ဒီကျန်တဲ့တစ်ဆုကျမှ ဘာကြောင့် မပြည့်ရမှာလဲ၊ အရုပ်ကို ပေးမှာသာ ပေးစမ်းပါ"

ဦးသန်းဖေကလည်း ကြောက်ရွံ့ထိတ်လန့်နေသောကြောင့် အရုပ်ကို ထုတ်မပေးချေ။





နောက်ဆုံး ဒေါ်ငွေဇာက အရုပ်ကို ထုတ်မပေးလျှင် အိမ်ပေါ်မှ အပြီးဆင်းတော့မည်ဟု အကျပ်ကိုင်တော့မှ မပေးချင်ပေးချင်နှင့် ထုတ်ပေးလိုက်ရလေတော့သည်။

ထိုအချိန်မှာ မှောင်ရီသမ်းစအချိန်ဖြစ်သည်။

ဒေါ်ငွေဇာသည် ရုပ်တုကလေးကို ရသောအခါ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ဆုတောင်းလိုက်လေတော့သည်။

"ကျုပ်သားလေး အသက်ပြန်ရှင်ရပါလို၏"

ထိုသို့ ဆုတောင်းလိုက်ပြီးသည်နှင့် အပြင်ဘက်၌ လေပြင်းကျသကဲ့သို့ တဝေါဝေါမြည်သံများ ပေါ်ထွက်လာပြီး အမှောင်ထဲမှာ ပြေးလွှားနေသော ခြေသံများကိုပါ ကြားနေရသည်။

ဒေါ်ငွေဇာမှာ ထိုအသံကြောင့် ကြောက်ကြောက်လန့်လန့်ဖြင့် လွှတ်ချလိုက်ရာ လက်ထဲမှ အရုပ်ကလေးမှာ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

အတန်ကြာသောအခါ ကြားနေရသောအသံများ ပြန်လည်ငြိမ်သက်သွားတော့သည်။

ထိုကဲ့သို့ အသံများ တိတ်သွားသောအခါ ဦးသန်းဖေက ကြမ်းပြင်ပေါ်သို့ ကျသွားသော အရုပ်ကလေးကို လိုက်စမ်းကြည့်သေးရာ မတွေ့တော့ပေ။

ဒေါ်ငွေဇာကတော့ ဖွင့်ထားသော ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေလေသည်။

အပြင်မှာတော့ အမှောင်ရိပ်များမှလွဲ၍ အခြားထူးထူးခြားခြားတော့ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေဇာမှာ အချိန်အတော်ကြာအောင် ရပ်ကြည့်နေပြီး ဘာမှမတွေ့ရတော့မှ အိမ်ခန်းတွင်းသို့ ပြန်ဝင်လာသည်။

ဦးသန်းဖေခမျာမှာတော့ အရုပ်ကလေးကို ပြန်မတွေ့ရသည်ကတစ်ကြောင်း ဆုတောင်းပြီး မည်သို့ဖြစ်လာဦးမည် မသိသေးသည်က တစ်ကြောင်းကြောင့် ရင်ထဲမှာ အလုံးကြီး ဆို့ကာ စိုးရိမ်ပူပန်လျက် ရှိနေလေသည်။

သူသည် အိပ်ယာပေါ် ရောက်သည်နှင့် အိပ်မပျော်နိုင်သေးဘဲ သက်ပြင်းတချချနှင့် ရှိနေလေသည်။

ညဉ့်နက်ပိုင်း ရောက်တော့မှ မှေးကနဲ အိပ်ပျော်သွားသကဲ့သို့ ရှိလေသည်။ ထိုအခိုက်မှာပင် ထူးခြားသော မြင်ကွင်းအချို့ကို တွေ့မြင်ရလေသည်။

ဒေါ်ငွေဇာက အရုပ်ကလေးကို လက်ထဲမှာ ကိုင်မြှောက် ဆုတောင်းနေပုံများ၊ သူဆုတောင်းပြီးသည်နှင့် အမှောင်ထဲမှာ ပြေးလွှားနေသော မည်းမည်းသဏ္ဌာန်များကို တွေ့ရလေသည်။

၎င်းသဏ္ဌာန်များကို အသေအချာ ကြည့်သောအခါ လူမဟုတ်ပဲ တစ္ဆေသရဲများဖြစ်သည်ကို တွေ့ရသည်။

၎င်းတို့မှာ သုသာန်ရှိရာဘက်သို့ ပြေးသွားကြခြင်း ဖြစ်၏။

သုသာန်သို့ ရောက်သောအခါ မကြာသေးမီက မြှုပ်ထားသော မြေပုံတစ်ခုအနီး၌ ဝိုင်းကြည့်နေကြသည်။

သုသာန်အတွင်းမှာ ဒေါ်ငွေဇ်၏ဆုတောင်းသံများက ပျံ့လွင့်လျက် ရှိနေလေသည်။

မကောင်းဆိုးဝါးများ ဝိုင်းဝန်းကြည့်နေသော မြေပုံမှာ





အခြားမဟုတ်ပေ။

ထွန်းဇော်၏မြေပုံပင်ဖြစ်သည်။

ဒေါ်ငွေဇာ၏ဆုတောင်းသံများက ထိုနေရာသို့ ရောက်လာပြီး ပဲ့တင်ထပ်သံများဖြင့် လှိုင်းထနေရာ ထွန်းဇော်မြေပုံမှာ တဖြည်းဖြည်းနှင့် ပွတက်လာလေတော့သည်။

ဦးသန်းဖေမှာ အိပ်မက်လိုလိုနှင့် ၎င်းမြင်ကွင်းကို မြင်တွေ့နေရလေသည်။

အတန်ကြာတော့ မြေပုံက မောက်တက်လာကာ အတွင်းမှ လက်တစ်ဖက် ထွက်လာပြီးနောက် မြေသားများအား နံဘေးသို့ ယက်ချလိုက်သည်။

မြေကြီးများ မရှိတော့သည်နှင့် အတွင်းမှ အလောင်းကောင်က ထထိုင်လာလေတော့သည်။

၎င်းမှာ ဆန်စက်ထဲ ပါသွားပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ထွန်းဇော်၏အလောင်းပင် ဖြစ်တော့သည်။

သားသမီးပင် ဖြစ်သော်လည်း မျက်နှာတစ်ခုလုံး ကြေမွနေပြီး ခြေလက်အဆစ်များ ပြုတ်ထွက်နေသော ထွန်းဇော်၏ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရသောအခါ ဦးသန်းဖေမှာ များစွာတုန်လှုပ်သွားတော့သည်။

ထွန်းဇော် တစ်ကိုယ်လုံးမှာ ပုပ်ပွနေပြီဖြစ်သောကြောင့် အပုပ်နံ့များကလည်း ထွက်နေချေပြီ။

၎င်းနောက် မြေပုံအတွင်းမှ အလောင်းအပြင်သို့ ထွက်မလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဦးသန်းဖေမှာ ဆောက်တည်ရာမရအောင် ကြောက်လန့်နေပြီ ဖြစ်သောကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတော့သည်။

ထွန်းဇော်က ၎င်းရှိရာသို့ လှမ်းကြည့်ပြီး 'လာပါ. . . လာပါ' ဟူသော အမူအယာဖြင့် လက်ယပ်လှမ်းခေါ်နေသည်။

ထိုအခါမှပင် ဦးသန်းဖေမှာ ထိုနေရာ၌ ရပ်မနေဝံ့တော့သဖြင့် အိမ်ဘက်သို့ ပြန်ပြေးခဲ့တော့သည်။

အသက်ဝင်နေသော အလောင်းကောင်ကလည်း သူ့နောက်မှ လိုက်လာလေတော့သည်။

ထိုနေရာမှာပင် အိပ်ယာမှ လန့်နိုးလာလေတော့သည်။

အလန့်တကြား ထကြည့်လိုက်တော့ အခြေအနေက ငြိမ်သက်လျက် ရှိနေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းလျက်ရှိပြီး အိမ်ထဲမှာတော့ ရေနံဆီ မီးအိမ်တစ်လုံး ထွန်းထားသည်။

သို့သော် ရေနံဆီ ကုန်ခါနီးပြီမို့ မီးဇာက မှိတ်တုတ်မှိတ်တုတ် ဖြစ်နေလေသည်။

ဒေါ်ငွေဇာကတော့ သူ့နံဘေးမှ ပြတင်းပေါက်ကို ဖွင့်ထားကာ ကုတင်ပေါ်မှာ အိပ်ပျော်လျက်ရှိသည်။

ဆုတောင်းပြီးသည့်အချိန်မှစ၍ သားဖြစ်သူ အသက်ပြန်ရှင်လာမည်ကို ညဦးပိုင်း တစ်ချိန်လုံး ထိုင်စောင့်နေဟန်ရှိပြီး ယခုမှ မောမောပန်းပန်းနှင့် အိပ်ပျော်သွားဟန် ရှိလေသည်။

၎င်းတို့လင်မယား အိပ်သောအခန်းမှာ အပေါ်ထပ်၌ ရှိပြီး



အောက်ထပ်မှာတော့ လူမရှိပဲ တံခါးများ ပိတ်ထားသည်။ ထွန်းဇော် ရှိစဉ်က နေသောအခန်းမှာလည်း ယခုတော့ တံခါးပိတ်ထားလေသည်။

ဦးသန်းဖေမှာ အိပ်မက်မက်နေရာမှ နိုးလာပြီးနောက် အိပ်မက်လိုလို မြင်ကွင်းများကြောင့် စိတ်ထဲမှာ များစွာထိတ်လန့်ကြောက်ရွံ့နေမိသည်။

"ငါတွေ့မြင်ခဲ့ရတာတွေက အိပ်မက်ပဲ ဖြစ်မှာပါ။ သေသွားပြီးတဲ့ လူတစ်ယောက်ကတော့ ဘယ်လိုမှ အသက်ပြန်ရှင်လာမှာ မဟုတ်တော့ပါဘူး"

ဟု တွေးနေမိသည်။

အိပ်ပျော်ရာမှ နိုးစတွင် သူ့တစ်ကိုယ်လုံးမှာလည်း ချွေးစေးများဖြင့် ရွှဲနစ်နေသည်။

သူသည် အိပ်ယာပေါ်မှာ လှဲနေရင်းမှပင် နားစွင့်နေသည်။ ထိုအခိုက် အဝေးဆီမှ ခွေးအူသံများ အရင်ကြားရသည်။

ခွေးအူသံများမှာ သုသာန်ရှိရာဘက်ဆီမှ ကြားနေရခြင်းဖြစ်သည်။ ခဏကြာတော့ ခွေးအူသံများက တဖြည်းဖြည်းနှင့် နီးလာလေသည်။

ဦးသန်းဖေမှာ ခွေးအူသံများကြောင့် အသည်းနှလုံးကို လက်အေးကြီးနှင့် ဖျစ်ညှစ်လိုက်သကဲ့သို့ အသက်ရှူမဝအောင် ဖြစ်သွားလေသည်။

နားစွင့်နေရင်းမှပင် ဆန်စက်ဝန်းအတွင်းမှ စူးစူးဝါးဝါး ခွေးဟောင်သံများ ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်စက် ပိတ်ထားသောအချိန်ဖြစ်သဖြင့် ဆန်စက်တစ်ဝန်းလုံး မည်းမှောင်လျက်ရှိနေပြီး လူသွားလူလာလည်း မရှိပေ။ ခွေးဟောင်သံများ ဆူညံစွာ ပေါ်ထွက်လာသဖြင့် ဦးသန်းဖေက အိပ်ယာမှ ထကာ ဒေါ်ငွေဇာ ကုတင်နံဘေးမှ ပြတင်းပေါက်တံခါးကို ပိတ်လိုက်သည်။

"ဘာဖြစ်လို့ ပိတ်တာလဲ"

ဒေါ်ငွေဇာက မေးသည်။

"မင်းသိပ်အေးနေမှာစိုးလို့ပါ"

"အပြင်မှာ ခွေးဟောင်သံတွေ ဆူလှချည်လား"

"လူသွားလူလာ တွေ့လို့ ဟောင်တာဖြစ်မှာပေါ့"

"ကျုပ်တို့ ဆုတောင်းတဲ့အတိုင်း ထွန်းဇော်များ အသက်ရှင်ပြီး ပြန်လာလေရော့သလား"

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွာ၊ ဒီလောက်လည်း စွဲလန်းမှု မထားပါနဲ့၊ အိပ်ပျော်အောင်သာ အိပ်ပါ"

ဟု နှစ်သိမ့်မှု ပေးလိုက်ရာ ဒေါ်ငွေဇာထံမှ သက်ပြင်းချသံတစ်ချက်ပေါ်ထွက်လာသည်။

ထိုအခိုက်မှာပင် အောက်ဖက်မှ တံခါးခေါက်သံ ပေါ်ထွက်လာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"ဟင်. . ."

"ဟော. . . ဘာသံလဲ"

ဒေါ်ငွေဇာက ခေါင်းထောင်ထရင်း မေးသည်။





"ကြွက်တိုးတဲ့အသံ ဖြစ်မှာပါ"

ပြောသာပြောလိုက်ရသော်လည်း ဦးသန်းဖေစိတ်ထဲမှာ ကြောက်ရွံ့နေဆဲပင် ရှိသေး၏။

ဒေါ်ငွေဇာမှာ မကျေမနပ်နှင့် ကုတင်ပေါ်မှာ ထိုင်ရင်းနှင့် နားစွင့်နေသည်။

အပြင်ဘက်မှ ကြားနေရသော ခွေးအူသံ၊ ခွေးဟောင်သံများမှာ အဆက်မပြတ် ပေါ်ထွက်နေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"ဟော. . . တံခါးခေါက်သံ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးကွာ. . . ဒီအချိန်ကျမှ ဘယ်ဧည့်သည်မှလည်း လာတော့မယ် မထင်ပါဘူး"

"အို. . . ဘာကြောင့် မလာရမှာလဲ၊ ညဦးပိုင်းက ကျုပ်တို့ဆုတောင်းထားတာ ရှိတယ်မဟုတ်လား၊ ကျုပ်သားထွန်းဇော် အသက်ပြန်ရှင်ပြီး အိမ်ပြန်လာတာ ဖြစ်မှာပေါ့၊ တံခါးသွားဖွင့်ပေးလိုက်လေ"

"ဟာ. . . ငါ မသွားဝံ့ပါဘူး"

"တော်ဟာလေ. . . ဖအေတစ်ယောက် လုပ်နေပြီး သားသမီးအပေါ်မှာ အကြင်နာတရားကို မရှိဘူး၊ ကိုယ်မွေးထားတဲ့သားကို ကိုယ်က ပြန်ကြောက်နေရတယ်လို့ဖယ်၊ တော်မသွားဝံ့ရင် ကျုပ်သွားမယ်"

ဟု ပြောကာ ကုတင်ပေါ်မှ ဆင်းသဖြင့် ဦးသန်းဖေက လှမ်းဆွဲထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသွားပါနဲ့ကွာ. . . မတော်ပါဘူး"

"အို. . . ဘာကြောင့် မသွားရမှာလဲ၊ ကိုယ်မွေးထားတဲ့ သား သေရာကတောင် ပြန်ရှင်လာတဲ့ဟာ တံခါးဖွင့်ပေးရမှာပေါ့"

ဟု ပြောဆိုကာ ဦးသန်းဖေလက်မှ ရုန်းဖယ်ပြီး အခန်းထဲမှ အပြင်သို့ ထွက်လိုက်သည်။

ထိုအချိန်တွင် အခန်းအလယ်မှာ ထွန်းထားသော ရေနံဆီ မီးအိမ်မှာလည်း ရေနံဆီ ကုန်သွားသဖြင့် မီးငြိမ်းနေပြီ ဖြစ်သော ကြောင့် တစ်ခန်းလုံး မည်းမှောင်နေရာ လှေခါးထိပ်ကိုပင် မမြင်ရ တော့ပေ။

"အရေးထဲကျကာမှ. . . ဒီမုန်အိမ်ကလည်း"

ဒေါ်ငွေဇာက မကျေမနပ်ဖြင့် ရေရွတ်ကာ လှေခါးထိပ် ရောက်အောင် စမ်းသွားသည်။

ဦးသန်းဖေကတော့ အခန်းထဲမှာ ကျန်ခဲ့ပြီး ချီတုံချတုံနှင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတော့သည်။

ဒေါ်ငွေဇာသည် အမှောင်ထဲမှာပင် လှေခါးထစ်များကို စမ်းကာ အောက်သို့ ဆင်းသွားလေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

အောက်သို့ ရောက်သောအခါ နောက်ထပ် တံခါးခေါက်သံ ကို ထပ်ကြားရသည်။

"လာပြီ သားရေ၊ အမေ လာပြီ"

ဟုလည်း လှမ်းအော်ပြောလိုက်သေးသည်။

အပေါ်မှာ ရှိနေစဉ်က မည်သို့မျှ မထူးခြားသော်လည်း အောက်ထပ်ရောက်သောအခါ အပုဘ်နံ့များက လှိုင်နေလေသည်။

သို့သော် ဒေါ်ငွေဇာမှာ ဇောကပ်နေသောကြောင့် မကြောက်မရွံ့ပဲ အောက်သို့ ဆင်းသွားလေသည်။

လှေခါးအောက်သို့ ရောက်သောအခါ တံခါးမကြီး ရှိရာသို့ တဖြည်းဖြည်း စမ်းသွားလေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးချပ်အနီးသို့ ရောက်သောအခါ အပုတ်နံ့များက ပိုမို များလာလေသည်။

တံခါးနားရောက်၍ အောက်ဂျက်ကို ဖြုတ်လိုက်ပြီး အပေါ် ဂျက်ကို ဖြုတ်သော်လည်း မမီပေ။

ထိုအခိုက်မှာပင် ဦးသန်းဖေက အနီးရောက်လာသည်။

"မငွေဇာ မလုပ်ပါနဲ့၊ တံခါးမဖွင့်ပါနဲ့၊ အိမ်ထဲ ပြန်လာပါ ကွာ"

"အို. . . မလာနိုင်ပါဘူး၊ အပေါ်ဂျက်ကိုသာ ဖွင့်ပေးစမ်းပါ"

ဦးသန်းဖေက အမျိုးမျိုး တောင်းပန်သော်လည်း ဒေါ်ငွေဇာ က ဖွတ်တိုး၍ တံခါးဂျက်ကို ခြေဖျားထောက်၍ ဖွင့်နေရာ နောက် ဆုံး မတတ်သာတော့ပဲ တံခါးအပေါ်ဂျက်ကို ဦးသန်းဖေက ဖွင့်ပေး လိုက်ရလေသည်။

ဂျောက်ကနဲ မြည်သံနှင့်အတူ တံခါးရွက်နှစ်ချပ်က 'ကျွီ'ကနဲ ပွင့်သွားလေတော့သည်။

တံခါးနှစ်ချပ် ပွင့်သွားသည်နှင့် အပုတ်နံ့များက အိမ်ထဲ လုံးဝင်လာသည်။




အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမေ. . ."

အသံသြသြကြီးကို အရင်ကြားလိုက်ရပြီးနောက် အမှောင်ထဲမှ သဏ္ဍာန်တစ်ခု ထွက်လာလေသည်။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ထွန်းဇော်၏အလောင်းပင်ဖြစ်တော့သည်။

"အမေ. . . ကျွန်တော်ပြန်လာပြီလေ"

"အမယ်လေး. . . ဘယ်လိုဟာကြီးလဲတော့"

ဟု အော်ဟစ်ကာ ဒေါ်ငွေဇာတစ်ယောက် ပုံလျက်သားလဲကျသွားလေတော့သည်။

ထိုအခါ နောက်ဘက်နားမှာ ရပ်နေသော ဦးသန်းဖေမှာလည်း ဇနီးဖြစ်သူကို အကူအညီ မပေးနိုင်တော့ပဲ ဘေးလွတ်ရာသို့ထွက်ပြေးရတော့သည်။

"ကယ်ကြပါဦးဗျို့. . . ကယ်ကြပါဦး"

ရွာရိုးတစ်လျှောက် အော်ဟစ်ကာ ပြေးသောကြောင့် ဆန်စက်ဝန်းထဲမှ အလုပ်စမားများ အရင်ထွက်လာသည်။

ခဏကြာတော့ ရွာထဲမှ လူများပါ ရောက်လာကြသည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

ဦးသန်းဖေနှင့် တွေ့ပြီး မေးကြည့်သောအခါ အကျိုးအကြောင်း သိကြရလေသည်။

"မငွေဇာက သူ့သားကို အသက်ပြန်ရှင်ပါစေလို့ ဆုတောင်းလိုက်မိတာ ထွန်းဇော် သင်္ချိုင်းက ပြန်ထလာလို့ဗျ"

ထိုစကားကြားသောအခါ အခြားလူများကတော့ မယုံကြည်ကြပေ။ ဦးသန်းဖေတစ်ယောက် ကြောက်ကြောက်လန့်လန့်နှင့် သွေးရူးသွေးတန်း ပြောနေသည်ဟု ထင်ကြသည်။

လူအုပ်ထဲမှာ ပါလာသော နီမောင်မှာ ထိုစကားကြားသောအခါ မျက်လုံး ပြူးသွားလေသည်။

"ဦးလေး. . . အဒေါ် ဘယ်မှာ ကျန်ခဲ့သလဲ"

"အိမ်. . . အိမ်ပေါက်ဝမှာ"

"ဒါဖြင့် အမြန်သွားကြရအောင်"

ဟု ပြောဆိုကာ နီမောင်ကပင် ရှေ့မှ ဦးဆောင်ကာ ဆန်စက်ဝန်းအတွင်းသို့ ပြန်သွားကြလေသည်။

လူအုပ်ကလည်းများ၊ လက်ထဲမှာလည်း လက်နှိပ်မီးနှင့် မှန်အိမ်များ ပါလာသောကြောင့် အလင်းရောင် ကောင်းစွာရကာ မကြောက်ရွံ့ကြတော့ပေ။

သို့တိုင်အောင် အချို့မှာ နောက်ဘက် အတော်ဝေးဝေးနေရာမှ လိုက်လာကြသည်။

ဦးသန်းဖေ အိမ်အနီးသို့ ရောက်သောအခါ အပုတ်နံ့များရှိနေသေးသော်လည်း အခြားထွေထွေထူးထူးတော့ ဘာမှမတွေ့ကြရပေ။ မီးရောင်ဖြင့် ကြည့်လိုက်တော့ တံခါးပေါက်ဝမှာ ခွေခွေကလေး လဲနေသော ဒေါ်ငွေဇာကို တွေ့ကြရသည်။

ဒေါ်ငွေဇာမှာ အသက်မရှိတော့ပေ။





www.burmeseclassic.com

www.burmeseclassic.com





အခန်း ( ၉ )

# အမျှလိုချင်သောကြောင့် ရောက်လာသောတစ္ဆေ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်တွင် သေွးပျက်သွားသူမှာ ဦးသန်းဖေဖြစ်သည်။

ဒေါ်ငွေဇာ သေဆုံးသွားပြီးနောက် ဆန်စက်ဝန်းထဲမှာ ရှိသောအိမ်သို့ မပြန်ဝံ့တော့ပဲ ပထမဆန်စက်ဝန်းထဲမှ အလုပ်သမားနေအိမ်များ၌ လှည့်လည်နေထိုင်သေးသည်။ သို့သော်လည်း မကြာခဏ သရဲခြောက်ခံနေရသဖြင့် မနေဝံ့တော့သဖြင့် ရွာထဲမှ ပြောင်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာ နေပြန်တော့လည်း ငှင်းနေသောအိမ်မှာ သရဲခြောက်ခံကြရပြန်သည်။

ခြောက်သောသရဲမှာလည်း အခြားမဟုတ်ပေ။

သေဆုံးသွားပြီဖြစ်သော ထွန်းဇော်ပင် ဖြစ်သည်။

"ဟိုမှာ ထွန်းဇော်လာနေပြီ၊ ထွန်းဇော်လာနေပြီ၊ ရုပ်ပျက်ဆင်းပျက်ကြီးနဲ့ ကြောက်စရာကောင်းတဲ့ မျက်နှာကြီးနဲ့ လာနေပြီဗျ၊ ကယ်ကြပါဦး. . . လုပ်ကြပါဦး"

ဟုသာ ထအော်နေတော့သည်။

ထို့ပြင် သူနေသောအိမ်များမှာလည်း အကောင်အထည်မမြင်ရသော်လည်း ခြောက်လှန့်မှု ခံကြရသည်။

ထရံများကို ပုတ်ခြင်း၊ အပြင်ထွက်သူများကို ခြောက်လှန့်ခြင်း၊ အပုတ်နဲ့ ပေးခြင်းများကြောင့် ကောင်းစွာမနေကြရပေ။

သို့ကြောင့် စက်ပိုင်ကိုယ်စားလှယ်ပင် ဖြစ်သော်လည်း ဦးသန်းဖေကို မည်သူကမှ လက်မခံထားလိုကြပေ။

နောက်ဆုံးတော့ နီမောင်က ခေါ်ထားရသည်။

နီမောင်ကလည်း သူတစ်ယောက်တည်းနှင့် ဖြစ်မည်မဟုတ်မှန်း ရိပ်မိသဖြင့် ဦးဇန်ကောင်းကိုပါ အိမ်မှာ ခေါ်ထားရလေသည်။

"အဘ. . . သူပြောတဲ့အတိုင်း တကယ်ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ်. . . အရုပ်ကလည်း သိဒ္ဓိရှိနေတဲ့အရုပ်ဖြစ်ပြန် လူကလည်း စိတ်အာသီသပြင်းပြစွာနဲ့ ဆုတောင်းရင် ဖြစ်နိုင်စရာ ရှိပါတယ်"

"ကျွန်တော်တို့တုန်းက အိမ်အသစ် ရပါစေလို့ ဆုတောင်းခဲ့





တာ အိမ်ဟောင်းပြိုကျသွားပြီး အိမ်သစ်တစ်လုံး ရတယ်၊ ဦးသန်းဖေတို့ အကူအညီ လာတောင်းလို့ ပေးလိုက်တော့ သူ့သား ထွန်းဇော် သေပြီး လိုချင်တဲ့ ငွေတစ်သောင်း ရကြတယ်"

"တစ်ခုပေးမှ တစ်ခုရတဲ့သဘောပါပဲ"

"အဲဒီနောက်မှာ သေပြီးတဲ့ သူ့သားကို အသက်ပြန်ရှင်ပါစေလို့ ဆုတောင်းလိုက်တယ် ပြောတယ်၊ ထွန်းဇော်ကတော့ အသက်ပြန်ရှင်လာတယ်ဆိုတာတော့ မသိရပေမယ့် လောလောဆယ်တော့ ဒေါ်ငွေဇာတစ်ယောက် အသေဆိုးနဲ့ သေရပြီ"

"တူညီတဲ့တုန့်ပြန်မှုမျိုးဆိုတာ နေရာတကာမှာ ရှိနေတာပဲ၊ သူက အသက်တစ်ချောင်း လိုချင်မှတော့ အသက်တစ်ချောင်း ပြန်ပေးရတာကတော့ သဘာဝကျပါတယ်"

"ဒါဖြင့် ထွန်းဇော်က တကယ်ပဲ အသက်ပြန်ရှင်လာပြီလား အဘ"

နီမောင်က စိုးရိမ်တကြီး မေးလိုက်သောအခါ ဦးဇန်ကောင်းက ဘာမှပြန်မပြောပဲ ငွမ်းယာနေလေသည်။

"လူတစ်ယောက်မှာ ရုပ်နာမ်နှစ်ပါးရှိတယ်၊ ရုပ်ဆိုတာ မြင်တွေ့နေရတဲ့ ဇဟိဒ္ဓိပုံသဏ္ဌာန်ကို ခေါ်တယ်၊ နာမ်ဆိုတာ ဝိညာဉ်ကို ခေါ်တယ်၊ ရုပ်ခန္ဓာနဲ့ ဝိညာဉ်ကို ငွေကြိုးဆိုတဲ့ ဝိညာဉ်ကြိုးနဲ့ ဆက်သွယ်ထားတယ်၊ အိပ်ပျော်နေတဲ့အချိန်မှာ ဝိညာဉ်က ကိုယ်ခန္ဓာအပြင်ဘက် ထွက်ပြီး စကြာဝဠာနေရာအနှံ့ လျှောက်သွားနေပေမယ့် ဝိညာဉ်ကြိုးက ရှိနေသေးတော့ အချိန်တန်ရင် ဝိညာဉ်က ခန္ဓာကိုယ်ထဲကို ပြန်ဝင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . ."

"လူတစ်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် သေသွားခဲ့ရင်တောင် ဝိညာဉ်က တခြားမသွားဘဲ ခန္ဓာကိုယ်ပေါ်မှာပဲ တရစ်ဝဲဝဲ လုပ်နေသေးတယ်၊ ဝိညာဉ်ကြီးက ပြတ်သွားပြီဆိုတော့ အထဲကိုတော့ ပြန်ဝင်လို့ မရတော့ဘူးပေါ့"

"တချို့သေပြီထင်ပြီးမှ အသက်ပြန်ရှင်လာတာတွေကရော ဘယ်လိုမျိုးလဲ အဘ"

"အဲဒါကတော့ အမျိုးမျိုးရှိတယ်၊ တချို့က ဝိညာဉ်ကြိုးမပြတ်သေးပဲ ရက်အကြာကြီး မေ့မျောနေတာကို သေပြီလို့ ထင်တာလည်း ဖြစ်နိုင်တယ်၊ တချို့ကျတော့လည်း ဝိညာဉ်က ခန္ဓာကိုယ်အနီးအပါးမှာ ရှိနေတုန်း တန်ခိုးသိဒ္ဓိရှိတဲ့သူတစ်ဦးဦးက ပြန်သွင်းပေးလို့ အသက်ပြန်ရှင်လာတာမျိုးလည်း ရှိတယ်၊ ဝိညာဉ်ကြိုး ပြတ်သွားပေမယ့် ဝိညာဉ်က ခန္ဓာဟောင်းအနားမှာ သုံးရက်ကြာအောင်ရှိနေသေးတယ်၊ သုံးရက်ကျော်တော့မှ တခြားနေရာကို ထွက်ခွာသွားတာမျိုး ရှိတယ်"

"အံ့သြစရာပါပဲ"

"တချို့ဝိညာဉ်တွေဆိုရင် နှစ်ပေါင်းများစွာ ခိုအောင်းခဲ့တဲ့ ခန္ဓာဟောင်းကို သံယောဇဉ် မကုန်လို့ ခုနစ်ရက်ပြည့်တဲ့အထိ အနားမှာ တရစ်ဝဲဝဲ လုပ်နေတာမျိုး ရှိတယ်၊ အသုဘ ချရင်တောင် လူအုပ်ရဲ့နောက်က လိုက်လာပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်တော့မှ နောက်ထပ်ဝင်ခိုစရာနေရာရှာဖို့ အဝေးကို ထွက်ခွာသွားလေ့ ရှိတယ်"

"သနားစရာပါပဲ"





"ဝိညာဉ်ဟာ ခန္ဓာဟောင်းတစ်ခုက ထွက်သွားရပြီး နောက်ထပ်ဝင်စရာ ခန္ဓာသစ်တစ်ခု မရမချင်း ပြုခဲ့တဲ့ ကုသိုလ်ကံအကျိုးပေးအတိုင်း ဘဝအမျိုးမျိုးနဲ့ နေရလေ့ရှိတယ်၊ အများဆုံးကတော့ ပရလောကသားဘဝနဲ့ပေါ့"

"ဒါဖြင့် ထွန်းဇော်ဆီ ပြန်ဝင်လာတာ သူ့ရဲ့ဝိညာဉ်ပဲလား အဘ"

"ဒီလိုတော့ အတပ်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ သိဒ္ဓိစွမ်းအားကြောင့် အနီးပတ်ဝန်းကျင်မှာ ရှိနေတဲ့ အခြားဝိညာဉ်တစ်ကောင်က ဝင်လာတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ဒါပေမယ့် ရုပ်ဟောင်းကတော့ သူ့ရဲ့ရုပ်ဟောင်းပဲပေါ့"

"ဒါဖြင့် ထွန်းဇော်သေတာ ကြာပြီဆိုတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေရောလောက်ပေါ့"

"ရုပ်ပျက်ဆင်းပျက်ကတော့ စက်ထဲ ညှပ်ပါသွားကတည်းက ဖြစ်နေတာပဲ၊ အခုတော့ ဘယ်ပြောစရာ ရှိပါတော့မလဲ"

"ဒါဖြင့် ကြောက်စရာကြီး ဖြစ်နေမှာပေါ့၊ ကျွန်တော်တို့တော့ အခုထိ မမြင်ရသေးဘူး"

"ကျန်တဲ့လူတွေကတော့ တော်ရုံနဲ့ မြင်ရမှာ မဟုတ်ဘူး၊ သက်ဆိုင်တဲ့လူတွေပဲ မြင်ရမှာပါ၊ အခုဆိုရင်တော့ ဦးသန်းဖေ တစ်ယောက်ပဲ မြင်ရမှာပေါ့"

"ဒီအတိုင်းဆိုရင် ဦးသန်းဖေလည်း သက်ဆိုးရှည်မယ် မထင်ဘူး၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ အဘ"

"အကောင်းဆုံးကတော့ မင်းပေးလိုက်တဲ့ရုပ်တု ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com


ရှိတယ်ဆိုတာ အရင်ရှာကြည့်ကြရင် ကောင်းမယ်"

"ရုပ်တုကို ပြန်တွေ့ခဲ့ရင်ကော ကောင်းတဲ့ဆုက သုံးခု ပြည့်သွားပြီဆိုတော့ နောက်ဝ ပဆုတောင်းလို့ မရနိုင်တော့ဘူး အဘ"

နီမောင်က စိုးရိမ်စွာ ပြောလိုက်လေသည်။

"ဒါက အရေးမကြီးပါဘူး၊ ရုပ်တုကို ပြန်တွေ့ရင် ပျောက်သွားတဲ့ အဘိုးကြီးကို တိုင်တည်ပြီး ပြန်ခေါ်ရမှာပေါ့၊ သူရောက်လာတော့မှ ဒီကိစ္စက နိုင်မှာ"

ထိုသို့ ပြောသဖြင့် နှစ်ယောက်သား တိုင်ပင်ပြီး ဦးသန်းဖေအား မေးကြည့်ရာ ဒေါ်ငွေဇာ သေဆုံးသည့်ညက အိမ်ပေါ်မှာ ကျန်ခဲ့ကြောင်း ပြောပြလေသည်။

"အဲဒီညက ရုပ်တုကို ကိုင်ပြီး ဆုတောင်းကြတယ်၊ တကယ်လည်း ရောက်လာရော အကြောက်လွန်ပြီး သူ သတိမေ့လဲကျသွားတာ တစ်ခါတည်း အသက်ပါသွားခဲ့တာပါပဲ၊ ဒီအဖြစ်အပျက်တွေဟာ ကျုပ်တို့ရဲ့လောဘကြောင့် ဖြစ်ရတာပါဗျာ"

ဟု ဝမ်းနည်းသံကြီးနှင့် ပြောပြလေသည်။

"ဒါဖြင့် အရုပ်က အိမ်ပေါ်မှာ ကျန်ခဲ့တယ်ပေါ့"

"ဟုတ်ပါတယ်. . . တခြားလူတစ်ယောက်ယောက် မတွေ့ခဲ့ဘူးဆိုရင်တော့ အိမ်ပေါ်မှာပဲ ရှိမယ်ထင်ပါတယ်"

ဒေါ်ငွေဇာအလောင်းကို ချက်ချင်းသင်္ဂြိုဟ်လိုက်ကြပြီး အိမ်မှာလည်း ဖဲဝိုင်း၊ ကက်ဝိုင်း မလုပ်သောကြောင့် တွေ့ကောင်းတွေ့နိုင်သည်ဟု တွေးမိကြသည်။



သို့သော်လည်း. . .

"ဒီအရုပ်ကြောင့် လူတွေ သေကြရတာဆိုတော့ လူတွေ မသိတာ ပိုကောင်းမယ်၊ ဒီတော့ မင်းနဲ့ငါနဲ့ ညမှောင်တော့မှ သွားရှာကြရင် မကောင်းဘူးလား"

ဟု ဦးဖန်ကောင်းက ပြောရာ နီမောင်မှာ မငြင်းသာတော့ပေ။

သို့ဖြင့် နောက်တစ်နေ့ ညဦးပိုင်းအချိန်လောက်တွင် နှစ်ယောက်သား ဦးသန်းဖေနေအိမ်သို့ တိတ်တဆိတ် သွားကြလေသည်။

လက်နှိပ်ဓာတ်မီး တစ်လက်စီနှင့် ဓါး၊ ဆေးဝါးပစ္စည်းများကို ယူသွားကြလေသည်။

ဦးဖန်ကောင်းမှာ ဆေးဆရာတစ်ဦး ဖြစ်သဖြင့် အမှောင့်ပယောဂ၊ တစ္ဆေသရဲသဘက် စသော မကောင်းဆိုးဝါးများ ခြောက်လှန့်နှောင့်ယှက်ခြင်းမှ အတန်အသင့် ကာကွယ်နိုင်ပေသည်။

ဆန်စက်ပိတ်ထားသောကြောင့် ဆန်စက်ဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

လမိုက်ည ဖြစ်သောကြောင့် အမှောင်ရိပ်များက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်ထားလေသည်။

သူတို့နှစ်ယောက်မှာ လူမြင်မှာစိုးသောကြောင့် ဝင်ပေါက်လမ်းရှိသော အလုပ်သမားတန်းလျားများ ရှိရာဘက်မှ မဝင်ကြပဲ ဘွိုင်လာအိုးရှိရာ အနောက်ဘက်မှ လှည့်ဝင်ကြလေသည်။

ထိုနေရာတစ်ဝိုက်မှာလည်း မီးရောင်မရှိသဖြင့် မဲမှောင်နေ


www.burmeseclassic.com

www.burmeseclassic.com



သည်။

စက်ခန်းနှင့် နီးသောနေရာသို့ရောက်သောအခါ စက်ခေါင်းထိုင်ခုံဘေးမှ မည်းမည်းသဏ္ဌာန်တစ်ခု ထွက်လာသည်။

နီမောင်က လက်နှိပ်မီးနှင့် ထိုးကြည့်ရန် ပြင်လိုက်သည်နှင့် ဦးဇန်ကောင်းက လေသံတိုးတိုးဖြင့် ပြောသည်။

"နေပစေ. . ."

သူတို့နှစ်ယောက် ရပ်နေတော့ မည်းမည်းသဏ္ဌာန်ကလည်း ရပ်တန့်နေသည်။

ခဏကြာတော့မှ စက်ခေါင်းထိုင်ခုံဘေးမှ ထွက်လာကာ မေရုံအတွင်းသို့ ကူးဝင်သွားသည်။

ထိုအခါမှ နှစ်ယောက်သား မှောင်ရိပ်မှ ကပ်ကာ ဦးသန်းဖေ နေအိမ်ရှိရာသို့ လာခဲ့ကြသည်။

"ညစောင့်ကုလား ထင်တယ်"

"မဟုတ်နိုင်ဘူး. . . ညစောင့်ကုလားဆိုရင် ငါတို့ကို လှမ်းမြင်နေတာပဲ. . . လှမ်းမေးမှာပေါ့"

ထိုစကားကြားသောအခါ နီမောင့်စိတ်ထဲမှာ စိမ့်ကနဲ ဖြစ်သွားမိလေသည်။

သို့သော်လည်း ဦးဇန်ကောင်းပါ ပါနေသောကြောင့် ကြောက်ရွံ့ထိတ်လန့်ခြင်းတော့ မဖြစ်မိပေ။

ဦးသန်းဖေ၏အိမ်မှာ စက်နှင့်မနီးမဝေး ချောင်းစပ်နား၌ ရှိသည်။

ခြေတံရှည် နှစ်ထပ်အိမ်ဖြစ်ပြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာ





အခြားအလုပ်သမားတန်းလျားများ မရှိဘဲ လမုပင်များသာရှိသည်။ မီးထွန်းမထားသောကြောင့် အိမ်တစ်ဝိုက်မှာလည်း မှောင်မည်းနေသည်။

သူတို့နှစ်ယောက် အိမ်ရှိရာသို့ လျှောက်လာကြစဉ် မေရုံအတွင်း မည်းမည်းသဏ္ဌာန်တစ်ယောက် ထွက်လာပြန်သည်။

သို့ကြောင့် အမှောင်ရိပ်၌ ကပ်ကာ အခြေအနေ ကြည့်နေကြသည်။ အဝတ်တစ်ခုကို ခေါင်းပေါ်မှာ ခြုံထားသော မည်းမည်းသဏ္ဌာန်က စက်ဝန်းအတွင်းမှ ဖြတ်ကာ အိမ်ဘက်သို့ လျှောက်သွားလေသည်။

ထိုအခိုက်မှာပင် စက်ဝန်းထဲမှာ ရှိကြသည့် ခွေးအချို့က စူးစူးဝါးဝါး ထိုးဟောင်လိုက်ကြသည်။

အိမ်ပေါက်ဝ ရောက်သောအခါ တံခါးဖွင့်ကာ အထဲသို့ ဝင်သွားလေသည်။

ဒေါ်ငွေဇာနှင့် ထွန်းဇော်တို့နှစ်ယောက်က သေဆုံးသွားပြီး ဦးသန်းဖေတစ်ယောက်သာ ကျန်ခဲ့ရာ ယခု ဦးသန်းဖေကလည်း နီမောင်တို့အိမ်မှာ ရောက်နေသည်။

ယခု အိမ်တံခါးကို ဖွင့်ဝင်သွားသည်ကိုလည်း တွေ့လိုက်ရပြန်သည်။

"ဘယ်သူလဲ အဘ"

"ဒီအိမ်နဲ့ ပတ်သက်တဲ့လူ တစ်ယောက်ယောက် ဖြစ်မှာပေါ့ကွာ"

ဟု ဦးဇန်ကောင်းက ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းသဏ္ဌာန် အတွင်းဝင်သွားသောအခါ အခြေ
အနေက ပြန်လည်ငြိမ်သက်သွားတော့သည်။

သို့ကြောင့် နှစ်ယောက်သား အိမ်ဘက်သို့ လျှောက်လာကြ
သည်။

နီမောင်က လက်ထဲမှာ ကိုင်ထားသော လက်နှိပ်မီးနှင့် ဓါး
ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။

တံခါးပေါက်ဝနား ရောက်သောအခါ မီးရောင်ဖြင့် ထိုး
ကြည့်လိုက်ရာ ဝင်ပေါက်တံခါးမှာ သော့ခတ်မြဲ ခတ်ထားလေသည်။

ထို့နောက် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဦးသန်းဖေ
ထံမှ ယူလာသော သော့ဖြင့် ဖွင့်၍ တံခါးကို တွန်းဖွင့်လိုက်သည်။

အိမ်ထဲမှာ မီးရောင်မရှိသဖြင့် မှောင်နေသည်။

အတွင်းဘက် အလည်တိုင်နေရာလောက်မှာ မည်းမည်း
သဏ္ဌာန်တစ်ယောက် ထိုင်နေသည်။

အလယ်တိုင်ကို မှီ၍ ဆေးပေါ့လိပ် ထိုင်ဖွာနေဟန်ရှိသည်။
မီးတရဲရဲကို လှမ်းမြင်ရသည်။

ဒေါ်ငွေဇာ အရုပ်လွတ်ကျသွားသောနေရာမှာ အိမ်ရှေ့
တံခါးပေါက်အနီး၌ ဖြစ်သောကြောင့် ဦးသန်းဖေထံမှ သိခဲ့ရသည်။

နီမောင်က ကြမ်းပြင်ပေါ်သို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်
သည်။

ကြမ်းပြင်ပေါ်မှာ ဖုံများ တက်နေသည်ကလွဲ၍ ဘာမှ
မတွေ့ရပေ။

စိတ်မကျေနပ်သဖြင့် အခြားနေရာများကိုပါ လိုက်လံကြည့်





နေစဉ်မှာ အလယ်တိုင်နေရာလောက်မှ မိန်းမတစ်ယောက်အသံ
ထွက်လာလေသည်။

"ဘာရှာနေတာလဲ"

"အရုပ်လာရှာတာပါ"

နီမောင်က ပြန်ပြောလိုက်သည်။

"ဒီလောက်ငြိုဟ်မွေ့တဲ့အရုပ်ကို ဘာလုပ်ဖို့လဲ"

"ပိုင်ရှင်ကို ပြန်ပေးရမှာမို့ လာရှာတာပါ"

အတန်ကြာအောင် ငြိမ်သက်သွားပြီးမှ နောက်ထပ် စကား
သံ ထွက်လာသည်။

"အရုပ်က ငါ့ရှေ့မှာ ချထားတယ်"

သို့ကြောင့် မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သည်။

အရုပ်က သေးလွန်းသဖြင့် ရုတ်တရက် မမြင်နိုင်သော်
လည်း ထိုင်နေသူကိုတော့ ကောင်းစွာလှမ်းမြင်ရသည်။

စောင်အဟောင်းတစ်ထည်ကို တစ်ကိုယ်လုံး ခြုံကာ ဦး
ခေါင်းပေါ်အထိ ဖုံးအုပ်ထားပြီး ဆေးပေါ့လိပ်တစ်လိပ်ကို ထိုင်ဖွာနေ
ခြင်းဖြစ်သည်။

စောင်ဖြင့် ကွယ်ထားသောကြောင့် မျက်နှာကိုတော့ မမြင်
ရပေ။

"ခင်ဗျားဘယ်သူလဲ"

"ဒေါ်ငွေဇာလေ. . . သေတာတောင် သိပ်မကြာသေးဘူး၊
မမှတ်မိတော့ဘူးလား"

"ရက်လည်ဆွမ်းသွပ်တဲ့နေ့က အမျှအတမ်းဝေပေးတာ မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"ငါ့ဝိညာဉ်က အဲဒီနေ့တုန်းက ခရီးလွန်နေလို့ အမျှဝေတာ မရလိုက်ဘူး"

"ဒီလိုဆိုရင်လည်း ကျုပ်တို့ကပဲ အမျှအတန်း ဝေပေးပါမယ်၊ ကျုပ်တို့ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှု အဖို့ဘာဂ အစုစုတို့ကို အမျှအတန်းဝေပါမယ်၊ အမျှ. . အမျှ. . အမျှ. . ယူပါကုန်လော့"

ဦးဇန်ကောင်း အသံကျယ်ကျယ်ဖြင့် အမျှဝေပေးလိုက်သည်။ တိတ်ဆိတ်နေသော အိမ်ထဲမှာ ဦးဇန်ကောင်းအသံက ဟိန်းထွက်သွားသည်။

"အခုလို အမျှဝေပေးတာ ကျေးဇူးတင်ပါတယ်၊ သေပြီးကတည်းက ကျုပ်ကို ဘယ်သူမှ သတိမရကြတော့ပါဘူး၊ တော်ပေးတဲ့အမျှရတာနဲ့ပဲ ကျုပ် ဒီနေရာက သွားခွင့်ရတော့မှာပါ"

ဟု ငိုသံပါကြီးနှင့် ပြောသံကြားရသည်။

"တကယ်လို့ ကျုပ်ဆီက အမျှအတန်းမရရင် တခြားနေရာကို ဘယ်မှသွားလို့ မရဘူးလား"

"ခရီးသွားရင် စရိတ်လိုတယ် မဟုတ်လား၊ စရိတ်မပါရင် ဘယ်နေရာမှ သွားလို့မရပါဘူး၊ ဝိညာဉ်ဘဝ ရောက်နေရင်လည်း ကုသိုလ်ကောင်းမှုနဲ့ အမျှအတန်း မရရင် ဘယ်နေရာမှ သွားလို့မရဘူး၊ သွားရင်လည်း ဘယ်သူကမှ လက်မခံကြပါဘူး၊ အခုတော့ ရှင်ပေးတဲ့ ကုသိုလ်ကောင်းမှု အမျှအတန်းကလေးနဲ့ ကျုပ် တစ်နေရာကို သွားနိုင်ပါပြီ၊ ဘယ်နေရာ ရောက်မယ်ဆိုတာကတော့ လူ့ဘဝက ပြုခဲ့တဲ့ ကံတရားအတိုင်းပဲပေါ့"





ဟု ပြောကာ နေရာမှ ထသည်။

ထိုစကားကြားရပြန်တော့ ဦးဇန်ကောင်းရော နီမောင်ပါ စိတ်မကောင်း ဖြစ်သွားကြသည်။

"ကျုပ်ကို အမျှဝေပေးတဲ့အတွက် ပြောစရာရှိတာ ပြောခဲ့ပါမယ်၊ တခြားတော့ မဟုတ်ပါဘူး၊ ထွန်းဇော်ရဲ့ဝိညာဉ်က သူသေပြီးတဲ့နောက်ပိုင်းမှာ ငရဲကို ပါသွားခဲ့ပါပြီ၊ သူ ပြုခဲ့တဲ့ ကုသိုလ်ကံတရားက တခြားကို သွားခွင့်မပေးဘဲ ငရဲက ချက်ချင်းလာခေါ်သွားကြတာပါပဲ"

"ဟင်. . ."

ထိုစကားကြောင့် နီမောင်မှာ များစွာတုန်လှုပ်သွားတော့သည်။

"ဒါ. . . ဒါဖြင့် အခု ရောက်နေတဲ့ဝိညာဉ်က ဘယ်ကလဲ"

"ကျုပ်ဆုတောင်းလိုက်တဲ့အချိန်မှာ ဒီပတ်ဝန်းကျင်မှာ ရောက်နေတဲ့ သဘက်တစ်ကောင်က ကြားသွားပြီး သူ့ကိုယ်ထဲမှာ ဝင်နေတာပဲ၊ သူကတော့ တော်ရုံနဲ့ ရမှာ မဟုတ်ဘူး၊ တကယ်လို့ သူနဲ့ တွေ့ရင်တော့ သတိထားကြပါ၊ ကျုပ်လည်း သူ့လက်ချက်ကြောင့် သေရတာပါပဲ၊ အခုလည်း လူတစ်ယောက်ကို သတ်ဖို့ ကြံစည်နေတယ်"

"ဘယ်သူ့ကိုလဲ"

"ဘယ်သူရှိရမလဲ. . . ဘုရားတရား မေ့ပြီး အကြောက်လွန်နေတဲ့ ဦးသန်းဖေပဲပေါ့"

ထိုစကားကြောင့် မိမိတို့အိမ်မှာ ကျန်ခဲ့သော ဦးသန်းဖေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် များစွာစိတ်ပူပန်သွားမိလေသည်။

"ဒါ. . ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"သူ့ကို နိုင်တဲ့လူကို ခေါ်မှရမယ်၊ ထွန်းဇော်ကိုယ်ထဲမှာ ဝင်နေတဲ့ သဘက်ကြီးက နှစ်ပေါင်းအတော်ကြာအောင် သဘက်ဘဝနဲ့ နေရတာဆိုတော့ တော်ရုံနဲ့ မရတော့ဘူး၊ ကိုင်း. . . တော်တို့ကို နှုတ်ဆက်ခဲ့ပါတယ်၊ ကျုပ်သွားတော့မယ်"

ဟု ပြောရာ ဦးဗန်ကောင်းက. . .

"ဒေါ်ငွေဇာ ခင်ဗျား ခုလိုပြောပြသွားတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် မသွားခင် ခင်ဗျားရဲ့မျက်နှာကို ကြည့်ပါရစေလား"

ဟု လှမ်းပြောလိုက်သည်။

"မကြည့်ချင်ပါနဲ့. . . ကျုပ်မျက်နှာက မသတီစရာ ကောင်းလောက်အောင် ပုံပျက်ပန်းပျက် ဖြစ်နေပါပြီ"

"ရပါတယ်. . . ကျုပ် သတိထားပြီး ကြည့်ပါမယ်"

"ဒီလောက်ကြည့်ချင်မှတော့ မူလရုပ်အတိုင်းတော့ မကြည့်ချင်ပါနဲ့. . . မတော်ပါဘူး၊ သင့်သလောက်သာ ကြည့်ကြပါတော့"

ဟု လှမ်းပြောသဖြင့် နီမောင်က လက်ထဲမှာ ကိုင်ထားသော လက်နှိပ်မီးဖြင့် လှမ်းထိုးလိုက်သည်။

"ဟာ. . ."

ဒေါ်ငွေဇာ၏မျက်နှာကို မြင်လိုက်ရသောအခါ နှစ်ယောက်စလုံး ထိတ်လန့်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

မျက်နှာပြင်ပေါ်မှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါက်များ





မပါပဲ ပုတ်အက်အက်ကြီး ဖြစ်နေသောကြောင့်ပင်၊ ထို့နောက်တော့ ၎င်း၏ပုံရိပ်မှာ နောက်ဘက်အမှောင်ရိပ်ထဲသို့ တရွေ့ရွေ့ ဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ အတွင်းသို့ ဝင်သွားကြပြီး မီးရောင်ဖြင့် ထိုးရှာကြည့်သောအခါ စောစောက ဒေါ်ငွေဇာ ထိုင်သွားသောနေရာတွင် ရုပ်တုကလေးကို ပြန်တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း ( ၁၀ )

# သန့်စက်ထဲမှ ဖုတ်ဝင်နေသော အလောင်း

ရုပ်တုကလေးကို ပြန်ရသောအခါ နှစ်ယောက်သား ပြန်ခဲ့ကြလေသည်။

ဒေါ်ငွေဇာ ပြောသွားသည့်အတိုင်းဆိုလျှင် ဦးသန်းဖေ တစ်ယောက် အန္တရာယ်ကျရောက်တော့မည့် နိမိတ်လက္ခဏာ ရှိနေချေပြီ။

အိမ်သို့ ပြန်ရောက်သောအခါ သန်းခေါင်ယံအချိန်သို့ ရောက်နေပြီ၊ သူတို့ ပြန်ရောက်သွားသောအချိန်တွင် ဦးအောင်ရှိန်နှင့်

☺ မောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျင်မေတို့က ထိုင်စောင့်နေသည်ကို တွေ့ရသည်။

"အဖေ ဘာဖြစ်လို့လဲဟင်"

"မင်းတို့ ပြန်အလာကို စောင့်နေတာ၊ ဒီမှာတော့ အတော်ကြောက်စရာကောင်းတာတွေ တွေ့ကြရတယ်"

"ဘယ်လိုတွေ့တာလဲဟင်"

"မင်းတို့ ထွက်သွားပြီး သိပ်မကြာပါဘူး၊ အပြင်ဘက်က ခြေသံလိုလို ကြားလိုက်ရလို့ ထွက်ကြည့်လိုက်တော့ အမှောင်ရိပ်ထဲမှာ ရပ်နေတဲ့ မည်းမည်းကြီးကို တွေ့ရတာပဲ"

နီမောင်တို့ ထွက်သွားသောအချိန်မှာ ညဦးပိုင်းအချိန်ဖြစ်လေသည်။

အိမ်မှာ ဦးဘရှိန် ဒေါ်ကျင်မေတို့အပြင် နီမောင် ခေါ်ထားသော ဦးသန်းဖေလည်း ရှိနေလေသည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့မှာ ဘာသာတရား ရှိသေလေးစားကြသူများ ဖြစ်ကြသဖြင့် ဘုရားစင်ရှေ့တွင် ဘုရားရှိခိုးခြင်း၊ ပရိတ်တရားတော် ပဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်နေကြလေသည်။

ဦးသန်းဖေကတော့ ကုလားကပြားတစ်ဦးဖြစ်ပြီး အခြားဘာသာဝင် ဖြစ်သောကြောင့် တစ်နေရာမှာ ငှူငှူကြီး ထိုင်ကာ ဆေးပေါ့လိပ်ကို မီးညှိကာ ထိုင်ဖွာနေသည်။

၎င်းတို့သုံးယောက်တည်း ကျန်ခဲ့သောအချိန်တွင် ဦးဘရှိန်တို့နှစ်ယောက်က ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးနေကြသဖြင့် သူတစ်ယောက်တည်း အပြင်ထွက်ထိုင်နေလေသည်။





အပြင်ဘက်မှာ မီးရောင်မရှိသဖြင့် မှောင်မည်းနေသည်။ ဦးသန်းဖေမှာ ထိုသို့ထိုင်နေရင်းမှပင် တစ်ည အိပ်မက်ထဲမှာ တွေ့ခဲ့ရသော ထွန်းဇော်၏ကြောက်မက်ဖွယ်ကောင်းသော ပုံသဏ္ဌာန်ကြီးကို သတိရနေလေသည်။

ထိုအချိန်တွင် မလှမ်းမကမ်းမှ သူ့ဆီကို လာနေသော မည်းမည်းသဏ္ဌာန်ကြီးကို အရင်လှမ်းမြင်ရသည်။

ဦးသန်းဖေက နီမောင်တို့ ပြန်လာပြီအထင်နှင့် အသေအချာ ကြည့်သော်လည်း မျက်လုံးက သိပ်မကောင်းလှသောကြောင့် သဲကွဲစွာ မမြင်ရပေ။

မလှမ်းမကမ်း ရောက်လာသောအခါ အပုတ်နံ့က အရင်ရလာသည်။

"ဟင်. . ."

ထိုအခါမှ ဦးသန်းဖေမှာ အိပ်မက်,မက်ခဲ့သော ထွန်းဇော်၏ပုံရိပ်သဏ္ဌာန်ကို ပြန်သတိရလာတော့သည်။

ယိုင်တိယိုင်တိုင်နှင့် လျှောက်လာသော ထိုသဏ္ဌာန်ကြီးမှာ တဖြည်းဖြည်းနှင့် သူထိုင်နေသောနေရာ အိမ်အနီးသို့ ရောက်လာတော့သည်။

ထိုအခါမှ ကြောက်မက်ဖွယ်ကောင်းလှသော ထွန်းဇော်၏ ပုံပန်းသဏ္ဌာန်ကြီးကို မြင်ရပြီး ကြောက်လန့်တကြား နေရာမှ ထရပ်လိုက်သည်။

အိမ်ထဲမှ ဦးဘရှိန်တို့၏ဘုရားရှိခိုးသံ၊ ပရိတ်ရွတ်သံများက မှန်မှန်ပေါ်နေသောကြောင့် ဖုတ်ဝင်နေသော အလောင်းကောင်က



www.burmeseclassic.com

www.burmeseclassic.com



အိမ်အနီးကိုတော့ တိုးမလာဝံ့ပေ။

ဦးသန်းဖေကိုသာ သူ့ဆီသို့ လာခဲ့ရန် ဂုဏ်း၏လှုပ်ယမ်းနေသောလက်ဖြင့် လက်ယပ်ခေါ်နေသည်။

ထွန်းဇော်၏ဘေးနှစ်ဘက်သို့ တွဲလောင်းကျနေသော လက်နှစ်ဖက်နှင့် တလှုပ်လှုပ် တယမ်းယမ်း ဖြစ်နေခြင်းမှာ သူ့ကို လာပါဟု လှမ်းခေါ်နေသည်ဟုပင် ဦးသန်းဖေ စိတ်ထဲမှာ ထင်နေမိသည်။

သူသည် ကြောက်လန့်ဖွယ်ရာ မြင်ကွင်းကြောင့် ဆောက်တည်ရာ မရတော့လောက်အောင်ဖြစ်ပြီး အိမ်အောက်သို့ ဆင်းပြေးလေတော့သည်။

ဘုရားရှိခိုးနေကြသော ဦးဘရှိန်တို့က အပြင်ဘက်မှ တဝုန်းဝုန်းနှင့် ဆင်းပြေးသွားသော ခြေသံကြားရသဖြင့် နေရာမှ ထလာပြီး တံခါးပေါက်မှ လှမ်းကြည့်သောအခါ ဦးသန်းဖေကို မတွေ့ရတော့ပဲ မလှမ်းမကမ်း အမှောင်ရိပ်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကိုသာ မသဲမကွဲ လှမ်းမြင်ရသဖြင့် တံခါးကို ပြန်ပိတ်လိုက်ကြလေသည်။

"သူ ဘယ်ကိုရောက်သွားပြီလဲတော့ မသိဘူး၊ အမေတို့ ထွက်ကြည့်တော့ မည်းမည်းသဏ္ဍာန်ကြီးကို တွေ့တာနဲ့ တံခါးပြန်ပိတ်ထားလိုက်တာပဲ"

ဟု ဒေါ်ကျင်မေကပါ ဝင်ပြောသည်။

ထိုစကားကြားသောအခါ ဒေါ်ငွေဇာ ပြောလိုက်သည့် အတိုင်းဆိုလျှင် ဦးသန်းဖေတစ်ယောက် ဒုက္ခရောက်တော့မည်ကို





ရိပ်မိသောကြောင့် စိတ်ပူသွားလေသည်။

"ဘယ်လိုလုပ်မလဲ အဘ"

"ငါတို့နှစ်ယောက် ဦးသန်းဖေကို လိုက်ရှာရင်ကောင်းမယ်၊ သွေးရူးသွေးတန်းနဲ့ လျှောက်ပြေးနေရင် သူဒုက္ခရောက်တော့မယ်"

ဟု ဦးဗန်ကောင်းကပါ ပြောသဖြင့် နှစ်ယောက်သား အပြင်ဘက်သို့ တစ်ကျော့ပြန်ထွက်ခဲ့ကြသည်။

အချိန်က မနည်းလှတော့ပေ။

သန်းခေါင်ယံအချိန်သို့ ရောက်ပြီမို့ အဝေးဆီမှ သန်းခေါင်ကြက်တွန်သံများကို ကြားကြရသည်။

လမိုက်ရက်ဖြစ်သောကြောင့် အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်ဆိုသော်လည်း ကြယ်ရောင်အချို့ကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

နှစ်ယောက်သား ရွာထဲ ဝင်၍ရှာကြည့်သောအခါ ဦးသန်းဖေ၏အစအနကို မတွေ့ရသလို ထူးခြားမှုလည်း မရှိပေ။ သူတို့ကို လှမ်းမြင်တော့ ခွေးများက လှမ်းဟောင်ကြသည်။ ရွာထဲမှ လူများ နိုးနေလျှင်လည်း အပြင်သို့ ထွက်ဝံ့ကြမည် မဟုတ်သောကြောင့် ရွာထဲမှာလည်း သူတို့နှစ်ယောက်တည်း ရှိနေသည်။

ဤသို့ဖြင့် နေရာအနှံ့ လိုက်ရှာရင်းမှ စိတ္တသုခ ဆန်စက်ခန်း အတွင်းသို့ တစ်ကျော့ပြန်ရောက်လာကြပြန်သည်။ ထုံးစံအတိုင်း စက်ဝန်းထဲမှာ အမှောင်ထုများက ဖုံးလွှမ်းထားလေသည်။

သူတို့လှမ်းကြည့်လိုက်တော့ မေရုံပေါက်ဝမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကို အရင်လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ. . . ဟိုမှာ"

"ဒါက အရေးမကြီးဘူး၊ ဦးသန်းဖေကို တွေ့အောင်ရှာရမယ်၊ အသံတောင် မကြားရဘူး ဖြစ်နေတယ်"

"မေရုံဘက်နား သွားကြည့်မလား"

"သွားကြည့်တာပေါ့"

ဟု တိုင်ပင်ကာ နှစ်ယောက်သား မေရုံအခန်းဘက်သို့ လာခဲ့ကြသည်။

ဆန်စက်၏မေရုံအခန်းဘက်သို့ ဝင်သောအပေါက်မှာ ထုံးစံအတိုင်း ဘေးနှစ်ဖက်၌ ရှိသည်။

ထိုနေရာ ရောက်ကာနီးတော့ အပေါက်ဝမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်က အတွင်းပြန်ဝင်သွားသည်။

မေရုံအပေါက်သို့ ဝင်သောတံခါးမှာ ပိတ်မထားသောကြောင့် အနည်းငယ် ဟနေလေသည်။

ဆန်စက်နံဘေးသို့ ရောက်သောအခါ အတွင်းဘက်ဆီမှ ညည်းညူသံသဲ့သဲ့ ကြားကြရသည်။

"အ. . . ဟင်း. . . ဟင်း"

"အတွင်းက လူညည်းသံ ကြားရတယ် အဘ၊ ဦးသန်းဖေများ ပြေးရင်းလွှားရင်းနဲ့ ဆန်စက်ထဲ ရောက်နေသလား မသိဘူး"

"ဝင်ကြည့်မှ သိရမှာပေါ့"

ဟု ပြောကာ ဟနေသော တံခါးပေါက်မှ အတွင်းသို့ ဝင်ခဲ့ကြသည်။

အပြင်မှာက ကြယ်ရောင်များကြောင့် အလင်းရောင် အ





နည်းငယ် ရှိနေသေးရာ ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်လေသည်။

ဆန်စက်တွင်း ရောက်လာတော့မှ အလင်းရောင်ဟူ၍ တစ်စွန်းတစ်စမှ မရှိတော့ဘဲ ပိန်းပိတ်အောင် မှောင်ကျသွားတော့သည်။

နီမောင်က လက်ထဲမှ လက်နှိပ်မီးဖြင့် နေရာအနှံ့ လိုက်ထိုးကြည့်လိုက်သည်။

ဆန်စက်ပိတ်ထားသောကြောင့် ဖွဲမှုန့် ဖုံမှုန့်များက နေရာအနှံ့ ဒုတက်နေသည်။

အမိုးမျက်နှာကြက်တန်းများကြားမှာ ခိုအောင်းနေကြသော လင်းနို့နှင့် လင်းဆွဲများမှာ မီးရောင်ကြောင့် အလန့်တကြား ထပျံနေကြသည်။

နီမောင်က အသံကြားရာနေရာမှန်သမျှ မီးရောင်ဖြင့် ထိုးကြည့်ရင်း အတွင်းသို့ ဝင်လာကြသည်။

အတွင်းဘက်၌ ဦးစွာတွေ့ရသောနေရာမှာ ဆန်ချောချသည့်နေရာဖြစ်သည်။

ထိုနေရာမှတစ်ဆင့် မေရုံကို ကျော်ပြီး စက်ခန်းရှိရာဘက်သို့ သတိနှင့် ဝင်လာကြသည်။

တဟင်းဟင်းနှင့် ငြီးငြူသံ ကြားနေရသောနေရာမှာ မေရုံအောက်ဖက်၌ ရှိသော စက်ခန်းအတွင်းမှ ဖြစ်သည်။

စက်ခန်းမှာ နောက်ဘက်၌ သီးသန့်ထားသော်လည်း သွားရေပတ်ကြိုးကြီးများက မေရုံအောက်ဖက်၌ ရှိသော စက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ဖြစ်သည်။

စက်ခန်းမှာ နောက်ဘက်၌ သီးသန့်ထားသော်လည်း သားရေပတ်ကြိုးကြီးများက မေရုံအောက်၌ ရှိလေသည်။

ငင်းသားရေပတ်ကြိုးကြီးများကြားမှာ ညပ်ပါသွားသော ကြောင့် ထွန်းဇော် သေခဲ့ရခြင်းဖြစ်၏။

ထိုနေရာရောက်တော့ အင်ဂျင်ခန်းအတွင်းမှ စက်နှိုးသံ လိုလို ကြားလိုက်ရပြီး ဦးစွာ မီးလုံးများ လင်းလာသည်။

"ဟင်. . ."

နီမောင်တို့မှာ အံ့သြဖွယ်ကောင်းသော အခြေအနေ ကြောင့် များစွာထိတ်လန့်သွားကြလေသည်။

မီးလင်းလာတော့မှ မေရုံကြားမှာ ညပ်ကာ မတ်တတ်ကြီး ဖြစ်နေသော ဦးသန်းဖေကို တွေ့ကြရသည်။

နှစ်ယောက်သား အနီးသို့ သွားကြည့်သောအခါ ဦးသန်းဖေ မှာ ဇလားလွတ်နှစ်ခုကြားမှာ မတ်တတ်အနေအထားဖြစ်ကာ သေဆုံးနေလေပြီ။

ငင်းမှာ မသေမီက ကြောက်ရွံ့ထိတ်လန့်ဖွယ်တစ်ခုခုကို တွေ့မြင်ရဟန်ဖြင့် မျက်လုံးပြူးထွက်နေပြီး မျက်နှာမှာ ရုပ်ပျက်ဆင်း ပျက်ဖြစ်နေလေသည်။

နီမောင်နှင့် ဦးဇန်ကောင်းတို့က ဦးသန်းဖေကို ဇလားနှစ်ခု ကြားမှ ဆွဲထုတ်ရန် ကြိုးစားကြသည်။

ထိုအခိုက်မှာပင် နောက်ဘက်စက်ခန်းအတွင်းမှ စက်သံက တဖြည်းဖြည်းနှင့် ကျယ်လောင်လာကာ ဆန်စက်ကြိုးများက လည်





ပတ်စ ပြုလာချေပြီ။

သူတို့နှစ်ယောက် ရောက်နေသောနေရာမှာ သားရေပတ် ကြိုးနှစ်ခုကြား၌ ဖြစ်သည်။

သားရေပတ်ကြိုးများက အရှိန်ဖြင့် လည်ပတ်လာပြီ ဖြစ် သောကြောင့် ဦးသန်းဖေအလောင်းမှာ ဆွဲထုတ်၍ မရတော့ပဲ အရှိန်ဖြင့် ညပ်ပါသွားလေတော့သည်။

ထို့ထက်. . .

သားရေပတ်ကြိုးများက အရှိန်ဖြင့် လည်နေပြီဖြစ်သော ကြောင့် အတွင်းသို့ ရောက်နေသော နီမောင်တို့ နှစ်ယောက်မှာ အပြင်ထွက်၍ မရတော့ပေ။

"အဘ့စက်ပိတ်ထားတာ စက်ခန်းထဲမှာ လူလည်း မရှိပဲနဲ့ ဘာကြောင့် စက်လည်နေတာလဲ"

"ထွန်းဇော် ရောက်နေလို့သာ ဖြစ်မှာပေါ့"

ဦးဇန်ကောင်းက အလွယ်တကူ ပြောလိုက်သော်လည်း နီမောင့်စိတ်ထဲမှာတော့ စိုးရိမ်စိတ် ဝင်သွားလေသည်။

အရှိန်ဖြင့် လည်နေသော သားရေပတ်ကြားမှာ ညပ်နေ သော ဦးသန်းဖေ၏အလောင်းမှာလည်း အပေါ်ရောက်လိုက် အောက်သို့ ရောက်လာလိုက် ဖြစ်နေသည်။

အတန်ကြာတော့ နှာခေါင်းထဲသို့ အပုတ်နံ့ ဝင်လာသည်။

လှည့်ကြည့်လိုက်သောအခါ စက်ခန်းထဲမှ လူတစ်ယောက် ထွက်လာသည်။

ထွန်းဇော်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မူလရုပ်တော့ မရှိတော့ပေ။

မျက်နှာက ဖောင်းအစ်နေပြီး မျက်လုံးက အပြင်စူထွက်နေသည်။ ပါးစပ်က ရွဲ့စောင်းနေကာ အထဲမှ သွားများက အပြင်သို့ ခေါထွက်နေသည်။

ခြေနှင့်လက်တို့မှ စက်ညပ်ထားသောကြောင့် အရိုးများက အပိုင်းပိုင်း ကျိုးနေရာ ရုပ်သေးရုပ်ကဲ့သို့ ဖြစ်နေသည်။

ဖုတ်ဝင်နေသောအလောင်းက နီမောင်တို့ ရှိနေရာ မေရုံခန်းဘက်သို့ လျှောက်လာသည်။

နီးလာလေလေ အပုတ်နံ့က ပိုများလာလေလေ ဖြစ်၏။ မလှမ်းမကမ်း ရောက်လာတော့ အသံသြသြကြီးနှင့် လှမ်းပြောလေသည်။

“မင်းကြောင့် ငါသေရတာ၊ မင်းတို့လည်း ငါသေသလို သေရစေ့မယ်”

နီမောင်က ဘာမှ ပြန်ပြောမနေတော့ဘဲ လက်ထဲမှာ ပါလာသော ရုပ်တုကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ရသမျှ ပရိတ်တော်များကိုသာ ရွတ်ဆိုနေတော့သည်။

အကယ်၍သာ ဖုတ်ဝင်နေသော အလောင်းက အတွင်းသို့ ဝင်လာပါက သူတို့နှစ်ယောက်အတွက် ပြေး၍မရတော့ပေ။

တဝိုးဝိုး လည်ပတ်နေသော သားရေပတ်ကြိုးနှစ်ခုကြားမှ အပြင်ထွက်ရန် ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပေ။

ဖုတ်ဝင်နေသော အလောင်းကလည်း သားရေပတ်ကြိုးများကို ကျော်၍ အတွင်းသို့ ဝင်ရန် ဟန်ပြင်နေသည်။





နီမောင်တို့မှာလည်း ပရိတ်တရားတော်များကို ရသမျှ ရွတ်နေရုံမှလွဲ၍ အခြားမတတ်နိုင်တော့ပေ။

ထိုအခိုက်မှာပင် အလောင်းကောင်က အတွင်းသို့ ဝင်ရန် သားရေပတ်ကြိုးပေါ်မှ ခြေတစ်ဖက် လှမ်းကျော်လိုက်သည်။

ပထမက ပုံမှန်အတိုင်း ရှိနေသော အလောင်းမှာ အပေါ်မှ ခွကျော်လိုက်သောအခါ ခြေထောက်က အရှည်ကြီး ဖြစ်သွားလေတော့သည်။ ခြေတစ်ဖက် လှမ်းကျော်ရန် ဟန်ပြင်နေခိုက်မှာပင် နောက်ဘက်မှ အသံတစ်သံ ပေါ်ထွက်လာသည်။

“ဟဲ့. . . ကိုယ့်နေရာကိုယ် ပြန်ပါတော့လား”

ထိုအသံကြားသည်နှင့် ရှည်ထွက်နေသော ခြေထောက်က ပြန်တိုဝင်သွားရာ စက်နှင့် မလွတ်တော့ပဲ ညပ်ပါသွားတော့သည်။

“ဝေါ. . . ဝေါ. . . ဝေါ”

အလောင်းကောင် စက်ထဲ ညပ်ပါသွားသည်နှင့် စက်လည်း ထိုးရပ်သွားလေတော့သည်။

စက်ရပ်သည်နှင့် မီးလုံးများက ပြန်မှိတ်သွားလေတော့သည်။

မီးရောင်မရှိတော့သည်နှင့် စက်ဝန်းတစ်ခုလုံး မှောင်ကျသွားတော့သည်။

သို့သော် အပုတ်နံ့များကတော့ ရှိနေဆဲပင်။

နီမောင်က လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်လိုက်သောအခါ ကြမ်းပြင်ပေါ်မှာ အပိုင်းပိုင်းပြတ်ကာ တစ်စစီဖြစ်နေသော ထွန်း[illegible]၏အလောင်းနှင့် စက်ညပ်သဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းဖေ၏အလောင်းတို့ကို စိတ်မကောင်းစွာ တွေ့မြင်ရသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ လူတစ်ယောက် ထွက်လာလေသည်။ လွယ်အိတ်ဟောင်းတစ်လုံးကို လွယ်ကာ တောင်ဝှေးတစ်ချောင်းနှင့် ခရီးသွားနေသော အဘိုးအိုပင် ဖြစ်တော့သည်။

"ဟင်. . . အဘ ဘယ်က ရောက်လာတာလဲဟင်"

"ငါ့မြေးကို ကူညီစောင့်ရှောက်ဖို့ ပြန်ရောက်လာတာပေါ့ကွယ်၊ ဒီလူတွေကတော့ သူတို့ရဲ့လောဘစိတ်က သူတို့ကို ပြန်သတ်တာနဲ့ မိသားစုတွေအားလုံး သေခဲ့ကြရပြီ၊ အခုတော့ အားလုံးပြီးသွားပါပြီ"

ဟု ပြောလေသည်။

"ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး အဘ၊ သူတို့အတွက် ဘာလုပ်ပေးရမလဲဟင်"

"ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတန်း ဝေပေးလိုက်ပါကွယ်၊ ကိုယ်ပေးဝေတဲ့အမျှ ရတော့လည်း သင့်တင့်တဲ့နေရာ ရောက်ကြမှာပေါ့၊ အရေးကြီးတာက ငါ့မြေးဆီမှာ ရှိနေတဲ့ ရုပ်တုလေးကို အဝတ်နဲ့ ပတ်ပြီး ငှက်ပျောဖောင်ပေါ် တင်ပြီး ပင်လယ်ဝကနေ မျှောချပေးလိုက်ပါကွယ်"

"စိတ်ချပါ အဘ၊ ကျွန်တော် လုပ်ပါ့မယ်၊ ကျွန်တော်တို့ကို လာပြီးကူညီပေးတာ ကျေးဇူးတင်ပါတယ်၊ အဘကို ကန်တော့ပါရစေ"

ဟု ပြောကာ ဦးဇန်ကောင်းနှင့် နီမောင်တို့နှစ်ယောက်က ထိုင်ကာ ကန်တော့လိုက်ကြသည်။





ကန်တော့နေစဉ် ပထမတော့ ဆုပေးသံလိုလို ကြားနေရပြီး မော့ကြည့်လိုက်သောအခါ အဘိုးအိုကို မတွေ့ရတော့ပေ။

သူတို့အတွက်တော့ ထူးထူးထွေထွေ အံ့သြမှု မဖြစ်မိကြတော့ပေ။





www.burmeseclassic.com

www.burmeseclassic.com






## အခန်း ( ၁၁ )

# မေတ္တာရှိချက် ချစ်တာသက်ဝေ

**နောက်**တစ်နေ့ နံနက်စောစောအချိန် နီမောင်တစ်ယောက်တည်း ဆိပ်ကမ်း၌ သမ္ဗာန်ပြင်နေစဉ် ခင်မေရီ ဆင်းလာသည်။ နီမောင်က ဘဲဥတောင်း၊ ကြက်ဥတောင်းများကို ထမ်းချပေးသည်။ အချိန်က အရုဏ်တက်ချိန်ပင် ရှိသေးသည်။

ဆိပ်ကမ်းမှ ထွက်လာသောအခါ ခင်မေရီက ပြောသည်။

"မနေ့က သတင်းကြားရတာ ငါဖြင့် ကြောက်လိုက်တာ နီမောင်ရယ်၊ နင်တို့သာ တစ်ခုခုဖြစ်သွားရင်တော့ အခက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခုခုဖြစ်သွားရင် နင့်ကို သမ္ဘာန်ခတ်ပို့ပေးမယ့်သူ မရှိမှာစိုးလို့လား၊ ဒီတော့လည်း တခြားသမ္ဘာန်နဲ့ သွားပေါ့ဟာ"

"နင်ကလည်းဟယ်. . . နင့်အတွက် တကယ်စိုးရိမ်လို့ ပြောတာပါ၊ ဒါပေမယ့် အခုအဖြစ်အပျက်တွေက အတော့်ကို ထူးဆန်းတယ်နော်၊

အဲဒီအဘနဲ့ တွေ့ရတာ ငါ့အမေရဲ့နာတာရှည်ရောဂါလည်း ပျောက်သွားခဲ့တယ်၊ နင်တို့လည်း အိမ်အသစ်တစ်လုံး ရလိုက်ကြတယ်"

"ထွန်းဇော်တို့ မိသားစု သုံးယောက်စလုံး အသေဆိုးနဲ့ သေကြတာတော့ စိတ်မကောင်းစရာပဲ"

"ဒါကတော့ သူတို့က လောဘမသတ်နိုင်လို့ အခုလိုဖြစ်ကြရတာပဲ၊ ဒါထက် အဲဒီအရုပ်ကလေးကရော နင့်ဆီမှာ ရှိသေးလားဟင်"

"အေး. . ရှိသေးတယ်၊ ဒါပေမယ့် ဒီကနေ့တော့ ပင်လယ်ဝမှာ သွားမျှောပေးရမယ်၊ နင့်ကို ကီလီဆိပ်ကမ်းကို ပို့ပေးပြီးရင် ငါ အဲဒီကို သွားရမှာ"

"ငါလည်း လိုက်ခဲ့မယ်လေ၊ ဘဲဥကြက်ဥ ရောင်းပြီးတာနဲ့ နင်နဲ့ ပြန်လိုက်ခဲ့မယ်၊ ခဏလေး စောင့်နေနော်"

ဟု ပြောသဖြင့် ကီလီသို့ ရောက်သောအခါ ခင်မေရီအတွက် ဝိုင်းကူပေးပြီး နှစ်ယောက်သား သမ္ဘာန်ဖြင့် ပြန်ထွက်လာခဲ့ကြသည်။

ထိုအချိန်မှာ မိုးလင်းကာစအချိန်မို့ ရန်ကုန်မြစ်အတွင်းမှာ





အလင်းရောင်အချို့က ဖြန့်ကျက်စ ပြုနေချေပြီ။

မြစ်အတွင်းမှာတော့ မြစ်ဝကျွန်းပေါ်ဘက်မှ ဝင်လာသော သင်္ဘောကြီးငယ်များ စက်လှေသမ္ဘာန်များ၊ ဒလဘက်မှ ကူးလာသော ကူးတို့သမ္ဘာန်များ၊ ရေလယ်၌ ကျောက်ချထားသော ပင်လယ်ကူး သင်္ဘောကြီးများကို နေရာအနှံ့ လှမ်းမြင်နေရသည်။

မြစ်အတွင်းမှာ ရေကျချိန် ဖြစ်သောကြောင့် ရေစုန်အတိုင်း အောက်ဘက်သို့ စုန်ဆင်းလာခဲ့ကြသည်။

ရန်ကုန်မြစ်ဝနား နီးသောအခါ အဝတ်နှင့် ပတ်ထားသော ရုပ်တုကလေးကို ငှက်ပျောဖောင်ပေါ် တင်ပြီးနောက် ရေထဲသို့ မျှောချလိုက်လေတော့သည်။

ငှက်ပျောပင်ဖောင်ကလေးမှာ ရေစီးနှင့်အတူ တရွေ့ရွေ့ မျောပါသွားလေတော့သည်။

နီမောင်တို့မှာ ထိုဖောင်ကလေး တဖြည်းဖြည်းနှင့် ဝေးကာ ပျောက်ကွယ်သွားတော့မှ သမ္ဘာန်ကို အထက်သို့ ပြန်ဆန်တက်ခဲ့ကြလေတော့သည်။

ထိုအချိန်မှာ ရေပြန်တက်တော့မည် ဖြစ်သဖြင့် ရေစီးအရှိန်ကလည်း တဖြည်းဖြည်း လျော့သွားပေပြီ။

သို့ကြောင့် သမ္ဘာန်ကို ကမ်းနံဘေးမှ ကပ်ကာ တဖြည်းဖြည်း ဆန်တက်လာလေသည်။

အချိန်ကလည်း မနက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် အလင်းရောင်က ကောင်းစွာရနေချေပြီ။

"နီမောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာလဲ"

"လိုချင်တဲ့ဆု တောင်းလို့ရတဲ့အရုပ်ကလေးရတုန်းက နင် ဘာဆုတောင်းသလဲဟင်"

"အိမ်သစ်တစ်လုံး ရပါစေလို့ ဆုတောင်းလိုက်တာလေ၊ ငါတို့အိမ်ကလေးကို စီဘီတွဲက ဝင်တိုက်ပြီး လျော်ကြေးရတာနဲ့ အိမ်သစ်တစ်လုံး ရတာပါပဲ"

ပြောရင်း နီမောင်က ရယ်နေလေသည်။

"နင် တခြားဆုလေးဘာလေး မတောင်းချင်ဘူးလား၊ ဟို. . ချမ်းသာပါစေဆိုတဲ့ဆုမျိုးပေါ့"

"အဘဦးဝန်ကောင်းက ပြောဖူးတယ်၊ ဥစ္စာပစ္စည်းဆိုတာ ကိုယ်လိုချင်တိုင်း မရဘူးတဲ့၊ ရှေးဘဝက အတိတ်ကုသိုလ်ကံ ပါလာမှ ရတာတဲ့၊

ဒါကြောင့် လိုချင်တိုင်းလည်း ရချင်မှ ရတာ၊ မလိုချင်ပဲနဲ့ လည်း ရချင်ရတာပဲ၊ ငါက အဲဒီဆုမျိုး မတောင်းချင်ပါဘူး"

"နင်က ဘယ်လိုဆုမျိုး တောင်းချင်လို့လဲ"

"ဟိုဟာ. . . တခြားတော့ မဟုတ်ပါဘူး၊ ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရပါစေဆိုတဲ့ဆုမျိုးတော့ တောင်းချင်တာပေါ့"

"ဒီလိုဆုမျိုး တောင်းရအောင် နင့်မှာ ရည်စူးထားတဲ့သူရော ရှိနေလို့လား"

"အင်း. . . ရှိတာပေါ့"

"ဟင်. . . ဘယ်သူလဲ၊ ငါ့ကို ပြောပါလား"

"နင်ပြောပေးမှာမို့လား"





"ပြောသင့် ပြောပေးရမှာပေါ့"

"အဲဒီလို အကူအညီပေးရင် အခုပဲ ပြောပေးပေတော့"

"သမ္ဘာန်ထဲမှာ နင်နဲ့ငါ နှစ်ယောက်တည်း ရှိတာ ငါက ဘယ်သူ့ကို ပြောပေးရမှာလဲ"

"တခြားလူ ပြောပေးစရာ လိုတာမှ မဟုတ်တာ၊ ငါသဘော ကျနေတာက တခြားလူ မဟုတ်ဘူး. . . နင့်ကိုပဲလေ"

"နီမောင်နော်. . . သမ္ဘာန်ပေါ်မှာ တစ်ယောက်တည်း ပါလာတယ်ဆိုပြီးတော့ ပေါက်ကရစကားတွေ လျှောက်ပြောမနေနဲ့"

ခင်မေရီက ဘေးတိုက်ထိုင်နေရာမှ ရှေ့ဘက်သို့ မျက်နှာ လွှဲသွားလေသည်။

"ငါ နောက်နေတာ မဟုတ်ပါဘူး၊ အတည်ပြောနေတာပါ၊ ငါ နင့်ကို သဘောကျတယ်၊ စိတ်ထဲကလည်း မေတ္တာရှိနေတယ်၊ အဲဒါ နင့်သဘောကို သိချင်တယ်"

"ဟင်. . . အခုချက်ချင်းကြီး ငါက ဘယ်လိုပြန်ပြောရမှာ လဲ၊ နင်က မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်ပန်တာ အခုပြော အခုရမယ်လို့များ ထင်နေလို့လား"

"ဒီလိုတော့ မထင်ပါဘူး၊ နင် စဉ်းစားနိုင်အောင်လို့ ဖွင့်ပြော တာ၊ စဉ်းစားပြီးတော့မှ အဖြေပေးလေ"

"နေစမ်းပါဦး. . . နင်က အခုချက်ချင်းကြီး ဘယ်လိုထဖြစ်ရ တာလဲ"

"ငါ့စိတ်ထဲမှာ နင့်ကို မေတ္တာရှိနေတာကတော့ အတော် ကြာနေပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အကြောင်းကြောင်းတွေ ထောက်နေရလို့ ဖွင့်မပြောဖြစ်တာပါ၊ အခုတော့ နင့်အမေလည်း ရောဂါပျောက်သွားပြီ၊ ငါတို့လည်း အိမ်အသစ်ဆောက်ပြီးလို့ ဖွင့်ပြောတာပါ"

ခင်မေရီက အရှေ့ဘက်သို့ မျက်နှာမူထားရင်းမှ အတန်ကြာအောင် ငြိမ်သက်နေလေသည်။

ရေစီးအားလျော့သွားပြီမို့ သမ္ပာန်လေး ညောင်ပင်လေးဆိပ်ကမ်းနား နီးလာလေပြီ။

"နင် စျေးဝယ်ဦးမှာလား ခင်မေရီ"

"အင်း. . ."

"ငါစောင့်ပေးရဦးမှာလား"

"စောင့်မပေးလို့ ငါက ဘယ်သူနဲ့ ပြန်ရမှာလဲ"

"မသိပါဘူး. . . ငါပြောတာ စိတ်ဆိုးနေလို့ တခြားသမ္ပာန်နဲ့များ ပြန်မှာလားလို့ မေးတာပါ"

ခင်မေရီက နောက်ဘက်သို့ မျက်စောင်းတစ်ချက် လှည့်ထိုးသည်။

ထိုမျက်စောင်းနှင့်အတူ အပြုံးရိပ်ကလေးတစ်ချက်ပါ မြင်လိုက်ရသောကြောင့် စိတ်ထဲမှာ ပျော်သလိုလို ဖြစ်သွားလေသည်။

"ငါ့ကို တခြားလူတစ်ယောက်နဲ့ အတူတူပြန်မှာကို မြင်ချင်တယ်ဆိုရင်တော့ ထားခဲ့ပေါ့"

"မထားခဲ့ပါဘူးဗျာ. . . မထားခဲ့ပါဘူး၊ နင့်ကို တစ်သက်လုံး ငါ့မျက်စိအောက်မှာ ထားဖို့ စိတ်ကူးနေတာပါ"

ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်ရာ ခင်မေရီမျက်နှာပေါ်မှာ





ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(သုသာန်မြေမှ နိုးထလာသောဝိညာဉ်)အမည်ရှိသည့် ပရဆန်းကြယ်ဝတ္ထုမှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ရေးပြီးချိန် ။ ။ (၂၀၀၉)ခုနှစ်၊ ဧပြီလ(၁၀)ရက်၊
သောကြာနေ့၊ည(၉)နာရီ။



BURMESE CLASSIC .com
www.burmeseclassic.com